www.burmeseclassic.com

SPW

# စောပြည့်မာလာ

## သက်ထားနားလည်နိုင်ပါစေ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# စောပြည့်မာလာ

## သက်ထားနားလည်နိုင်ပါစေ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | (၁၄၈၈/၂၀၀၄) (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၁၀၇၀၅၀၁ |
| ကွန်ပျူတာစာစီ | ဒွန်း |
| ဒီဇိုင်း | AUNG HLAING BWA |
| ထုတ်ဝေခြင်း | ပထမအကြိမ်၊ ၂၀၀၅၊ ဖေဖော်ဝါရီလ |
| တန်ဖိုး | (၂၀၀)ကျပ် |
| စာအုပ်ရေ | (၅၀၀)အုပ် |
| ထုတ်ဝေသူ | ဒေါ်စိန်လှလှသန်းရင်(၃၆၆၀) စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ (၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊ ဗိုလ်ရွာမရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀) (၁၅၂) ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊ (၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊ ဗိုလ်ရွာမရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၅၄၉၂၇၀ |




## စောပြည့်မာလာ

# သက်ထား နားလည်နိုင်ပါစေ

## - တစ် -

ကျွန်တော်သည် ကော်ဖီကိုတစ်ငုံချင်းသောက်နေရာမှ ဖိုင်တစ်ခုထဲမှအကြောင်းအရာတွေကို ဖတ်နေဖြစ်ပါ၏

ဟင်း…

ဖတ်နေဆဲမှ သက်မမောကို ကျွန်တော် ချဖြစ်သည်။ ပြီးတော့ ကျွန်တော်သည် အကြောင်းအရာတွေဆီ အတန်ကြာကြည့်ကာ စဉ်းစားသလိုရှိပြီးမှ မတ်ခွက်ထဲမှလက်ကျန်ကော်ဖီကို ကျွန်တော် အပြီးသတ်သောက်လိုက်၏။

သည့်နောက် ကျွန်တော်သည် ဖိုင်တွဲကိုနေရာတကျသိမ်းဆည်းလိုက်ပြီး အခန်းထဲမှထွက်ခဲ့လိုက်၏။

ကျွန်တော်သည် တစ်ကိုယ်တည်းမို့ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ရှိပါသည်။

ကျွန်တော်သည် ကော်ဖီကိုလွန်စွာ ကြိုက်နှစ်သက်သူဖြစ်သည်။ ဒီညအဖို့ ကျွန်တော် ညစာကိုမစားချင်တော့...။

သည့်အတွက် ကျွန်တော်သည် ရေမချိုးခင် ကော်ဖီတစ်ခွက်ကို မတ်ခွက်နှင့်အပြည့်ဖျော်ထားလိုက်သည်။

ပြီးတော့ ပေါင်မုန့်နှစ်ချပ်၊ ကြက်ဥပြုတ်နှစ်လုံးနှင့်ဝက်အူချောင်းနည်းနည်းကို ကျွန်တော် ကြော်ထားလိုက်သည်။

ရေချိုးပြီးလျှင် နားနားနေနေ၊ နေရင်း စာဖတ်ရင်းဖြင့် ကျွန်တော် စားသောက်ရန်အတွက် ပြင်ဆင်ထားခြင်းပါ...။

မီးဖိုထဲကြော်လှော်လိုက်ရ၍ ကျွန်တော်လည်း ချွေးပြန်သွားပြီဖြစ်သည်။

အားလုံးပြီးစီးသွားပြီမို့ ကျွန်တော်သည် ကိုယ်ပေါ်မှစွပ်ကျယ်ကိုချွတ်ပြီး ရေမိုးချိုးတော့ရန်အတွက် အခန်းထဲသို့ပြန်ဝင်ခဲ့လိုက်လေ၏။

သည့်နောက် ကျွန်တော်သည် ရေချိုးခန်းထဲဝင်ပြီး ရေကို စိမ်ပြေနပြေချိုးလိုက်သည်။

အား...





ကျွန်တော်သည် ရေနှင့်အတွေ့၌ လတ်ဆတ်အားရသွား၏။ ကျွန်တော်၏ကိုယ်စိတ်နှလုံးသုံးပါးသည်လည်း အေးမြကာ လတ်ဆတ်လန်းဆန်းသွားလိုက်ရပါလေ၏။

ကျွန်တော်သည် အချိန်အတန်ကြာသည်အထိ ရေစိမ်ကာ ချိုးပစ်လိုက်၏။

ထို့နောက်...

ကျွန်တော်သည် ရေချိုးပြီး၍ ရေချိုးခန်းတံခါးအား ဖွင့်လိုက်ချိန်မှာပင်...

ကရင်..ရင်..ရင်...

ကျွန်တော့်အိပ်ရာခုတင်ခေါင်းရင်းနားမှ ဖုန်းမြည်လာသဖြင့် မျက်နှာသုတ်ပဝါဖြင့် ကိုယ်ပေါ်မှရေတွေကိုသုတ်ရင်း ဖုန်းလေးအနီးသို့ ကျွန်တော် ရောက်ခဲ့ပါသည်။

တစ်ဆက်တည်းလည်း ကျွန်တော့်ယာဘက်လက်တစ်ဖက်က ဖုန်းကလေးကို ကောက်ကိုင်နားထောင်လိုက်ပြီး...

"ဟဲလို..အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် ခင်ဇော်ငြိမ်း ပြောနေပါတယ်..."

လိုရင်းတိုရှင်းစကားကို ကျွန်တော် တစ်ဆက်တည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

"ဩော်..ကိုခင်ဇော်ငြိမ်း ကျွန်တော် ဦးမျိုးကျော်ပါ.."

"ဩော်..ဆရာ ဦးမျိုးကျော်လား၊ ဟုတ်ကဲ့ ဆရာ အမိန့်ရှိပါခင်ဗျာ..."

တစ်ဖက်မှ ကျွန်တော့်အထက်ကအရာရှိ ဆရာ ဦးမျိုးကျော်ရဲ့ ဖုန်းဖြစ်နေသည်မို့ ခင်မင်မှုနှင့်လေးစားမှုတို့ပိုကာ ကျွန်တော် ဆိုဖြစ်ပါသည်။

"ကိုခင်ဇော်ငြိမ်း..."

"ဗျာ..."

"ဒီည ဧည့်ခံပွဲဟုတ်လား ဆရာ..."

ကျွန်တော် နားမလည်သလို ပြန်မေးမိသည်။

တကယ်တော့ ကျွန်တော်သည် ကနက်သီရိမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်မှာ သည်နေ့ပေါင်းမှ တစ်ရက်နှင့် တစ်နေ့ပင်ရှိသေးသောကြောင့်...

ထိုညဧည့်ခံပွဲသည် ကျွန်တော်နှင့်မည်သို့သက်ဆိုင်နေပါသနည်းဟု အတွေးပေါက်သွားရခြင်းကြောင့်ပါ...။

"ဟုတ်တယ် ကိုခင်ဇော်ငြိမ်း၊ အဲ့ဒါ ကိုခင်ဇော်ငြိမ်းကို





လည်း ဧည့်ခံပွဲကိုတက်ရောက်ဖို့ လိုလိုလားလား ဖိတ်ခိုင်းလိုက်လို့ပါ..."

"ကျွန်တော့်ကိုဖိတ်ခိုင်းတယ်၊ ဘယ်သူကဖိတ်ခိုင်းတာပါလိမ့် ဆရာ..."

"ဧည့်ခံပွဲလုပ်တဲ့ အလှူရှင်ကိုယ်တိုင်ကပဲပေါ့ ကိုခင်ဇော်ငြိမ်း..."

"အင်း..အလှူရှင်ကဘယ်သူလဲ ဆရာရဲ့..."

"ကနက်သီရိက ကိုစောသက်ထွေးလေ..."

"ဗျာ..အဟော်၊ ကနက်သီရိက ကိုစောသက်ထွေးဟုတ်လား ဆရာ..."

"ဟုတ်တယ် ကိုခင်ဇော်ငြိမ်း၊ သူကိုယ်တိုင်ပဲ ဖိတ်ခိုင်းလိုက်လို့ပါ..."

"အဟွန်း..ဟွန်း ကိုယ်တိုင်ဖိတ်ချင်တဲ့သူက ဘာလို့ တစ်ဆင့်ဖိတ်ခိုင်းနေသေးလဲဗျာ...

ကိုယ်တိုင်ဖိတ်ချင်ရင် လူမလာနိုင်တာတောင်မှ ကိုစော သက်ထွေးကိုယ်တိုင် တယ်လီဖုန်းနဲ့ကိုယ်တိုင်ဖိတ်ပါလို့ ပြောပေးပါ ဆရာ...



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို မလေးစားသလို ကျွန်တော် ပြောမိရင် ခွင့်လွှတ်ပါ ဆရာ...”

“အားဟားဟား ကိုခင်ဇော်ငြိမ်းတို့ကတော့ ဒါတွေကြောင့်လည်း ပွဲတိုင်းမှာနာမည်ကြီးခဲ့တာဖြစ်မယ် ဟဲ..ဟဲ..ဟဲ”

“ကျွန်တော် သူများကိုကြောတာတော့ မဟုတ်ပါဘူး ဆရာ၊ ကြီးကျယ်တာလည်းမဟုတ်ပါဘူး...

ကျွန်တော့်စိတ်ဓာတ်နဲ့ကျွန်တော့်အကျင့်ကိုက ဒီအတိုင်းမို့လို့ပါ ဆရာ၊ အလှူရှင်ကိုယ်တိုင်ကဖိတ်ရင် ဒီညဧည့်ခံပွဲကို ကျွန်တော် သွားပါ့မယ်...

အဲဒီစကားသာ ကနက်သီရိမြို့က ကိုစောသက်ထွေးဆိုသူကို တဆိတ်လောက် ဆရာ ပြန်ပြောပေးပါခင်ဗျာ...”

“ကောင်းပါပြီ ကိုခင်ဇော်ငြိမ်း၊ ကိုခင်ဇော်ငြိမ်းရဲ့ လုပ်ရပ်ကိုတော့ ကျွန်တော် သဘောကျသွားပါပြီ...”

ကျွန်တော့်ကို ချီးမွမ်းစကားဆိုနေသဖြင့် ကျွန်တော် တိတ်ဆိတ်နေလိုက်ရပါသည်။

“ကဲ..ကိုခင်ဇော်ငြိမ်း...”

“ပြောပါ ဆရာ...”





“ကနက်သီရိမြို့က ကိုစောသက်ထွေးဆီကို ကိုခင်ဇော်ငြိမ်းက အဲဒီလိုပြောလိုက်ပါတယ်လို့ ကျွန်တော် ဖုန်းဆက်ပြောပေးပါ့မယ်...”

“ကျေးဇူးတင်ပါတယ် ဆရာ...”

ဆရာ ဦးမိုးကျော် ဖုန်းချသွားပြီမို့ ကျွန်တော် ဖုန်းလေးကို ချလိုက်ရပါသည်။

ဖုန်းချပြီးသည်နှင့် မှန်ရှေ့ရပ်ကာ ကျွန်တော် ခေါင်းဖြီးသည်။ အဝတ်လဲသည်။

ကျွန်တော့်လှုပ်ရှားမှုတွေသည် အခြေအနေပေါ်တွင်လိုက်၍ ညက်ညောနေတတ်ပါသည်။

ကျွန်တော်သည် လူကသာအဝတ်လဲခေါင်းဖြီး လှုပ်ရှားနေပေမယ့်၊ ကျွန်တော့်ဦးနှောက်နှင့်စိတ်အစဉ်ကဖြင့်...

ရန်ကုန်ရုံးချုပ်ကြီးမှ ကနက်သီရိမြို့သို့ ကျွန်တော် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်အကြောင်း...

ကနက်သီရိမြို့က စောခန့်စံအိမ်ကြီးအကြောင်း၊ စောခန့်စံအိမ်ပိုင်ရှင် ကိုစောသက်ထွေးအကြောင်း...။

ပြီးတော့၊ စောခန့်စံအိမ်ပိုင်ရှင်၊ သို့မဟုတ် ကိုစောသက်



www.burmeseclassic.com

www.burmeseclassic.com



ခန့်၏ တစ်ဦးတည်းသောအစ်မ ဒေါက်တာ စောသက်ထား…

ထို…ထိုသောအကြောင်းများ၏ အတွေးပေါင်းများစွာတို့သည် ကျွန်တော့်ဦးနှောက်အာရုံကြောနှင့်ဆဲလ်များကြားတွင် ပြည့်လျှံပြီးငြိမ်းရှိနေခဲ့သည် မဟုတ်ပါတကား…။

ကျွန်တော်သည် အဝတ်လဲရင်း တွေးတောရင်းဖြင့် ညစာထမင်းစားရန် အချိန်ကိုကြည့်လိုက်ပါသည်။

ညနေငါးနာရီထိုးပြီဖြစ်သည်။ ညစာအတွက် ထမင်းစားထွက်ရန် အခန်းထဲမှ ကျွန်တော် ထွက်မည်အပြု…

ကရင်…ရင်…ရင်…

စူးရှစွာမြည်လာသည့် ဖုန်းမြည်သံက ကျွန်တော့်အားဆွဲခေါ်ထားလိုက်မှုကြောင့် ဖုန်းကို ကောက်ကိုင်နားထောင်လိုက်ရပြန်ပါချေ၏။

“ဟဲလို…ကျွန်တော် ခင်ဇော်ငြိမ်းပါ…”

“ဟုတ်ကဲ့ခင်ဗျာ ကိုခင်ဇော်ငြိမ်း၊ ကျွန်တော် စောသက်ထွေးပါ…”

“အဟွန်း…”

တစ်ဖက်မှကြားလိုက်ရသည့် စကားသံခပ်ရှရှကြောင့်





ကျွန်တော် သဘောကျစွာစိတ်ထဲ ပြုံးဖြစ်လိုက်ပါသည်။

“ဩော်…ကဲ ဆို ကိုစောသက်ထွေး…”

“ကျွန်တော် ကိုခင်ဇော်ငြိမ်းကို ဒီညညစ်ခံပွဲလာဖို့ ကိုယ်တိုင်ဖုန်းထပ်ဆက်တာပါ…”

“ကောင်းပါပြီ၊ ကျွန်တော် လာခဲ့ပါ့မယ်…”

“ညစ်ခံပွဲက ခုနစ်နာရီစမယ် ကိုခင်ဇော်ငြိမ်း…”

“စိတ်ချပါ၊ ကျွန်တော် နောက်မကျစေရပါဘူး…”

“စောခန့်စံအိမ်ကို ကိုခင်ဇော်ငြိမ်း လာတတ်ပါတယ်နော်…”

“သတင်းကြီးလှတဲ့ စောခန့်စံအိမ်ပဲဗျာ၊ အဟွန်း…ဟွန်းဟွန်း…”

ကျွန်တော် ရိလိုက်ခြင်းမဟုတ်ပါ။ အမှန်အတိုင်း စောခန့်စံအိမ်ပိုင်ရှင် ကိုစောသက်ထွေးအား ကျွန်တော် ပြောလိုက်ခြင်းဖြစ်သည်။

“အဟွန်း…ဟွန်း ကျွန်တော် ညစ်ခံပွဲကို မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ တက်ရောက်ဖြစ်အောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ကြွပါလို့ ထပ်ဆင့်ဖိတ်ခေါ်ပါတယ် ကိုခင်ဇော်ငြိမ်း…”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုစောသက်ထွေး ကျွန်တော် လာခဲ့ပါမယ်၊ အခုလို ကနက်သီရိကိုရောက်လာပြီး တာဝန်ထမ်းဆောင်နေရတဲ့ ကျွန်တော့်လိုမျက်နှာစိမ်း အမှုထမ်းတစ်ယောက်ကို အလေးအနက် ဖိတ်ခေါ်တဲ့အတွက် ကျွန်တော်ကလည်း အထူးပဲဂုဏ်ယူကျေးဇူး တင်ပါသတဲ့ဗျာ…"

"ဒါကတော့ ကိုခင်ဇော်ငြိမ်းတို့လို အရာရှိတွေနဲ့လည်း ခုလိုဧည့်ခံပွဲတွေမှာ တွေ့ဆုံရင်းနှီးခင်ရဖို့အတွက် ကျွန်တော်က သိပ်လိုလားမှုလည်းရှိနေလို့ပါ ကိုခင်ဇော်ငြိမ်း…"

"အဟော်..ဟော် အေးဗျာ၊ အဲဒီလိုဆိုလည်း မိတ်ဖြစ် ဆွေဖြစ် တွေ့ကြသေးတာပေါ့ဗျာ၊ ဟုတ်ပြီလား…"

"လူဂုဏ်ထန်တွေအားလုံးကို ကျွန်တော် ဖိတ်ထားပါတယ်၊ ကိုခင်ဇော်ငြိမ်းကို အချိန်မီ ကျွန်တော် မျှော်လင့်နေမယ်"

"စိတ်ချပါ၊ ကဲ..ဒါပဲမဟုတ်လား ကိုစောသက်ထွေး"

"ဟုတ်ကဲ့၊ ဒါပါပဲ…"

ကျွန်တော် ဖုန်းကိုပြန်ချလိုက်သည်။ ကျွန်တော့်အကြည့်တွေမှာ ဖုန်းလေးဆီ၌သာရှိနေသေးသည်။

ကျွန်တော့်နှုတ်ခမ်းတွေသည် ကျေနပ်ခြင်းဖြင့် ပြုံးနေမည်





မှာပါ။ ကျွန်တော် အိပ်ခန်းတွင်းမှဧည့်ခန်းဆီသို့ ထွက်ခဲ့ပါသည်။

စောစောကအပြင်ထွက်ပြီး ထမင်းစားမည့်အစီအစဉ်အား ခေတ္တအချိန်ဆွဲနေလိုက်သည်။

ဧည့်ခန်းတွင် အေးအေးလူလူထိုင်ရင်း စီးကရက်သောက်နေလိုက်သည်။ စီးကရက်ငွေ့များသည် ကျွန်တော့်ဝန်းကျင်တွင် ပလူပျံ့နေကြ၏။

ကျွန်တော့်စိတ်မျက်ဝန်းထဲတွင်မတော့ စောခန့်စံအိမ်သည် ကျွန်တော့်အား လက်ကမ်းလာလေပြီ…။

စောခန့်စံအိမ်နှင့်ပတ်သက်၍ ကျွန်တော်တို့ ရဲအရာရှိများ ဂုဏ်သိက္ခာကျဆင်းမှုအပိုင်းတွေ များစွာရှိခဲ့သည်။

ကနက်သီရိမြို့မှ စောခန့်စံအိမ်သည် လွန်စွာနာမည်ကြီးပါ၏။ ကောင်းခြင်းအဖြာဖြာဖြင့်တော့မဟုတ်…။

ကြီးမားပြင်းထန်သော ရာဇဝတ်ပြစ်မှုများ ကျူးလွန်ဖောက်ဖျက်နေခြင်းအား…

ယခု နေ့၊ ရက်၊ အချိန်အထိ ပိရိစွာလုပ်ဆောင်နေနိုင်ခြင်းအတွက် ဂုဏ်သတင်းကြီးနေခြင်းပါတည်း…။

ပိရိသောရာဇဝတ်မှုလုပ်ဆောင်ချက်များအား ရဲအရာရှိများ



www.burmeseclassic.com

www.burmeseclassic.com



မဖော်ထုတ်နိုင်ခဲ့ကြ၊ အလုပ်ပြုတ်၍ ဂုဏ်သိက္ခာကျဆင်းခဲ့သူလည်း ရှိခဲ့ကြပါသည်။

ဘာပဲပြောပြော စောခန့်စံအိမ်ကြောင့် ရဲအရာရှိများဂုဏ်သိက္ခာ ကျဆင်းနာမည်ပျက်ခဲ့ရပါ၏။

ကျွန်တော် အတွေးများနှင့်လျှစ်ခနဲ သွားတို့စေ့ကြိတ်မိ၏။ ရင်ထဲမှာလည်း ပေါက်ပေါက်ကွဲကွဲ ကျွန်တော် ပြုံးနေဖြစ်ပါသည်။

ကျွန်တော်သည် ဘာမထီထိပ်သီး ခင်ဇော်ငြိမ်းအမည်များဖြင့် ကင်ပွန်းတပ်ခံထားရသူ...။

ကျွန်တော့်တွင် မိဘနှစ်ပါးစလုံး ကွယ်လွန်ခဲ့ကြပြီးဖြစ်သည်။ ဆွေမျိုးညာတိနည်းပါးသည်။

ဥတစ်လုံးတစ်ကောင်ကြွက်၊ ရဲအရာရှိဝန်ထမ်းဘဝနှင့် ကျွန်တော်သည် တကယ့်ထိပ်နေရာများတွင်သာ တာဝန်ထမ်းဆောင်နေရတတ်သူ...။

ယခု...

မှန်သည်။

ကျွန်တော်သည် ကနက်သီရိမြို့မှ နာမည်ကြီးလှသည့် စောခန့်စံအိမ် ရာဇဝတ်အိမ်ကြီးအား အမှုန့်ချေပစ်ရန်အတွက်...





ရန်ကုန်ရုံးချုပ်မှ တာဝန်ပေးအပ်ခြင်းခံရကာ ကနက်သီရိမြို့သို့ တစ်နေ့ကပင် ရောက်ရှိခဲ့သည်မဟုတ်ပါတကား...။

× × × × ×

ညခုနစ်နာရီ...။

ကျွန်တော် မောင်းနှင်လာသော ဂျစ်ကားလေးသည် စောခန့်စံအိမ်ခြံဝန်းကြီး၏ ဂိတ်တံခါးပေါက်ကြီးရှေ့သို့ ရောက်လာခဲ့ပါပြီ...။

ကျွန်တော့်ကားမီးရောင်ကိုမြင်တော့ ဂိတ်စောင့်တစ်ယောက် ထွက်လာပြီး...

"ဘယ်ကလာတဲ့ကားပါလဲခင်ဗျာ..."

တာဝန်ကျဂိတ်စောင့်က တလေးတစားမေးလာလေ၏...

"ခင်ဇော်ငြိမ်း..."

ကျွန်တော်က ကျွန်တော့်အမည်ကို လှမ်းပြောလိုက်ရပါသည်။

"ဟုတ်ကဲ့ ဆရာ၊ ခဏကလေးစောင့်ပါခင်ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း..ဟွန်း..."

ကျွန်တော်သည် စောခန့်စံအိမ်၏ ကြီးကျယ်ခန်းနားသော စနစ်ကြီးအား စိတ်ထဲမှရယ်ဖြစ်ပါ၏။

အဘယ်ကြောင့်ဆိုသော်...

ညနေ့ခံပွဲလုပ်ပါသည်ဆိုသော စောခန့်စံအိမ်၏ ခြံဝင်းတံခါး ပေါက်သည် ကြွရောက်လာမည့်ညနေ့ပရိသတ်များအတွက် အသင့် ပွင့်လျက်မရှိပါဘဲနှင့်...

ညနေ့ခံပွဲဖိတ်ထားခြင်းခံရသည့် လူဂုဏ်တန်များလောက် သာ စောခန့်စံအိမ်၏ ဂိတ်တံခါးဖွင့်ပေးရန်အတွက်...

ဂိတ်စောင့်သည် သည်နှာမည်စာရင်းစာရွက်ရှည်ကြီးနှင့် ချပ်သုံးချပ်ကိုလှန်လျောကာ ကျွန်တော့်အမည်အား စာရင်းစာရွက် ထဲ ရှာဖွေနေသောကြောင့် မဟုတ်ပါတကား...။

"ဩော်..ဟုတ်ကဲ့ ဆရာ၊ ကြွပါခင်ဗျာ..."

တအောင့်ကြာတော့ ကျွန်တော့်အမည်စာရင်းအား ဂိတ် စောင့်ရှာဖွေတွေ့ရှိသွားပြီး ဂိတ်တံခါးကို ဖွင့်ပေးသဖြင့်...

စောခန့်စံအိမ်ခြံဝင်းကျယ်ကြီးထဲသို့ ကျွန်တော်သည် ကား ကိုဆက်၍ မောင်းနှင်ခဲ့ပါလေ၏။





ညအချိန်မို့ စောခန့်စံအိမ်ကြီးသည် မည်၍မည်မျှ ကျယ် ဝန်းနေကြောင်း ကျွန်တော် မသိပါ...။

အလျှံငြီးငြီးထိန်ငြီးနေပါသည့် ညနေ့ခံပွဲလုပ်နေပါသော စောခန့်စံအိမ်တိုက်ကြီးဆီသို့ရောက်ရန်...

ကျွန်တော်သည် ကားကိုဆယ်မိနစ်တိတိထပ်၍ မောင်းခဲ့ ရပါလေ၏။

စောခန့်စံအိမ် အဆောက်အဦးကြီးရှေ့သို့ ကျွန်တော့်ကား ရောက်လာသည်ကို မြင်သည်နှင့်...

ကားနေရာချထားပေးမှုအစီအစဉ်ဖြင့် အလုပ်သမားနှစ်ဦး ရောက်လာပြီး ကျွန်တော့်ကားရပ်ရမည့်နေရာအား အဆင်ပြေပြေ စီစဉ်ပေးပါသည်။

ကားရပ်ပြီး ကားပေါ်မှမဆင်းခင် ဝန်းကျင်ကို ကျွန်တော် အကဲခတ်ကြည့်လိုက်ပြီးသားဖြစ်သည်။

နောက်ဆုံးပေါ်လူဂုဏ်တန်တွေသာ စီးကြသည့်ကား သူလှတွေက စောခန့်စံအိမ်ရှေ့၌ စနစ်ကျစွာစီတန်းလျက် ရောက်ရှိ နေကြပြီဖြစ်၏။

ကျွန်တော်သည် ကားပေါ်မှဆင်းလိုက်ပြီး စောခန့်စံအိမ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးအား တစ်ချက်မျှ မော့ကြည့်မိပါသည်။

ညအချိန်မီးရောင်တို့နှင့်ပင် စောခန့်စံအိမ်အဆောက်အဦးကြီးကား အမည်နှင့်လိုက်အောင်ပင် နန်းပြာသဒ်ကြီးအလား အံ့ချီးဘနန်းဟိန်းလျက်ရှိပါတကား…။

ကျွန်တော်သည် စောခန့်စံအိမ်တိုက်ကြီးဆီသို့ တစ်လှမ်းချင်းဝင်လျှောက်ခဲ့ပါသည်။

လက်မှနာရီဆီ တစ်ချက်အကြည့်တွင် ဆယ်မိနစ်သာသာလေးခန့် ကျွန်တော် နောက်ကျနေပါ၏။

ကျွန်တော်သည် စောခန့်စံအိမ်ကြီးထဲသို့ ရောက်လာခဲ့ပါပြီ…။

စောခန့်စံအိမ်ထဲတွင်ကား အမျိုးသမီး၊ အမျိုးသားလူဂုဏ်ထန်အသိုင်းအဝန်းမှလူများဖြင့်သာ ပြည့်လျှံ၍နေပါ၏။

ထိုကဲ့သို့သောပွဲနှင့်နေရာမျိုးများ၌ လင်းယုန်ငှက်အလား ကျွန်တော့်မျက်ဝန်းအစုံသည် လျှင်ပါးထက်မြက်စွာရှိနေတတ်ပါ၏။

ကျွန်တော့်ခြေလှမ်းတွေ ရှေ့ဆက်၍မသွားတော့ဘဲ ပန်းပုမီးတိုင်ငယ်တစ်ခုအနီး၌ ကျွန်တော် ရပ်လိုက်ပါသည်။

ကျွန်တော် ခြေစုံအရပ်၊ အကြည့်တစ်ချက်အလွဲ၌ တန်းဆုံ





သွားရသည်က စားပွဲတစ်နေရာတွင် ထိုင်နေသည့် အမျိုးသမီးတစ်ဦး၏အကြည့်နှင့် တန်းတိုးသွားရပါ၏။

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ကိုထည့်ပြီး အမျိုးသမီးကို ကျွန်တော် စိုက်ကြည့်ဖြစ်ပါသည်။

အမျိုးသမီးသည် မဆိုးပါ…။ ခေတ်ဆန်သောအပြင်အဆင်တို့ဖြင့် ချောမွေ့ပြေပြစ်ပါ၏။

ကျွန်တော် ကြည့်ဆဲ အမျိုးသမီးသည် စားပွဲမှထကာ လူများကြားမှ ကျွန်တော့်ထံသို့ ရောက်လာခဲ့ပါလေ၏။

"အခုမှရောက်လာတာထင်တယ်…"

"ခင်ဗျား ကျွန်တော့်ကိုသိလား…"

အမျိုးသမီးအမေးကိုမဖြေဘဲ ကျွန်တော် သိချင်သည့် မေးခွန်းကိုသာ အမျိုးသမီးကိုစေ့စေ့ကြည့်ပြီး ကျွန်တော် မေးဖြစ်သည်။

"မသိလဲဘဲ အခုသိအောင်လုပ်ရင် ရတာပဲမဟုတ်လား"

"အာ…အဟွန်း၊ ဒါလည်းဟုတ်တာပေါ့…"

"ရှင့်နာမည်…"

"ခင်ဇော်ငြိမ်း…"



www.burmeseclassic.com

www.burmeseclassic.com



"ခုလိုသိရတာဝမ်းသာပါတယ်…"

"ရှင်နေတာက…"

"အမှတ်(၄)ရပ်ကွက်မှာ…"

"သြော်..မို့မို့နေတာကတော့ ရပ်ကွက်(၆)မှာပါ၊ မိတ်ဖြစ်ဆွေဖြစ် ရှင်အားတဲ့အခါလာခဲ့ပါလား…"

"ဟာ..ခေါ်တဲ့သူကခေါ်တော့ လာရမှာက ကျွန်တော့်တာဝန်ပဲ အဟွန်း..ဟွန်း…"

ကျွန်တော်က အရွှန်းဖောက်ကာဆိုပါသည်။ မို့မို့သည် ကျွန်တော်က အမေးမရှိရပါဘဲနှင့် သူမကကြီးသာ စကားတွေပြောဆိုသွားပါ၏။

"ရှင့်ကို ဒီညည့်ခံပွဲလာဖို့ ဘယ်သူဖိတ်သလဲ…"

"ကိုစောသက်ထွေးကိုယ်တိုင်ပဲဗျာ၊ ဒါပေမဲ့ ကျွန်တော့်အတွက် ဌကျနေတာက အဲ့ဒီ ကိုစောသက်ထွေးကို ဖုန်းနဲ့တစ်ခါပဲ စကားပြောဖူးတယ်…

လူချင်းမရင်းနှီးသေးဘူး၊ မရင်းနှီးဆို လူချင်းခုလိုအပြင်မှာ တစ်ခါမှတောင် မမြင်ဖူးသေးဘူးဗျာ…"

"ဟင်..ဟုတ်လား…"





"ဟုတ်တယ်…"

"ဒါဖြင့် ဒေါက်တာ စောသက်ထားနဲ့ကော…"

"ဒေါက်တာ စောသက်ထားဆိုတာ ဘယ်သူလဲ…"

ကျွန်တော် တမင်ပင်မေးဖြစ်ပါသည်။ တစ်နည်းအားဖြင့် မို့မို့ဆိုသည့်အမျိုးသမီးအား ရောနိုင်သမျှရော၍ သွေးတိုးစမ်းစပ်စုလိုက်ခြင်းပါ…။

ကျွန်တော့်အမေးအတွက် မို့မို့သည် မျက်ခုံးလေးတစ်ဖက်လှလှလေးဖြင့်ချီကာ ကျွန်တော့်ကို ညကြည့်လေးလိုလိုကြည့်လာရင်းက…

"ဟင်..ဒေါက်တာ စောသက်ထားကိုလည်း မသိဘူး၊ ဟုတ်လား…"

"ဒေါက်တာ စောသက်ထားဆိုတာ ကိုစောသက်ထွေးရဲ့ အစ်မလေ…"

"အေး..မသိဆိုလည်း ဒေါက်တာ စောသက်ထားက"

"ဟား..ကိုခင်ဇော်ငြိမ်း၊ ဘယ်လိုလဲဗျာ၊ ကျွန်တော်တို့က စောင့်လိုက်ရတာ၊ ခင်ဗျားက ဒီမှာ စကားကောင်းနေတာကိုး…"

မို့မို့ စကားတို့ကိုနှားထောင်နေဆဲ ကြားဖြတ်ဝင်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကျွန်တော့်အမည်ကိုခေါ်ကာ ရင်းနှီးစွာဆိုလာသော အမျိုးသားတစ်ယောက်အသံကြောင့်…

ကျွန်တော်သည် ဖျတ်ခနဲအသံလာရာဆီသို့ လှမ်းကြည့်ဖြစ်လိုက်ပါ၏။

"ကိုစောသက်ထွေး…"

ကျွန်တော့်စိတ်မှ မှတ်ချက်ပါ။ သို့သော်လည်း ကျွန်တော်သည် သူ့အား သိနှင့်နေဟန်ကို လုံးဝမပြဘဲ ခပ်အန်းအန်းပုံစံဖြင့်နေပြလိုက်ပါသည်။

"ကိုခင်ဇော်ငြိမ်း ခင်ဗျားလာတာ ကျွန်တော် တကယ်ပဲ ဝမ်းသာတယ်ဗျာ၊ ကျွန်တော် စောသက်ထွေးပါ…"

"ဪ…ကိုစောသက်ထွေး…"

ထိုအခါမှ လက်ကိုဆွဲပြီး ကျွန်တော် နှုတ်ဆက်ပါသည်။

"လာ…ကိုခင်ဇော်ငြိမ်း၊ ဟိုမှာ ဦးမျိုးကျော်တို့လည်း စောင့်နေကြတယ်…"

ကျွန်တော့်လက်ကိုဆွဲပြီး ကိုစောသက်ထွေးဆွဲခေါ်သွားသဖြင့် မို့မို့ကို အားနာသောအကြည့်တစ်ချက်ဖြင့် ကျွန်တော်လှည့်ကြည့်ဖြစ်ခဲ့ပါ၏။





မို့မို့က ရသည်ဟူသောဟန်ပါပါမျက်ခုံးလေးတစ်ဘက်ချီပြပါသည်။ ဧည့်ပရိသတ်အပေါင်းကို ကိုစောသက်ထွေးက ကျွန်တော့်လက်ကိုမလွှတ်တမ်း ဆွဲခေါ်နေသဖြင့်…

ဧည့်ခံပွဲလာသော အတော်များများ၏အကြည့်တွေက ကျွန်တော့်အား စိတ်ဝင်တစား လှည့်ကြည့်နေကြပါ၏။

စားပွဲခုံတွေအတော်များများ ကျော်ဖြတ်ခဲ့ပြီးမှ ကျွန်တော်တို့ရဲ့အရာရှိများသာရှိကြသည့် သီးသန့်စားပွဲဆီသို့ ရောက်ခဲ့ပါ၏။

"ကိုခင်ဇော်ငြိမ်း နောက်ကျနေတာလား…"

"ဆရာရေ…ကိုခင်ဇော်ငြိမ်းက နောက်ကျနေတာမဟုတ်ဘူး၊ ဟိုမှာ အလှတစ်ပါးနဲ့စကားကောင်းနေတာ…"

အဟွန်း…အဟွန်း…

ဦးမျိုးကျော် အမေးအား ကိုစောသက်ထွေးက ကြားဝင်ဖြေသဖြင့် ကျွန်တော် ပြုံးဖြစ်ရပါသည်။

"ကဲ…ထိုင် ကိုခင်ဇော်ငြိမ်း၊ ပြီးတော့ ဒီမှာ ယမကာအမျိုးမျိုး ကြိုက်တာသုံးဆောင်ပါ…"

ကိုစောသက်ထွေး၏ ဧည့်ဝတ်ပြုစကားနှင့်ကျွန်တော်ထိုင်ခုံတစ်ခုံတွင် ထိုင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံ၌ ကျွန်တော် ထိုင်လိုက်သည်နှင့်ပင် တိုက်ဆိုင်မှု တစ်ခုက ကြုံရပြန်ပါသည်။ မှန်ပါ၏။

အမျိုးသမီးတစ်ဦး၏ အကြည့်နှင့်ပါ။ စားပွဲချင်းကပ်ရက်၊ အမျိုးသမီးနှင့်ကျွန်တော်သည် မျက်နှာချင်းဆိုင် အနေအထားတွင် ရှိပါ၏။

အမျိုးသမီး၏နှုတ်ခမ်းပါးရဲရဲတွေက ပြုံးနေသယောင် ကျွန်တော့်အား ဆွဲဆောင်နေသည်ဟု ထင်ရပါသည်။

ကျွန်တော် အမျိုးသမီးကို ကြည့်သည်။ ပြီးတော့ ကျွန်တော့်ရှေ့မှ ဖန်ခွက်ဆီပြန်ငုံ့ကြည့်ပြီး အရက်ကိုနည်းနည်းငုံ့ထည့်သည်။

အရက်ထည့်ပြီး ကျွန်တော့်အကြည့်တွေမှာ အမျိုးသမီး ထံ၌သာ ပြန်ရောက်သွားပါ၏။

ဒီအမျိုးသမီးက ဘယ်သူလဲ၊ ကြည့်ရတဲ့ပုံစံက ငါ့ကို သိနေသလိုပဲ၊ ဒေါက်တာ စောသက်ထားဆိုတာလား…

ဒေါက်တာ စောသက်ထား ဟုတ်မယ်မထင်ဘူး၊ ဒေါက်တာ စောသက်ထားဟာ လူတွေနဲ့ရှုပ်ရှုပ်ထွေးထွေး ဘယ်တော့မှ မနေဘူးလို့ပြောကြတယ်…





အင်း…

ကျွန်တော်သည် အရက်ဖန်ခွက်ကို နှုတ်ခမ်းတွင်တေ့ရင်း အမျိုးသမီးကိုလည်း ပေါ်တင်ပင်ပြန်ကြည့်ကာ စိတ်ထဲသုံးသပ်နေမိပါ၏။

"ကိုခင်မောင်ငြိမ်း…"

အမျိုးသမီးကိုကွယ်၍ရပ်လာပြီး ခေါ်လာသည့် ကိုစောသက်ထွေး မျက်နှာအား ထူးသိမပြုဘဲ ကျွန်တော် မော့်ကြည့်လိုက်သည်။

"ကြိုက်သလိုသုံးဆောင်ပါနော်၊ လိုအပ်တာရှိလည်း ပြောပါ ကိုခင်မောင်ငြိမ်း…"

"အဟွန်း..လုံလောက်တာထက် လွန်ကဲနေပါပြီဗျာ…"

ကိုစောသက်ထွေးမျက်နှာကို ခပ်ရှုးရှုးပင်ကြည့်ပြီး ဖန်ခွက်ထဲမှအရက်ကို တစ်ကြိုက်တည်းနှင့်ပင် ကျွန်တော် မော့်ချလိုက်သည်။

ကျွန်တော့်ဖန်ခွက်ထဲ ဦးမျိုးကျော်က အရပ်ထပ်ငှဲ့ပေးသည်။ ကျွန်တော်သည် အရက်ကိုသောက်သော်လည်း ခုမှ်နှစ်ခြိုက်မှုမျိုးတော့မထားပါ…။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝတွင် ခုံမင်နှစ်ခြိုက်မှုဟူသည် ယနေ့အထိ ဘာမှမရှိသေးသည်က အမှန်ပါတည်း…။

နောက်ထပ် ထည့်ထားသည့်အရက်ခွက်ကို ဆကိုင်ပြီး ပတ်ဝန်းကျင်မှစားပွဲတွေဆီ ကျွန်တော်လှည့်ပတ်ကြည့်မိသည်။

ထိုအခါ အမျိုးသမီးအတော်များများ၏ မျက်ဝန်းတွေနှင့်သာ ကျွန်တော် ဆုံတွေ့ရပါ၏။

အတွင်းနှုတ်ခမ်းသားကိုဖိကိုက်ပြီး တစ်စုံတစ်ရာကို ကျွန်တော် စဉ်းစားမိပါသည်။ သို့သော်လည်း ကျွန်တော် ဘာကိုမှ စဉ်းစား၍မရပါ…။

မျက်နှာချင်းစားပွဲဆီသို့ ကျွန်တော် အကြည့်များပြန်ရောက်ရှိက်တွင် ကိုစောသက်ထွေးမရှိတော့သဖြင့် စောစောကနှုတ်ခမ်းပါးနှင့်အမျိုးသမီးကို ကျွန်တော် ပြန်တွေ့ရပါ၏။

"အဟွန်း…"

စိတ်ထဲကပြုံးလိုက်ပြီး အမျိုးသမီးထံမှ အကြည့်ကို ကျွန်တော် လွှဲလိုက်သည်။ ဦးမျိုးကျော်ဘက် တစ်ချက် ကျွန်တော်ငဲ့ကြည့်ပြီး…

"ဆရာ…"





"ဆို…ကိုခင်ဇော်ငြိမ်း…"

အခေါ်နှင့်အထူး တိုးတိုးတိတ်တိတ်ပြုလုပ်လိုက်ကြသည်။

"ဟို…အမျိုးသမီးက ဘယ်သူလဲဗျာ၊ ကျွန်တော့်ရှေ့စားပွဲကအမျိုးသမီးကိုပြောတာ…"

"ဩော်…အဲဒါ ရီရီမိုးလေ၊ ကိုစောသက်ထွေးရဲ့မိတ်ဆွေနာမည်ကြီးသူဌေးသမီးတစ်ဦးပဲ…"

"ဩော်…ဩော်…ဒါနဲ့ ဒေါက်တာ စောသက်ထားကကော ဘယ်သူလဲ…"

"အာ…ဒေါက်တာ စောသက်ထားကို ခုလိုနေရာမျိုးမှာ ဘယ်တော့မှမတွေ့ရတတ်ဘူး ကိုခင်ဇော်ငြိမ်းရေ၊ ဒေါက်တာ့ကို တွေ့နိုင်တဲ့နေရာက တစ်နေရာပဲရှိတယ်…"

မေးဟာန်ပပအကြည့်နှင့်ပင် ကျွန်တော် ဦးမျိုးကျော်ကို ကြည့်နေလိုက်သည်။

ဦးမျိုးကျော်က လက်ကျန်အရက်ကိုမော့ချလိုက်ပြီးမှ စကားကိုဆက်သည်။

"ဆေးရုံမှာ…ဆေးရုံမှာပဲ ဒေါက်တာ စောသက်ထားကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်တယ်…”

“သြော်..ပြီးတော့ ကိုစောသက်ထွေးကကော လူပျိုလား…”

“ဟုတ်တယ် လူပျို၊ မောင်နှမနှစ်ယောက်စလုံး အိမ်ထောင်မရှိကြသေးဘူး…”

ကျွန်တော် ဆက်မမေးတော့ပါ။ ကျွန်တော်တို့စားပွဲဆီသို့ ကိုစောသက်ထွေးကလည်း လာနေပါသည်။

ကျွန်တော် နာရီကိုတစ်ချက်ကြည့်လိုက်သည်။ ဆယ့်နာရီထိုးလုပြီဖြစ်သည်။ ကျွန်တော်တို့စားပွဲဆီသို့ ကိုစောသက်ထွေး ရောက်လာသည်နှင့် ကျွန်တော်သည် ထိုင်ရာမှထလိုက်ပါသည်။

“ဘယ်ကိုလဲ ကိုခင်ဇော်ငြိမ်း…”

“ကျွန်တော် ပြန်တော့မယ် ကိုစောသက်ထွေး၊ ဆယ်နာရီထိုးတော့မယ်…”

“ဟင်..ကိုခင်ဇော်ငြိမ်းက မိုးလင်းအထိ မနေသွားဘူးလားဗျာ…”

“အာ..မိုးလင်းတော့ ကျွန်တော် မနေပါရစေနဲ့၊ ကျွန်တော်လည်း ဒီရောက်တာမကြာသေးဘူးဆိုတော့ ခရီးပမ်းတာ





လည်းရှိနေသေးလို့ပါ ကိုစောသက်ထွေး…”

“သြော်..အေးဗျာ၊ ဟုတ်တာပါပဲ၊ ကောင်းပါပြီ၊ ကောင်းပါပြီ ကိုခင်ဇော်ငြိမ်း ပြန်ချင်ပြန်ပါ…

ခုလို ကျွန်တော့်ညည့်ခံပွဲကိုလာပြီး ချီးမြှင့်တာကိုပဲ ကျွန်တော်က ကျေးဇူးတင်နေရပါတယ်ဗျာ…

နောင်လည်းပဲ စောခန့်စံအိမ်ကို ဝင်ပါထွက်ပါ ကိုခင်ဇော်ငြိမ်း၊ ကျွန်တော် ဖိတ်ခေါ်ပါတယ်…”

“ကောင်းပါပြီဗျာ၊ ကဲ..ကျွန်တော် သွားမယ်…”

“ကောင်းပြီ..ကိုခင်ဇော်ငြိမ်း…”

“ဆရာ ကျွန်တော် ပြန်မယ်၊ ကျွန်တော့်အိမ်ကနည်းနည်းလှမ်းတော့ ခုကတည်းကပြန်မှ…”

“ကောင်းပြီ ကိုခင်ဇော်ငြိမ်း၊ ကျွန်တော်တို့လည်း တစ်အောင့်ကြာရင်တော့ပြန်မှာပါ…”

အားလုံးကိုမျက်လုံးနှင့်ထပ်ဝေကြည့်ပြီး နှုတ်ဆက်ကာ စောခန့်စံအိမ်တော်ကြီးထဲမှ ကျွန်တော် ပြန်ထွက်ခဲ့ပါသည်။ စောခန့်ဆင်ဝင်ထွက်ပေါက်နားသို့ရောက်သော်…

အင့်…



www.burmeseclassic.com

www.burmeseclassic.com



အာ…

မွှေးပျံ့သောအမျိုးသမီးတစ်ဦး၏ ကိုယ်လုံးလေးသည် ဘယ်ကဘယ်လို ကျွန်တော့်ရင်ခွင်ထဲသို့ ရောက်လာမှန်းမသိပါ။

ကျွန်တော်သည် ရုတ်တရက်မို့ လန့်သွားရပြီးမှ အမျိုးသမီး၏ ပခုံးနှစ်ဖက်မှဆွဲကိုင်လိုက်ပြီး…

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ…"

"သင်းသင်းယု…"

အင်း…ကျွတ်…

ကျွန်တော်သည် သင်းသင်းယုဆိုသောအမျိုးသမီးအား စကားဆက်ဆိုဦးမည်ပြုပြီးမှ…

စိတ်မရှည်တော့သဖြင့် သူမ ပခုံးမှဆွဲဖယ်ပစ်ကာ ကားရပ်ထားရာဆီသို့ ကျွန်တော် ထွက်ခဲ့ပါတော့သတည်း…။

အိမ်ပြန်ရာလမ်းတစ်လျှောက်ကွင်မတော့ စောခန့်စံအိမ်သည် ကျွန်တော့်ဦးနှောက်ထဲ ကြီးမားသောသံသယအတွေးတို့ဖြင့် ပါလာခဲ့ပါချေ၏။

ØØ ØØ ØØ





\- နှစ် -

နံနက်စောစော အိပ်ရာမှထခြင်းသည် ကျွန်တော့်အကျင့်ဖြစ်သည်။ ညဉ့်နက်မှအိပ်သည်ဖြစ်စေ ထုံးစံအတိုင်း နိုးနေကျအချိန်တွင် ကျွန်တော် နိုးလာတတ်ပါသည်။

အိပ်ရာမှနိုးနိုးချင်း မြန်မာ့ခန္ဓာကိုယ်ဗိုင်းခန့်ထ,ကာ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ကျွန်တော် လုပ်သည်။

ပြီးတော့ ရေဝဝသောက်ပစ်လိုက်သည်။ ချွေးတိတ်ရေနှစ်အောင်မှုနေပြီး ရေချိုးခန်းထဲဝင်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဆိုင်းငံ့တွေဝေ၍မနေတတ်ပါ။ ဖြိုးဖြိုးဖျတ်ဖျတ်၊ ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်တတ်သည်က ကျွန်တော့်အကျင့်ပင်ဖြစ်သည်။ ကြမ်းတမ်းသည်ဟုပင်ဆိုလေမလား၊ ဆိုနိုင်သည်။

ရေကိုဝဝလင်လင် တဝုန်းဝုန်းချိုးပြီး ရေချိုးခန်းထဲမှ ပြန်ထွက်ခဲ့သည်။ မှန်ရှေ့ရပ်လိုက်သည့်တွင် ကျွန်တော်၏ မြင့်မြင့်မားမား၊ ထွားထွားကားကားသဏ္ဌာန်သည် မှန်ရိပ်တွင်ထင်းနေ၏။

သည်နေ့ ရုံးတက်ရမည်မို့ မခြောက်သေးသည့်ဆံပင်ခေါင်းကို နောက်လှန်ဖြီးပြီး ယူနီဖောင်းကိုဝတ်သည်။

စိမ်ပြေနပြေမှန်ထဲမကြည့်မိ၊ အခန်းထဲမှထွက်ခဲ့ပြီး မီးဖိုဘက်သို့ထွက်ခဲ့သည်။

နံနက်စာလက်ဖက်ရည်သောက်ရန်အတွက် လက်ဖက်ခြောက်တစ်ချို့ကို မီးဖိုပေါ်တွင်နှပ်ထားပြီး...

နို့ဆီဖောက်၊ ပေါင်မုန့်လှီးပြီး ကြက်ဥနှစ်လုံးကိုမီးဖိုတစ်ခုတွင် တည်ထားလိုက်သည်။

တတ်နိုင်သလောက် အစားအသောက်ကို ကိုယ့်ဟာကိုယ်လုပ်စားတတ်သည်ကလည်း ကျွန်တော့်အကျင့်ပင်ဖြစ်သည်။

ကျွန်တော်သည် ဘယ်မြို့ဘယ်ဒေသသို့ ပြောင်းပြောင်း





ဘယ်အိမ်မှာပင်နေနေ၊ ကူဖော်လောင်ဘက်အဖော်ကို ကျွန်တော်ထားပါ...။

တစ်ကိုယ်ရေတကာယသမား ကျွန်တော်သည် လွတ်လပ်စွာပင် တစ်ကိုယ်တည်းနေပါ၏။

အလုပ်အားရက်ဆိုလျှင် ကိုယ်တိုင်အိမ်မှာပင် ထမင်းဟင်းချက်စားသည်။ မအားလျှင်လည်းကိစ္စမရှိ၊ ထမင်းဆိုင်တွေရှိလျှင် ကျွန်တော့်အတွက် အားလုံးဆင်ပြေပါသည်။

ကျွန်တော့်အတွက် ဒါမှဒါပဲဟူသော သတ်မှတ်ချက်သည် ဘယ်အရာတစ်ခုမှမရှိခဲ့ပါ...။

ကာလဒေသံလိုက်၍ အဆင်ပြေပြေ ကျွန်တော် နေတတ်သည်။ ယခုလည်း ကနက်သီရိမြို့တွင် ကျွန်တော် နေရသည့်အိမ်တွင် ကျွန်တော် တစ်ယောက်တည်းပင်...။

ကျွန်တော်သည် နံနက်စာအတွက် လက်ဖက်ရည်ဖျော်၊ ပေါင်မုန့်မီးကင်၊ ထောပတ်သုတ်၊ ကြက်ဥနှစ်လုံးနှင့်ပြင်ဆင်ကာ စားသောက်နေပါ၏။

ကရင်..ရှင်..ရှင်...

စားသောက်ဆဲ အခန်းထဲမှဖုန်းမြည်သံကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြားရပါသည်။

ကျွတ်...

စားသောက်ဆဲ အနှောင့်အယှက်ဖြစ်သွားသည်မို့ စိတ်မရှည်သလို ထိုင်ရာမှထ၊ကာ ဖုန်းရှိရာသို့သွားရောက်ပြီး နား ထောင်လိုက်ရပါ၏။

"ဟဲလို..ကျွန်တော် ခင်ဇော်ငြိမ်း ပြောနေပါတယ်..."

"..........."

"ဘာ..လူသတ်မှု၊ မြို့အဝင်မှာ၊ အမျိုးသမီးအလောင်း ဟုတ်လား..."

"..........."

"အင်း..အင်း..ကောင်းပြီ၊ ကျွန်တော် အခုပဲလာခဲ့မယ်"

စကားအဆုံး ကျွန်တော် ဖုန်းကိုချပစ်လိုက်သည်။ ဘာ ကြောင့်ရယ်မသိ၊ ကျွန်တော် စိတ်တိုနေမိသည်။ စောစောစီးစီး ကြားလိုက်ရသည့် သတင်းဆိုးကြောင့်ပင်ဖြစ်မည်။

တွေ့တွေ့ချင်းဆောက်နဲ့ထွင်းပြီဟု ကျွန်တော် ထင်သည်။ ကနက်သီရိသို့ရောက်ရောက်ချင်းပင် လူသတ်မှုသည် ကျွန်တော့် အား ကြိုဆိုနေပြီမဟုတ်ပါလား...။





တောက်...

တက်ပြင်းပြင်းတစ်ချက်ကို ကျွန်တော် ခေါက်မိသည်။ ကျွန်တော့်မကျေနပ်စိတ်သည် ဘာကိုဦးတည်နေသည်မသိ...။

ကျွန်တော့်မျက်လုံးထဲမတော့ ညတုန်းကညှော်ခံပွဲသွားခဲ့သည့် စောခန့်စံအိမ်ကြီးကိုသာ မြင်ယောင်နေမိပါ၏။

ကျွန်တော်သည် နံနက်စာမှပြီးအောင်မစားဖြစ်တော့ပါ။ ထားသော့၊ အိမ်သော့တွေယူပြီး ခြေလှမ်းကျဲကြီးတွေနှင့် အိမ်ထဲမှ လှမ်းထွက်ခဲ့ပါ၏။

အိမ်တံခါးကိုသော့ခတ်ပြီး ကျွန်တော် ကားမောင်းထွက်ခဲ့သည်။ လမ်းတစ်လျှောက်၌ စောခန့်စံအိမ်မှတွေ့ခဲ့သည့် အမျိုးသမီးတွေကို ကျွန်တော် မြင်ယောင်အမှတ်ရနေမိ၏။

အမျိုးသမီးအလောင်းဆိုပဲ၊ ဘယ်လိုအမျိုးသမီးဖြစ်နေလဲ၊ ညတုန်းက စောခန့်စံအိမ်မှာ ငါ တွေ့ခဲ့တဲ့အမျိုးသမီးတွေထဲက တစ်ယောက်ယောက်များဖြစ်နေမလား...

အင်း..ဒီအမျိုးသမီးတွေထဲက တစ်ယောက်ယောက်သာဆိုရင်တော့၊ အဟွန်း..စောခန့်စံအိမ်..စောခန့်စံအိမ်...

ခင်ဇော်ငြိမ်းတဲ့နော်၊ မကြာစေရဘူး၊ စောခန့်စံအိမ် ဘတ်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းသွားစေရမယ်…

ခင်ဇော်ငြိမ်း ရောက်လာပြီဆိုတော့ စောခန့်စံအိမ် ဓာတ် လည်းသိမ်းခါနီးပါပြီလေ၊ အဟွန်း..အဟွန်း…

အတွင်းသွားတို့စေ့ကြိတ်ထားလျက်မှ စိတ်ထဲခံပြင်းစွာ ကျွန်တော် ကြုံးဝါးနေခြင်းပါ…။

ကျွန်တော် အတွေးကောင်းဆဲ ကျွန်တော် မောင်းလာသော ကားသည် လူသေအလောင်းတွေ့ရာနေရာသို့ ရောက်ခဲ့ပေပြီ…။

ကျွန်တော် ရောက်ချိန်တွင် အလောင်းအားစစ်ဆေးသူ အရာရှိများရောက်နေပြီကို ကျွန်တော် တွေ့လိုက်ရသည်။

"ဩော်..ဆရာ ရောက်ပြီလား၊ ကျွန်တော်တို့တော့ အလောင်းကို စစ်ပြီးပြီ၊ ဆရာ စစ်ပါဦး…"

လုပ်ဖော်ကိုင်ဖက် အရာရှိတစ်ဦးကဆိုနေ၍ ကားပေါ် ဆင်းကာ ကျွန်တော် အလောင်းဆီသွားရောက်ကြည့်သည်။

သေဆုံးသူအမျိုးသမီးမျက်နှာကို ကျွန်တော် ကြည့်သည်။ ထိုအမျိုးသမီးကို ကျွန်တော် မသိပါ…။

အလောင်းရှိသည့်နေရာနှင့်ဝန်းကျင်ကို ကျွန်တော် မျက် ကစားကြည့်သည်။ ထိုအမျိုးသမီးတွင် အထင်ကရသဲလွန်စ





ကျွန်တော် မတွေ့…။

"တစ်နေရာမှာသတ်ပြီး အလောင်းကို လာပစ်ထားတာ တော့သေချာတယ်…"

ဖြစ်နိုင်ဆုံးသောအတွေးကို ကျွန်တော် တွေးဖြစ်သည်။ အမျိုးသမီး၏မျက်နှာ၊ ခန္ဓာနှင့်ခြေလက်တွေကို အသေးစိတ် ကျွန်တော် ထပ်ကြည့်သည်။

အမျိုးသမီးလေးသည် ရုပ်ရည်မဆိုး၊ ညိုညက်ညက် ကလေးနှင့် ချောသည်။ သေဆုံးနေသည်အထိ အမျိုးသမီးသည် လှပနေပါသေး၏။

အလောင်းတွင်သွေးထွက်သံယို ဒဏ်ရာမျိုးလည်း ရှာ မတွေ့၊ သွေးသံကင်း၍ အမျိုးသမီးအလောင်းသည် သန့်စင်၍လှပ နေသည်ဟု ဆိုရမည်ပင်…။

"အင်း..ဒီအမျိုးသမီးသေတာဟာ ကြာဦးမယ်မထင် ဘူး…"

"အလွန်ဆုံးကြာလှ လေး,ငါးနာရီပဲရှိဦးမှာ…"

"မိုးသောက်ယံလောက်မှာ အသတ်ခံရတာဖြစ်မယ်…"

"ဘာကြောင့်သေတယ်ဆိုတာကိုတော့ ဆေးစမ်းချက်မှာ



www.burmeseclassic.com

www.burmeseclassic.com



သိရမှာပေါ့လေ…”

“ဆရာ ဘယ်လိုလဲ…”

ကျွန်တော် စိတ်ကူးဆဲ ကိုကျော်ကျော် မေးလာသံကြောင့်

“မပြောနိုင်သေးဘူးဗျာ၊ ဖြစ်နိုင်တာကိုတော့ တွေးမိတယ်…”

“ဘယ်လိုလဲ၊ ရှင်းပါဦး…”

“နောက်တော့ပြောတာပေါ့၊ ကဲ··အလောင်းကို ဆေးရုံပို့ဖို့ စီစဉ်နိုင်းလိုက်ပါတော့…”

“ကျွန်တော်တို့ ဆေးရုံသွားနှင့်ကြရအောင် ကိုကျော်ကျော်…”

ကျွန်တော် ကားပေါ်ပြန်အတက်တွင် ဆရာ ဦးမျိုးကျော်က လှမ်းကြည့်နေသောကြောင့်…

“ဆေးရုံကစောင့်မယ် ဆရာ…”

ဆရာ ဦးမျိုးကျော် ခေါင်းညိတ်ပြသည်။ ကျွန်တော် ကားကို မောင်းထွက်ခဲ့၏။

ကျွန်တော်သည် ကနက်သီရိမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်လာပြီဖြစ်သော်လည်း သက်ဆိုင်ရာ ဆရာဝန်၊ ဆရာမများ





နှင့်သွားရောက်တွေ့ဆုံခြင်းမပြုမိ…။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ဦးနှောက်ထဲတွင် စောခန့်စံအိမ်သခင်မဖြစ်သော ဒေါက်တာ စောသက်ထားတစ်ယောက် ရှိနေသောကြောင့်ပါ…။

မှန်သည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား ထိပ်တိုက်တွေ့ဆုံခြင်းမပြုသေးဘဲ အဝေးမှပင်လှမ်းကြည့်အကဲခတ်မည်ဟူသောစိတ်ကူးမျိုး ရှိနေခြင်းကြောင့်ဖြစ်ပါချေ၏။

မကြာမီ ဆရာ ဦးမျိုးကျော်တို့ ရောက်လာကြသည်။ ကားပေါ်မှ ကျွန်တော့်ကိုမြင်တော့ ဆရာ ဦးမျိုးကျော်သည် ကျွန်တော့်ထံရောက်လာပြီး…

“ကိုခင်မော်ငြိမ်း ဆရာဝန်တွေ့ရှိလား…”

“ရှိပါလိမ့်မယ် ဆရာ၊ ကျွန်တော် မသွားဘူး၊ ဆရာတို့ပဲ သွားလိုက်ပါ…”

“ဘာဖြစ်လို့လဲ ကိုခင်မော်ငြိမ်း…”

“လူတစ်ယောက်ပါ…”

“ဘယ်သူ့ကိုလဲ၊ ဒေါက်တာ စောသက်ထားကိုလား.



www.burmeseclassic.com

www.burmeseclassic.com



ဟဲ့--ဟဲ့..."

ရယ်စရာတစ်ခုလို ဆရာ ဦးမျိုးကျော် ဆိုနေသည့်စကားအတွက် ကျွန်တော်က အလေးအနက်ပင်...

"ဟုတ်တယ် ဆရာ၊ ဒေါက်တာ စောသက်ထားကိုပဲ"

"ဟင်..အေးလေ၊ ကောင်းပြီ ကိုခင်ဇော်ငြိမ်း၊ ကဲ..ဒါဖြင့် ကျွန်တော်တို့ပဲသွားလိုက်ပါ့မယ်..."

"ဟုတ်ကဲ့ ဆရာ..."

ဆေးရုံထဲသို့ ဆရာ ဦးမျိုးကျော်နှင့်အတူ လုပ်ဖော်ကိုင်ဖက်အရာရှိအချို့တို့ ဝင်ရောက်သွားကြသည်။

တစ်အောင့်ကြာ အလောင်းတင်ကားရောက်လာပြီဖြစ်၍ ဆေးရုံတွင်းသို့ ကျွန်တော် ဝင်ခဲ့သည်။

"အလောင်းကိုမော်ကျူရီထဲ ပို့ထားလိုက်ပါ၊ ဆရာဝန်လာခဲ့မယ်..."ဟူသော ဆရာမတစ်ဦးစကားသံကြောင့် ကျွန်တော် ဆေးရုံထဲမှပြန်ထွက်ပြီး လူသေတိုက်ဆီသွားမည့်လူတွေကိုကြည့်ပြီး နောက်မှ ကျွန်တော် လိုက်သွားပါ၏။

တစ်နေရာသို့ရောက်သော် ကျွန်တော်သည် လှမ်းချီဆဲခြေလှမ်းတို့ ရပ်ထားဖြစ်သည်။





မှန်၏။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာ စောသက်ထား...

ဆေးရုံထွက်ပေါက်တစ်ခုမှ လူသေတိုက်ဆီသို့ ထွက်လာသောအမျိုးသမီးတစ်ဦး...။

ဒေါက်တာ စောသက်ထားပင်ဖြစ်ကြောင်း၊ ကျွန်တော့်စိတ်တွင် အခိုင်အလုံမှတ်ချက်ချဖြစ်လိုက်ပါသည်။

အမျိုးသမီးသည် သာမန်အမျိုးသမီးများထက် ထူးခြားသောအသွင်နှင့်အဆင်းနှင့် မဟုတ်ပါတကား...။

မျက်နှာကိုကောင်းစွာ မမြင်လိုက်ရ၍ မဆိုနိုင်သော်လည်း နောက်ဘက်မှတင်းပစွာ မြင်နေရသည့် အမျိုးသမီး၏ နောက်ကျောကိုယ်ဟန်အသွင်သည်ကား...

ပန်းဝိုင်းဝိုင်းလေးနှင့် ဖြေပြစ်သိမ်းကျဉ်းသောခါးလှလှမှတစ်ဆက်တည်း ပြည့်တင်းစွင့်ကားသော တင်လှလှသည် ဖြောင့်စင်းလှပသောခြေတံအစုံ၏ ခြေလှမ်းတို့သည်...

တစ်လှမ်းချင်းလှမ်းချီလိုက်လေတိုင်းတွင် မြင်လေသူတကာ စိတ်ဝင်စားစရာအတိ ရှိပါလေ၏။

ဒေါက်တာ စောသက်ထား၏ လှမ်းလျှောက်ဟန်သွင်



www.burmeseclassic.com

www.burmeseclassic.com



သည် ယိမ်းနွဲ့ခြင်းလည်းမရှိ၊ တောင့်တင်းခြင်းလည်းမရှိ…။

စင်းစင်းမတ်မတ်ကလေးနှင့် မိန်းမလှတို့၏ထူးခြားသော အလှတရားများစွက်ကာ ထူးထူးခြားခြားမာန်ထည်ထည်ရယ်မျိုး အသွင်ရှိပါချေ၏။

ပုဆိုးနံ့ဆီရောင် မြန်မာအင်္ကျီလက်ပြတ်ကလေးနှင့် ဒေါက်တာ စောသက်ထွေး၏ ဝင်းမွတ်သွယ်လျားဖြောင့်စင်းသော လက်အလွဲလေးသည်ပင် ထူးခြားသောစိတ်ဝင်စားမှုတစ်ခုပါပေ။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏နောက် ဘက်မှမြင်တွေ့နေရသည့် နောက်ကျောအလှလေးကိုပင် သတိ လက်လွတ်ရှိကာ ငေးမိသည်ကို ဝန်ခံရပါတော့မည်…။

ဘာရယ်မဟုတ်သော ဆန္ဒနှင့်သူမ၏နောက်ကျောအလှ ကိုကြည့်ရင်း နောက်ဘက်ခပ်လှမ်းလှမ်းမှ ကျွန်တော် လိုက်နေဖြစ် ပါသည်။

လှူသေတိုက်သို့ရောက်သည်တွင် ဆရာ ဦးမျိုးကျော်တို့ လူစုကို ကျွန်တော် လှမ်းမြင်လိုက်သည်။

ဘယ်လမ်းကဘယ်လိုလာခဲ့သည်တော့ မသိ၊ ကျွန်တော့် အရင် သူတို့ရောက်နေကြပါ၏။





ကျွန်တော်သည် သူတို့အနီးသို့မသွားပါ။ မလှမ်းမကမ်း မှပင် ဒေါက်တာ စောသက်ထား၏မျက်နှာနှင့်လှုပ်ရှားမှုတို့ကို ကြည့်နေဖြစ်သည်။

မလှမ်းမကမ်းမှကြည့်သည်ပင် ဒေါက်တာ စောသက် ထား၏မျက်နှာသည် ရှင်းပဝင်းမွတ်နေသည်ကို ကျွန်တော် မြင်နေ ရသည်။

ထူးခြားသောအလှပိုင်ရှင် ဒေါက်တာ စောသက်ထားပေပဲ ဟု ကျွန်တော့်စိတ်တွင် မှတ်ချက်ချဖြစ်ပါ၏။

ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား အတန် ကြာလှမ်းကြည့်နေပြီးကာမှ စိတ်ကူးတစ်ခု၊ ဆုံးဖြတ်ချက်တစ်ခုနှင့် နေရာမှ ထွက်ခဲ့ပါတော့၏။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



## - သုံး -

ကျွန်တော်သည် စောခန့်စံအိမ်ကြီးရှိရာလမ်းဘက်သို့ ကားလေးအား မနှေးမမြန်မောင်းနှင်လာခဲ့ပါသည်။

ကျွန်တော့်အကြည့်သည် တူရူနှင့်တစ်ကွ ဘေးဘီသို့လည်းရောက်နေပါ၏။

ကနက်သီရိမြို့၏ လမ်းအတော်များများသည် ချောမွေ့ပြေပြစ်မှုရှိသည်ကို ကျွန်တော် တွေ့ရသည်။





ကနက်သီရိမြို့သည် တောလည်းမကျလွန်း၊ မြို့လည်းမကျလွန်းသည့် အနေအထားမျိုးရှိသော်ငြား...

အလုပ်ကြီးအကိုင်ကြီး လုပ်သူများနှင့်ငွေကြေးချမ်းသာသောလူများမှာ သုံးပုံနှစ်ပုံခန့်ရှိနေသည်လည်းတစ်ကြောင်း...။

ကနက်သီရိမြို့နေ လူငယ်လူရွယ်အတော်များများသည်လည်း ခေတ်ပညာတတ်များ ဖြစ်နေကြလေသောကြောင့်...

ကနက်သီရိမြို့ကား မြို့ကြီးတစ်မြို့နှင့်မခြား၊ စည်ကားသိုက်မြိုက်၍ တိုးတက်မှုများရှိနေသည်ကိုဖြင့် ကျွန်တော်သည် အံ့သြစွာ တွေ့မြင်နေရပါချေ၏။

ကနက်သီရိမြို့၏ အနေအထားသည် မြို့ပြန့်ကျယ်သည့်အနေအထားမျိုးရှိသည်။

ကနက်သီရိမြို့ အိမ်ပုံစံများသည် တခြားမြို့များနှင့်မတူ၊ တစ်မူထူးခြားသည်က ကနက်သီရိမြို့မှအိမ်တိုင်းသည် ခြံမြေကွက်အလိုက် ဆောက်လုပ်သွားကြသည်။

အလျားရှည်သောမြေကွက်၌ ဆောက်ထားသည့် အိမ်သည် အလျားရှည်ကြသလို၊ အနံကျယ်သောမြေကွက်၌ ဆောက်ထားသည့်အိမ်များသည်လည်း အနံကျယ်ကျယ်ဆောက်ထားကြပါ



www.burmeseclassic.com

www.burmeseclassic.com



ချေ၏။

ကနက်သီရိမြို့လောက် အိမ်ကြီးရခိုင်ပေါသည့်မြို့ရှိမည်မထင်ဟု ကျွန်တော် ထင်မိသည်။

ခရီးလမ်းပန်းဆက်သွယ်ရေးအနေနှင့် ကြည့်မည်ဆိုလျှင်လည်း မန္တလေး၊ မိုးကုတ်မြို့များနှင့်အနီးဆုံးဖြစ်၍ သွားလာရေးသည် ကုန်းလမ်းခရီးချည်းသာမို့ အလွန်အဆင်ပြေလှပါပေ၏။

ပုလဲမြို့မြေပထဝီ အနေအထားအားဖြင့်လည်း စိတ်ကူးယဉ်ချင်စရာ အလွန်ကောင်းလှသည်ဟု ဆိုရမလောက်ပါပေ…။

မှန်သည်။ ကနက်သီရိမြို့သည် မြေပြန့်လည်းမကျ၊ ကုန်းမြင့်ကြီးများရယ်လည်းမဟုတ်…။

အဆင်ပြေပြေလမ်းကလေးများ ကွေ့ကောက်၍ မို့မို့မောက်မောက်ရှိ မြေအနေအထားမျိုးလောက်သာရှိပါ၏။

ယခင်ကတည်းက မြို့ကွက်ရိုက်ထားသည်မှာ အဆင်ပြေစနစ်ကျမှုရှိနေခြင်းကြောင့်…

ကနက်သီရိမြို့သည် မြို့ငယ်တစ်မြို့ဟုဆိုသည့်တိုင် စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ အထက်တန်းကျကျတိုးတက်မှုများလျှံပယ်နေပါသောကြောင့်…





မြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များနှင့်ပြည့်စုံနေခြင်းဖြင့် …က်သီရိမြို့သည် အဆင့်အတန်းရှိ၍ လှပခြင်းကိုဖြင့် အကြွင်း… ကျွန်တော် ဆိုချင်ပါ၏။

ကျွန်တော်သည် ကနက်သီရိမြို့အလှအား စိတ်ဝယ်တစ်…ယ်တည်း ဖော်ကျူးလာခဲ…။

ကျွန်တော် မောင်းသောကားလေးသည် ပိတောက်လမ်းမှ …အန်နှံစံအိမ်ကြီး၏ ဝင်းတံခါးဂိတ်ကြီးရှေ့သို့ ရောက်ခဲ့လေပြီဖြစ်…

ကျွန်တော့်ကားလေး မြင်သည်နှင့်ပင် ဂိတ်စောင့်သည် …ပြေးအလွှား တံခါးဖွင့်ပေးပါသည်။

ညည့်ခံပွဲညက စာရင်းနှင့်အင်းနှင့် ခုတော့လည်း လွယ်…သာကူပါပဲလားဟု..ကျွန်တော်သည် ခြံထဲသို့ကားကိုမောင်းဝင်ခဲ့…း တွေးဖြစ်လိုက်ပါ၏။

စောခန်နှံစံအိမ်ကြီးရှေ့ ကားရပ်လိုက်သည်တွင် စောခန်နှံ…အိမ်ကြီးတစ်ဆောင်လုံးအား ကျွန်တော် ကြည့်ဖြစ်သည်။

စောခန်နှံစံအိမ်ကြီးဟူသော အမည်နာမအစား၊ မှန်နန်းစံအိမ်…ကြီးဟုသာ ကျွန်တော် အမည်ပြောင်းလဲပေးလိုက်ချင်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဘယ်ကြောင့်ဆိုသော် စောခန့်စံအိမ်သည် မှန်ပြတင်း မှန်ခန်းကြီးများနှင့်သာ ပြီးနေသောကြောင့်မဟုတ်ပါတကား…။

ကျွန်တော်သည် ကားပေါ်မှဆင်းပြီး စောခန့်စံအိမ်အတွင်း သို့ စကားပြောနိုင်ရန်အတွက် ခေတ်မီစွာတပ်ဆင်ထားသည့် ဖုန်း လေးအား ကောက်ကိုင်လိုက်ပြီး ခလုတ်ကလေးကို နှိပ်လိုက်ပါ သည်။

ဖုန်းအနီးတွင် ဂျူတီကျသူတစ်ဦးရှိမည်ထင်သည်။ ကျွန် တော် ခလုတ်နှိပ်လိုက်သည်နှင့်ပင် အထဲမှဖုန်းအား ကောက်ကိုင် ထားပြီး ဖြစ်နေသောကြောင့်ပါ…။

"ဟဲလို··အမိန့်ရှိပါရှင်…"

"ကျွန်တော် ခင်ဇော်ငြိမ်းပါ…"

"ဟုတ်ကဲ့၊ ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်…"

"ဒေါက်တာ ဒေါ်စောသက်ထားနဲ့ပါ…"

ကျွန်တော့်အဖြေကြောင့် တစ်ဖက်မှအမျိုးသမီးအသံ ခေတ္တဆိုင်းငံ့သွားသည်။ စက္ကန့်လေးအနည်းငယ်ကြာသွားလေမှ…

"ဟုတ်ကဲ့ရှင့်၊ ကိုင်ထားပါနော်၊ ကျွန်မ ဒေါက်တာ





စောသက်ထားဆီ အကြောင်းသွားကြားပါဦးမယ်…"

ဂလောက်၊ ဂလုံဟုဘေးနားတွင် ဖုန်းချသွားသည့်အသံကို ကျွန်တော် ကြားမိသည့်နောက်၊ အသံတို့တိတ်ဆိတ်သွား၏။

အမျိုးသမီးမှာ ဒေါက်တာ စောသက်ထားဆီ အကြောင်း သွားကြားနေသောကြောင့်…

စောခန့်စံအိမ်ကြီး၏ရှေ့၌ပင် ကျွန်တော်သည် အောင့် သက်သက်နှင့်သည်အတိုင်း စိတ်ရှည်ရှည်ထားကာ ရပ်စောင့်နေ ရပါလေ၏။

ကြီးကျယ်လိုက်တဲ့ စောခန့်စံအိမ်ပေပဲဟုလည်း စိတ်ထဲ ကျွန်တော် တွေးဖြစ်မိပါသေးသည်။

တအောင့်ခန့်အကြာတွင် ဖုန်းကိုင်လာသံကို ကျွန်တော် ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် အမျိုးသမီးစကားသံကို ကျွန်တော် ကြားလိုက်ရသည်။

"ဟဲလို…"

"ဟုတ်ကဲ့၊ ပြောပါ…"

"ဒေါက်တာ စောသက်ထားက ပြောလိုက်ပါတယ်ရှင်၊ ခင်ဇော်ငြိမ်းဆိုတာ သူ မသိဘူးတဲ့၊ ဘာအကြောင်းနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ စကားမပြောချင်ပါဘူးတဲ့၊ ဒါပါပဲရှင်…”

“သြော်..သြော်၊ ဟုတ်ပြီ၊ ကဲ..ဒါဖြင့် ကိုစောသက်ထွေးကောရှိသလားခင်ဗျာ…”

“ဟုတ်ကဲ့..ရှိပါတယ်…”

“ဒါဖြင့် သွားပြောလိုက်ပါဦး၊ ခင်ဇော်ငြိမ်း လာတယ်လို့…”

“ကိုစောသက်ထွေး ညည့်သည်ဆိုရင်တော့ သွားပြောစရာမလိုပါဘူးရှင် တိုက်ထဲဝင်လာနိုင်ပါတယ်…”

ဖုန်းဖြင့်ပြောနေသည့် အမျိုးသမီး၏စကားသံမှမဆုံးခင် တိုက်တံခါးသည် အလိုလိုပွင့်လာနေသည်ကို ကျွန်တော် မြင်တွေ့နေရပါ၏။

ဆိုရသော် ဂျိမ်းစ်ဘွန်းရုပ်ရှင်ကားများထဲမှ အော်တိုမစ်တစ်တံခါးများတွေ့ရယ်လိုပါ…။

ကျွန်တော်သည် စောခန့်စံအိမ်ကြီးထဲသို့ လှမ်းဝင်ခဲ့ပြီး ဟိုဟိုဒီဒီကြည့်မိသည်။

ကျွန်တော် မြင်မြင်သမျှသည် သက်မဲ့အဆောင်အယောင်များသာရှိ၏။





ညည့်ခန်းထိုင်ခုံများဆီ ဖိတ်ခေါ်သူမရှိဘဲ ကျွန်တော် လှမ်းဝင်လာသော်…

“ဟိုင်း..ကိုခင်ဇော်ငြိမ်း၊ ခင်ဗျားလာတာ ဝမ်းသာတယ်ဗျာ၊ တကယ်ပါ၊ ခုလို ကျွန်တော့်ဆီကို အလည်အပတ်လာတာကို ကျွန်တော် တကယ်ဝမ်းသာတယ်…

တစ်ခုပဲ စိတ်မကောင်းဖြစ်မိတယ်၊ မမက ခင်ဗျားကို လက်ခံတွေ့ဆုံစကားမပြောတာကိုပဲ…”

ဟင်…

ကိုစောသက်ထွေး စကားကြောင့် အံ့သြရမလို၊ မအံ့သြရမလို ကျွန်တော် ဖြစ်မိရသည်။

အဟွန်း..အဟွန်း…

ကျွန်တော်၏မတင်မကျ မျက်ဝန်းတို့ကို သဘောပေါက်ဟန်ဖြင့် ကိုစောသက်ထွေးက ရယ်သည်။

ကျွန်တော်သည်လည်း တွေးချက်တစ်ခုဖြင့် စိတ်ထဲရယ်ဖြစ်လိုက်ပါ၏။

ဒေါက်တာ စောသက်ထားနှင့်ပတ်သက်၍ ကိုစောသက်ထွေး စကားဆက်မဆိုပါ…။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ ကိုခင်ဇော်ငြိမ်း၊ ပြီးတော့ ဘာသုံးဆောင်မလဲ၊ အားနာစရာမရှိဘူးနော်···"

ဘားကောင်တာမှ တန်းစီနေသော နိုင်ငံခြားဖြစ်အရက်ပုလင်းတွေဆီ အပြုံးနှင့်တစ်ချက်လှမ်းကြည့်ပြီး ကိုစောသက်ထွေးဆိုနေလေသောကြောင့်···

ကျွန်တော်သည် နက်ရှိုင်းလျှို့ဝှက်သိပ်သည်းသော စောခန့်စံအိမ်ကြီးနှင့်အရှင်သခင် ကိုစောသက်ထွေးအား···

သုံးလေးကွက်ကျော်အတွေးနှင့် ဟက်ခနဲပြုံးကာ ကြည့်ရင်းက···

"ဒီအချိန်ကြီး ကိုစောသက်ထွေးက ကျွန်တော့်ကို အရက်တိုက်ပြီး ညှော့ခံမလို့လား၊ ကျွန်တော် လာတဲ့ကိစ္စက ဒေါက်တာစောသက်ထားနဲ့တွေ့ဖို့···

မနေ့က လူသတ်မှုဆေးစစ်ချက်ကို သူ့ဆီကတိုက်ရိုက်သိချင်လို့လာခဲ့တာ···

အဲဒီအတွက် ကျွန်တော် တောင်းပန်ပါတယ် ကိုခင်ဇော်ငြိမ်း၊ မမက အလုပ်ချိန်ဆေးရုံကလွဲရင် ဘယ်အချိန်၊ ဘယ်သူနဲ့မှ လက်ခံစကားမပြောတတ်လို့ပါ···





ကျွန်တော်နဲ့မမကလည်း တစ်အိမ်တည်းနေကြပေမယ့် အခေါ်အပြောသိပ်မရှိကြဘူးဗျာ···"

မတည့်ကြလို့လားဟု ကျွန်တော် မေးလိုက်ချင်သော်လည်း မမေးဖြစ်ပါ···။

"ဪ··ဆေးရုံမှာဆိုရင်တော့ ရတယ်ပေါ့···"

"ရပါတယ် ကိုခင်ဇော်ငြိမ်း၊ မတ်တတ်ကြီးဗျာ၊ ထိုင်ပါဦးလား···"

"မထိုင်တော့ပါဘူး ကိုစောသက်ထွေး၊ ဒီကအပြန် ရုံးကိုတစ်ဆက်တည်းပဲသွားတော့မလို့···"

"ဒါနဲ့သေဆုံးတဲ့အမျိုးသမီးက ဘယ်ကလဲတဲ့ ကိုခင်ဇော်ငြိမ်း···"

"စုံစမ်းလို့မရသေးဘူးဗျာ၊ စုံစမ်းဆဲပဲ···"

"ဪ··ဆုံးတာကကော ဘယ်လိုလုပ်ပြီးဆုံးတာလဲ··"

"ဒါတော့ ခင်ဗျားအစ်မ ဒေါက်တာ စောသက်ထားမှပဲ အမှန်အတိုင်းသိမယ်လေ၊ ဒါကြောင့် ကျွန်တော်က သူ့ဆီလာခဲ့တာ···"

"ဆေးစစ်ချက်ကို မမက သက်ဆိုင်ရာကိုတင်ပြပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား…”

ထိုစကားအတွက် ကျွန်တော်သည် ရင်ထဲကြိတ်ပြုံးပြီး အမှတ်တမဲ့ဟန်လို နေပြလိုက်ရင်းက…

“တင်ပြပြီးပါပြီ၊ ဒါပေမဲ့ ကျွန်တော်က သိချင်တာလေး တွေရှိလို့လာခဲ့တာပါ…

အေးလေ··သေမှုသေခင်းဆေးစစ်ချက်ပေးတဲ့ ဆရာဝန်တစ်ယောက်က ရဲအရာရှိတစ်ယောက်ကို အချိန်ပိုမပေး၊ အိမ်မှာ အတွေ့မခံတော့လည်း…

ကောင်းပြီလေ၊ ကျွန်တော် ဆေးရုံမှာပဲ ထပ်သွားတွေ့ လိုက်ပါ့မယ်၊ ကဲ··ကျွန်တော် သွားပါဦးမယ် ကိုစောသက်ထွေး”

စကားအဆုံး ကျွန်တော်သည် စောခန့်စံအိမ်ဧည့်ခန်းကြီး ထဲမှ လှမ်းထွက်ခဲ့ပါလေ၏။

“ကိုခင်ဇော်ငြိမ်း…”

ကျွန်တော့်နောက်မှ လှမ်းခေါ်ရင်းက လိုက်လာသည့် ကိုစောသက်ထွေးဆီ တစ်ချက်လှည့်ကြည့်ပြီး ကားရပ်ထားရာဆီ သို့ ကျွန်တော် ဆက်ထွက်သွားခဲ့သည်။

ကျွန်တော် ကားပေါ်တက်လိုက်သည်တွင် ကျွန်တော့်





အနီး ကိုစောသက်ထွေး ရောက်လာပြီး…

“ဒီနေ့ ကျွန်တော် မိုးကုတ်သွားမလို့ ကိုခင်ဇော်ငြိမ်း ဘာမှာဦးမလဲ၊ မှာစရာရှိရင် မှာသာမှာလိုက်နော်၊ ဘာမှအားမနာ ပါနဲ့…”

“ကျေးဇူးတင်ပါတယ် ကိုစောသက်ထွေး၊ ကဲ··ကျွန် တော် သွားပြီ…”

စကားအဆုံး ကျွန်တော်သည် စောခန့်စံအိမ်ကြီးရှေ့မှ ကားကိုမောင်းထွက်ခဲ့ပါတော့၏။

ထိုနေ့က တာဝန်တစ်ချိန်လုံးနှင့်အနားယူချိန် တစ်ညလုံး တွင် ကျွန်တော်သည် ဒေါက်တာ စောသက်ထားနှင့်မောင်ဖြစ်သူ ကိုစောသက်ထွေးတို့၏ အကြောင်းများအားစဉ်းစားရင်း…

ဒေါက်တာ စောသက်ထွေးနှင့်တွေ့ဆုံရန် စိတ်ထဲတေး မှတ်၍ ကြံစည်နေမိပါသတည်း…။ ॥

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



- လေး -

"ဒေါက်တာ..."

"ဟင်..."

"ညှို့သည်ရောက်နေတယ် ဒေါက်တာ၊ ရဲ့အရာရှိ ဦးခင်ဇော်ငြိမ်းတဲ့..."

လူနာများရောင်းလှည့်နေဆဲ အကြောင်းလာကြားသည့်နာ့စ်အား ဒေါက်တာ စောသက်ထားသည် တည်ငြိမ်စွာတစ်ချက်





မှု ကြည့်လိုက်၏။

ခင်ဇော်ငြိမ်းဟူသော အမည်အား ဒေါက်တာ စောသက်ထား မှတ်မိလိုက်သည်။

သို့သော်လည်း စဉ်းစားဟန်လိုလား၊ အချိန်ယူသည်လား မခွဲခြားနိုင်...။

တည်ငြိမ်ထည်ဝါလွန်းသောအသွင်ဖြင့် စက္ကန့်အနည်းငယ်ကြာကြာရှိပြီးမှ...

"ကောင်းပြီလေ၊ စောင့်နေပါလို့ပြောလိုက်ပါ..."

"ဟုတ်ကဲ့ ဒေါက်တာ..."

အေးစက်စက်ပင်ဆိုပြီး ကြည့်လက်စလူနာတွေကိုသာ ဒေါက်တာ စောသက်ထား ဆက်ကြည့်နေလိုက်သည်။

ဒေါက်တာ စောသက်ထားအတွက် လူနာထက်ဘယ်အရာမှ အရေးမကြီးသည့်ပုံ၊ ဦးစားမပေးနိုင်သည့်အသွင်မျိုးပါ...။

ဒေါက်တာ စောသက်ထားသည် အမျိုးသမီးလူနာဆောင်မှ လူနာများအား စိတ်ရှည်လက်ရှည်ဖြင့် ကုန်စင်အောင်ကြည့်ရှုပြီးကာမှ...

ဆရာဝန်များ အနားယူရန်အခန်းသို့ ပြန်ခဲ့ပါလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား နာရီဝက်ကျော် ကျော်ခန့် စောင့်နေရပါသည်။

ဒေါက်တာ စောသက်ထားက စောင့်နေပါဟုပြောလာသည့် နာ့စ်၏စကားသည် အတိုင်းအတာမရှိလေတော့...။

ကံကောင်းလျှင် တစ်နေ့လုံးလည်းစောင့်လျှင် စောင့်နေရမည်မဟုတ်ပါလား...။

ကျွန်တော့်ဘက်မှ အရေးကိစ္စရှိနေသည်ဆိုတော့ ဒေါက်တာ စောသက်ထားနှင့်တွေ့ဆုံစကားပြောရန်အတွက် စိတ်ရှည်ရှည်ပင်ထားကာ စောင့်ရပါမည်...။

မရှိလည်းစောင့်၊ ရှိလည်းစောင့်ရမည့် ကျွန်တော့်အနေအထားရှိနေရပါ၏။

ဒေါက်တာ စောသက်ထား၏ ကြီးကျယ်သည်လား၊ ခမ်းနားသည်လား၊ ဆန်းပြားသည်လား၊ လူမှုရေးများကိုဖြင့် ကျွန်တော် မဝေဖန်လိုပါ...။

ဘာပဲဖြစ်ဖြစ် ကျွန်တော်နှင့်တွေ့သည့်အခါ အဆင်ပြေပြေစကားပြောဖြစ်လျှင် ပြီးပါသည်။

ကျွန်တော် ခင်ဇော်ငြိမ်းဆိုသည်ကလည်း လူတစ်မျိုးပေ





မို့၊ ဒေါက်တာ စောသက်ထားသည် ကျွန်တော်နှင့်စကားပြောအဆင်မပြေလျှင်တော့...

ကျွန်တော်သည် ဒေါက်တာ စောသက်ထားနှင့်ပတ်သက်သည့် ကြီးကျယ်တတ်သော လူမှုရေးအကြောင်းများအား စဉ်းစားနေဆဲ၊ အခန်းဝ၌ အရိပ်ထင်လာ၍ ကျွန်တော် လှမ်းကြည့်မိပါသည်။

ထူးခြားသောအသွင်အလှတို့ကြောင့် ဒေါက်တာ စောသက်ထားပါဟု ကျွန်တော့်စိတ်ဝယ် မှတ်ချက်ချလိုက်ပါသည်။

ဒေါက်တာ စောသက်ထားသည် ခမ်းနားထည်ဝါသောအသွင်ခြေလှမ်းတို့ချီလျက် ကျွန်တော်ရှိရာစားပွဲဆီသို့ လျှောက်လာပါပြီ...။

ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား အနီးကပ်မြင်တွေ့ရခိုက် ကျွန်တော့်ရင်ထဲတစ်နေရာ၌ ထူးခြားမှုတစ်ရပ်ရှိသွားရသည့်အဖြစ်အား သတိထားဖြစ်လိုက်ပါ၏။

ကျွန်တော်နှင့်မျက်နှာချင်းဆိုင် စားပွဲတစ်ဖက်ထိုင်ခုံတွင် ဒေါက်တာ စောသက်ထားသည် နေရာယူထိုင်လာရင်း...

"ကျွန်မနဲ့တွေ့ချင်တယ်ဆိုတာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော် ခင်ဗျာ့ငြိမ်း..."

"ဒါဖြင့် ကိစ္စကိုပြောပါ..."

ဒေါက်တာ စောသက်ထား၏ လှပသောမျက်ဝန်းအစုံသည် တည်ငြိမ်အေးစက်လွန်း၏။

မျက်နှာဖူးဖူး၏လှချက်သည် စာဖွဲ့၍မမီ၊ ရက်စက်စွာ လှပမှုသရုပ်ဆောင်းသော်ငြား...

ဖူးထွင့်မှုတ်စင်သော ဒေါက်တာ စောသက်ထား၏မျက်နှာ အလှဆုံးသည် တင်းမာ၍လည်းမနေ၊ ခက်ထန်နေသည်လည်း မတူ...။

ဣန္ဒြေကြီးခြင်း၊ တည်ငြိမ်လွန်းခြင်းတို့ကြောင့် ပျော့ပျောင်းခြင်းမရှိသည်ကဖြင့် အမှန်ပါလေ...။

မိန်းမတို့ဣန္ဒြေ ရွှေပေး၍မရဟူသောစကားသည် ဒေါက်တာ စောသက်ထားအား ရည်ညွှန်းထားလေရော့သလား...။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ ခမ်းနားထည်ဝါသော ဣန္ဒြေမျက်နှာလှလှအား တစ်ချက်မျှစိုက်ကြည့်ကာ သုံးသပ်နေပြီးကာမှ...

"ကိစ္စကတော့ တခြားမဟုတ်ပါဘူး၊ ဒေါက်တာ့ဆီက





လူသတ်မှုဆေးစစ်ချက်အကြောင်း လာမေးတာပါ..."

"ဒီကိစ္စကို ကျွန်မ ဦးမျိုးကျော်နဲ့အစုံအလင် ပြောပြလိုက်ပြီပဲ..."

"သိတယ်လေ၊ ကျွန်တော်က ထပ်သိချင်လို့ထပ်လာခဲ့တာပါ..."

ဒေါက်တာ စောသက်ထား၏ လှပလွန်းသောဣန္ဒြေမျက်နှာဖူးဖူးလေးအား စေ့စေ့စူးစူးကြည့်ပြီး ကျွန်တော် ထပ်ပြောသည်။

မီးမထွန်းဘဲနှင့် ခုနစ်ဆောင်တိုက်ခန်းတို့လင်းသောအလှသည် ဒေါက်တာ စောသက်ထားအလှကိုများ ရည်ညွှန်းလေရော့သလား...။

ဒေါက်တာ စောသက်ထား၏အလှကိုဖြင့် ရင်မခုန်စဘူး၊ ထူးခြားစွာရင်ခုန်နေမိသည့်အဖြစ်ကိုတော့ ဝန်ခံရပါတော့မည်။

သို့သော်လည်း ကျွန်တော့်၏ ရင်ထဲမှရင်ခုန်ခြင်းအား အပြင်မျက်နှာတွင် အရိပ်မထင်စေလေတော့...။

ဒေါက်တာ စောသက်ထားသည် လက်ကလေးကိုက်ကာ ကုလားထိုင်နောက်ကျောလေးဆီ ကျောမှီလိုက်ပြီး...

သူမ၏ခမ်းနားသော အလှမျက်ဝန်းတို့ဖြင့် ကျွန်တော့်ထံ



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်စွာ ကြည့်လာရင်းက…

"ကောင်းပါပြီလေ၊ ဒါဖြင့် ရှင်သိချင်တာမေးပါ…"

"ကျွန်တော် မေးခွန်းမထုတ်သေးပါဘူး၊ ဒေါက်တာ ဆေးစစ်ချက်မှာ တွေ့တဲ့အတိုင်းသာအရင်ဆုံးပြောပြပါ…"

ကျွန်တော့်စကားကြောင့် ဒေါက်တာ စောသက်ထားသည် ပင့်သက်သဲ့သဲ့ဖြာကာ ခေါင်းညိတ်ပြီး စကားဆက်သည်။

"သေဆုံးနေတဲ့အမျိုးသမီးဟာ မူးယစ်ဆေးဝါးသုံးစွဲဘူးတဲ့ လက္ခဏာကိုတွေ့ရတယ်…

ဒါပေမဲ့ သူ သေဆုံးတာ မူးယစ်ဆေးဝါးသုံးစွဲလို့မဟုတ်ဘူး၊ အဆိပ်အတောက်နဲ့သေရတာလည်းမဟုတ်ဘူး…

ပြီးတော့ အမျိုးသမီးဟာ စော်ကားခံရပြီး အသတ်ခံရတာမျိုးလည်းမဟုတ်ဘူး၊ ဒါပေမဲ့ အမျိုးသမီးဟာ အပျိုတော့မဟုတ်ပါဘူး…

သူ သေဆုံးတာ ကိုယ်ခန္ဓာပေါ်မှာဘာဒဏ်ရာဒဏ်ချက်မှ မရှိပေမယ့်…

သူ့ခေါင်းမှာတော့ ကျွန်မတို့ဒဏ်ရာကိုတွေ့ရတယ်၊ အဲဒီဒဏ်ရာဟာလည်း အပြင်မှာတွေ့ရတဲ့ဒဏ်ရာမျိုးတော့မဟုတ်





ဘူး…

အတွင်းကဒဏ်ရာပဲ၊ ဦးခေါင်းခွံအက်သွားတယ်၊ ဦးနှောက်ထဲသွေးရောက်သွားတယ်၊ အဲဒီဒဏ်ရာနဲ့အမျိုးသမီး သေဆုံးရတာပဲ…"

"ဒါဖြင့် ခေါင်းကိုရိုက်လိုက်လို့ပေါ့…"

"ဟုတ်ပါတယ်၊ မာကျောတဲ့အရာနဲ့ ခေါင်းကိုအရိုက်ခံလိုက်ရတာပဲ…"

"မတော်တဆ လို့ယူဆသလား…"

"ကျွန်မ မယူဆတတ်ပါဘူး၊ ကျွန်မ ဆေးစစ်ချက်အကြောင်း ပြောပြနေတာပါ…"

"ဆောရီး…ကျွန်တော်တို့အမြင်နဲ့တော့ ဒါဟာ မတော်တဆမဟုတ်ဘူး၊ လူသတ်မှုပဲ…

ခေါင်းကို ဒဏ်ရာမပေါ်အောင် ရိုက်သတ်နည်းတွေကို ကျွန်တော်တို့ရဲတွေအနေနဲ့ အများကြီးတွေ့ဖူးခဲ့ပြီးပါပြီ…"

နားထောင်သည်လား၊ မထောင်သည်လားမသိ၊ ကျွန်တော့်စကားများအတွက် ဒေါက်တာ စောသက်ထားသည် စကားတစ်ခွန်းမျှ ဝင်မဆိုလေပါ…။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားများအား ဒေါက်တာ စောသက်ထား အနေနှင့်မကြားတော့ ရှိမည်မထင်ပါလေ…။

စိတ်မဝင်စားဟန်အသွင်ထားပြီး အတွေးထဲတော့ချိန်ဆနေဟန်ရှိပေလိမ့်မည်ဟု ကျွန်တော် ယူဆနေမိပါ၏။

မဟုတ်မှလွဲရောလေ၊ တစ်ချီတစ်ချီကြည့်လာသည့် ဒေါက်တာ စောသက်ထား၏ အကြည့်သည် ထူးခြားချက်တော့မရှိ၊ မင်သေလွန်းသည်ဟု ကျွန်တော် ထင်၏။

ကျွန်တော်သည် အင်္ကျီအိတ်ထဲမှ စီးကရက်ဗူးနှင့်မီးခြစ်ကို ထုတ်ယူလိုက်ပြီး…

"အင်း‥ဒီလူသတ်မှုနဲ့ပတ်သက်ပြီးတော့ သတင်းအစအနဘာမှမရသေးဘူး၊ နေပုံသေဆုံးတဲ့အမျိုးသမီးဟာ ဒီမြို့ကဟုတ်ဟန်မတူဘူး…"

ကျွန်တော်ဆိုဆဲ ဒေါက်တာ စောသက်ထားသည် ကျွန်တော့်လက်ထဲမှ စီးကရက်ဘူးနှင့်မီးခြစ်ဆီသို့ အကြည့်များရောက်နေပါ၏။

"ကျွန်တော် ဆေးလိပ်သောက်လို့ရမလား…"

"ကျွန်မ ဆေးလိပ်အနံ့ကိုမခံနိုင်တာ ဝမ်းနည်းပါတယ်"





အဟွန်း…

နှုတ်ခမ်းတွန့်ရုံ ကျွန်တော် ပြုံးဖြစ်သည်။ အယဉ်ကျေးဆုံးသော နှင်နည်းတစ်မျိုးပင်မဟုတ်ပါလား။ ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။

"သွားလိုက်ပါဦးမယ်…"

"ဟုတ်ကဲ့…"

တည်ငြိမ်လွန်းသောအကြည့်နှင့် ခေါင်းလေးညိတ်ပြသည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထားရှေ့မှ ထွက်လာခဲ့ပါ၏။

ကျွန်တော့်စိတ်များသည် လူသတ်မှုအား စိတ်ဝင်စားနေသည့်ကြားထဲကပင်…

အပြုံးအရယ်မရှိသော်ငြား ထန်မာခြင်းသည်လည်းမရှိသည့် ဒေါက်တာ စောသက်ထား၏ တည်ငြိမ်အေးစက်လွန်းသော အလှအား ရင်လှိုက်မွေးစွာ မြင်ယောင်နေမိရပါချေ၏။

အနေရင့်၊ အသွင်ရင့်သော သူမ၏လှုပ်ရှားမှုဟန်သွင်တို့ကပင် ဒေါက်တာ စောသက်ထား၏အလှအား ပို၍ခမ်းနားသည်ဝါ



www.burmeseclassic.com

www.burmeseclassic.com



နေအေးသည်လည်းမည်၏။

ထိုအနေရင့်၊ အသွင်ရင့်၍ထည်ဝါနေပါသော ဒေါက်တာ စောသက်ထား၏ အလုပ်တရားများကိုမူ . . .

ကျွန်တော်သည် မျက်ဝန်းထဲစွဲမြဲမြင်ယောင်လျက်၊ ရင်ခုန်လိုက်နွေးရသည့်အဖြစ်ကိုဖြင့် ရှက်ပြုံးလွန့်လွန့်နှင့်ပင် ဝန်ခံရမည် ဖြစ်ပါသတည်း . . .။ ။

ØØ ØØ ØØ





- ငါး -

ရုံးပိတ်ရက်မို့ ကျွန်တော်သည် ဈေးသို့ထွက်ခဲ့ပါသည်။ ကျွန်တော့်အတွက် လိုအပ်မည့်စားစရာတွေကို ဝယ်အပြီး အအေး ဆိုင်တစ်ဆိုင်တွင်ဝင်ထိုင်ကာ ကျွန်တော် အအေးမှာသောက်သည်။

ဆွဲခြင်းကြီးနှင့်တစ်လုံးအပြည့် ကျွန်တော် ဝယ်လာသည့် စားစရာတွေမှာ ငါးသေတ္တာ၊ ခေါက်ဆွဲ၊ မှိုဘူး၊ ပဲဘူး၊ ကြက်ဥ၊ မုန့်ခြောက်၊ လက်ဖက်ခြောက်နှင့်ပေါင်မုန့်စိုနှစ်လုံး စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာခံမည့်စားစရာတွေကိုသာ ကျွန်တော် ဝယ်ခဲ့သည်။

ကျွန်တော်သည် ဇီးကြံ့ရည်အအေးတစ်ခွက်ကို မှာသောက်နေဆဲ၊ ဆိုင်ရှေ့မှ ကျွန်တော်နှင့်အနီးဆုံးနေရာ၌ ကားတစ်စီးရပ်လာလေ၏၊ ပထမသော် ကျွန်တော်သည် အမှတ်တမဲ့ပါပင်။

တိ..ခနဲ ကားဟွန်းနှိပ်သံကြားလေမှ ဇီးကြံ့ရည်လေးအားပိုက်ဖြင့်စုတ်သောက်နေဆဲ မျက်ခွံတစ်ချက် ကျွန်တော် ပင့်ကြည့်မိသည်။

ထိုအခါ ကားထဲတွင်တွေ့လိုက်ရသည့် အမျိုးသမီးတစ်ဦးကြောင့် ကျွန်တော် စိတ်ဝယ်မျက်မှောင်ကြီး ကုတ်ဖြစ်နေရပါ၏။

ကားထဲမှအမျိုးသမီးကို ကျွန်တော် မှတ်မိနေပါသည်။

ရီရီမိုး...

စောခန့်စံအိမ်ညှော်ခံပွဲတွင် ကျွန်တော့်စားပွဲရှေ့တွင်ရှိပြီး ကျွန်တော့်အား ကြည့်နေသည့် အမျိုးသမီးရယ်လေ...။

ယခုလည်း ရီရီမိုးသည် ကျွန်တော့်အား လှပသောအပြုံးလေးနှင့်ပင် ကြည့်နေသည်ပါ...။

ကျွန်တော်သည် ရီရီမိုးအား ကြည့်နေမိသည်။ ကျွန်တော့်အကြည့်သည် တည်ငြိမ်အေးဆေးနေပါလိမ့်မည်...။





ကျွန်တော့်အား ကျောင်းနေဖက်သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေက ပြောဖူးကြသည်။

ကျွန်တော်သည် ဣန္ဒြေသိက္ခာကြီးနှင့်အနေအထိုင် တည်ကြည်လွန်းသူလည်းမဟုတ်ပါ...။

လွတ်လပ်သောလူရွယ်တစ်ယောက်၏ အနေအထိုင်အပြောအဆိုမျိုး ကျွန်တော့်တွင်ရှိပါသည်။

သို့သော်...

ကျွန်တော်သည် အမျိုးသမီးများအား မျက်နှာချိုမသွေး၊ ရင်းနှီးလွန်းဟန်၊ လိုက်လျောဟန်တွေလည်းမပြ...။

ကျွန်တော်၏ အနေအထိုင်၊ အပြောအဆိုနှင့်ဟန်သွင်တို့သည် ရယ်တန်ရယ်၊ ပြုံးတန်ပြုံး၍ မည်သူနှင့်မဆို တည်ငြိမ်စွာဆက်ဆံပြောဆိုတတ်သည်က ကျွန်တော့် အသွင်အကျင့်ရယ်လေ။

ထိုသို့ရှုရှသောအကြည့်နှင့် တည်ငြိမ်သောမျက်နှာထားကပင် တစ်ဖက်လူအားဆွဲဆောင်နေသည်ဟု သူငယ်ချင်း အပေါင်းအသင်းများက ပြောဖူးခဲ့ကြပါ၏။

"ကိုခင်ဇော်ငြိမ်း..."

ကျွန်တော် ကြည့်နေဆဲ၊ ကျွန်တော့်အမည်ကို ရီရီမိုး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သည်။ ကျွန်တော့်အမည်ကို ရီရီမိုး သိနေခြင်းအတွက် ကျွန်တော် မအံ့ဩမိပါ…။

စောခန့်စံအိမ်၏ ရောင်းရင်းတစ်ယောက်ပေပဲလေ၊ ကျွန်တော့်အမည်ကို သိလောက်နေပြီပဲပေါ့၊ စောခန့်စံအိမ်၏ လှုပ်ရှားမှုများအား ကျွန်တော် လျှော့မတွက်ထားပါ…။

စောခန့်စံအိမ် အရှင်သခင်တို့သည် ရဲအရာရှိဖြစ်သည့် ကျွန်တော့်အားလည်း နည်းအမျိုးမျိုးဖြင့် လေ့လာထားပြီးဖြစ်နေမည်ကို ကျွန်တော် သဘောပေါက်ထားသည်ပဲမဟုတ်ပါလား…။

"ဘယ်လိုလဲရှင်၊ ရီရီကိုပဲကြည့်နေတော့တာပဲလား၊ အအေးခေါ်မတိုက်တော့ဘူးလား ကိုခင်ဇော်ငြိမ်း…"

"သောက်ချင်ရင်လာခဲ့လေ၊ အအေးလေးတစ်ခွက်တိုက်တာပဲဗျာ၊ ဝန်မလေးပါဘူး…"

"အဟင်း‥ဟင်း…"

အပြုံးလှလှဖြင့် ကားပေါ်မှ ရီရီမိုး ဆင်းလာသည်။ ပြီးတော့ ကျွန်တော့်စားပွဲတွင် ကျွန်တော်နှင့်မျက်နှာချင်းဆိုင်ထိုင်လာ၏။

"ဘာသောက်မလဲ…"





"ကိုခင်ဇော်ငြိမ်း သောက်တာပဲမှာပါ…"

"ဓိုးကြံ့ရည်တစ်ခွက် ထပ်ပေးပါခင်ဗျာ…"

ဆိုင်ရှင်ဘက်လှည့်ပြီး ကျွန်တော် ထပ်မှာလိုက်သည်။

ကျွန်တော့်အသွင် တည်တည်ထည်ထည်ကိုကြည့်ပြီး ရီရီမိုးက…

"ဈေးဝယ်လာတာလား ကိုခင်ဇော်ငြိမ်း…"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"ကိုခင်ဇော်ငြိမ်း ရီရီကို မှတ်မိလားဟင်…"

စားပွဲထိုးလေးလာပို့သည့် ဓိုးကြံ့ရည်ခွက်ကိုကြည့်ပြီး ရီရီမိုး မေးသည်။

"တွေ့ထားကြတာမှမကြာသေးဘဲဗျာ၊ မှတ်မိတာပေါ့၊ ဒါနဲ့နေပါဦး၊ ခင်ဗျားကို ကျွန်တော် မေးရဦးမယ်…"

"ဘာများလဲ ကိုခင်ဇော်ငြိမ်း…"

ဓိုးကြံ့ရည်ကိုဟန်ပါပါလေးနှင့်သောက်ရင်း ကျွန်တော့်ကို မျက်ခွံလေးတွေပင့်ကြည့်ကာ ရီရီမိုး မေးသည်။

"တခြားမဟုတ်ဘူးလေ၊ စောခန့်စံအိမ် ညှော်ခံပွဲညက ကျွန်တော့်ကို ခင်ဗျားသိနေလို့ကြည့်တာလား၊ လူစိမ်းမို့ကြည့်တာလား၊ မင်းသားထင်လို့ ကြည့်တာလားဗျာ၊ အဟွန်း‥ဟွန်း…"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း..ဟင်း..ဟင်း..."

ကျွန်တော် မေးသည်ကို ရီရီမိုး မဖြေသေးဘဲရယ်သည်။ ပြီးမှ...

"ကိုခင်ဇော်ငြိမ်း အခုပြောတဲ့စကားတွေ အကုန်မှန်တယ်၊ အဲဒီညှော်ခံပွဲညက ရုပ်လည်းချောတဲ့၊ လူစိမ်းလည်းဖြစ်တဲ့ ကိုစောသက်ထွေး ပြောထားလို့ ရဲအရာရှိဆိုတာလည်း ကြိုပြီးသိနေလို့...

ကိုစောသက်ထွေးက ဘယ်လိုဆက်ဆံမလဲဆိုတာ စောင့်ကြည့်ပြီး အကဲခတ်နေတာပဲလေ..."

အဟွန်း....

ရီရီမိုး စကားများကြောင့် ကျွန်တော်သည် ရှက်ပြုံးနှင့် ပခုံးတစ်ချက်ကိုပါ ဟန်ပါပါတွန့်မိသည်။

"ဒါဖြင့်ဆက်ပါဦး၊ ညှော်ခံပွဲညက ဘယ်လိုမြင်သလဲ"

"အသွင်လည်းခြားသလောက် လူတစ်မျိုးပဲလို့ ကိုခင်ဇော်ငြိမ်းကို ရီရီမိုး မြင်တယ်..."

"အဟွန်း..အဟွန်း၊ ကဲ..ကဲ အအေးလေးကုန်အောင် သောက်လိုက်ပါဦးဗျာ..."





ကျွန်တော် ပြောသဖြင့် ရင်းနှီးသောအပြုံးလေးဖြင့် ရီရီမိုး သောက်သည်။ ကျွန်တော်သည် ရီရီမိုး အအေးသောက်နေသည်ကို တစ်ချက်မျှကြည့်ပြီး...

"ကိုစောသက်ထွေးက တော်တော်သဘောကောင်းတာပဲနော်..."

"အဟင်း..ရီရီလည်း ကောင်းမယ်လို့ထင်တာပါပဲ ကိုခင်ဇော်ငြိမ်း..."

"သူတို့က တော်တော်ချမ်းသာတာပဲနော်၊ စောခန့်စံအိမ်ကြီးက ရွှေဘုံရွှေနန်းတမျှပဲ..."

"အဟင်း..ဟင်း..ဟင်း ဟုတ်တယ် ဟုတ်တယ်၊ ကိုခင်ဇော်ငြိမ်းပြောတာ သိပ်ဟုတ်တာပေါ့...

စောခန့်စံအိမ်ကြီးဟာ နတ်စည်းစိမ်တွေရတဲ့ တကယ့်ရွှေဘုံရွှေနန်းကြီးပဲပေါ့၊ အဟင်း..ဟင်း..ဟင်း..."

ရီရီမိုးကို ကျွန်တော် စူးခနဲတစ်ချက်ကြည့်ဖြစ်လိုက်သည်။

"သူတို့က မောင်နှမနှစ်ယောက်တည်းရှိတာဆိုတော့ ဆယ်သက်လောက်သုံးဖြုန်းလို့ ကုန်မှာမဟုတ်ဘူးဗျာ..."

"ဟုတ်တယ်၊ ဘယ်ကုန်နိုင်မလဲ၊ ပြီးတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာ…

အပြင်မှာတော့ သူတို့မောင်နှမနှစ်ယောက် စကားပြောတာမတွေ့သလောက်ဘဲ၊ အပြောအဆို သိပ်မရှိကြတာတော့လည်း အမှန်ပဲလေ…

ဒါနဲ့ လာမယ့်အပတ်ထဲတောင် စောခန့်စံအိမ်မှာ ညေ့ခံပွဲလုပ်ဦးမှာ…”

“ဟုတ်လား…”

“ဟုတ်တယ် ကိုစောသက်ထွေးက မကြာခဏညေ့ခံပွဲလုပ်နေကြပဲလေ၊ အဲ··တစ်ခုတော့ရှိတယ်…

ဒေါက်တာ စောသက်ထားကတော့ တစ်သီးတခြားပဲ၊ ဒေါက်တာ စောသက်ထားကို ကိုခင်ဇော်ငြိမ်းလည်းသိမှာပေါ့··”

“သိတယ်တော့မဟုတ်ပါဘူး၊ စောခန့်စံအိမ်နဲ့စောခန့်စံအိမ်ရဲ့အရှင်သခင်တွေအကြောင်းကို တစ်မြို့တည်းနေတဲ့ခင်ဗျားတို့ကပဲ ပိုသိတော့မပေါ့ဗျာ…”

“ဒါနဲ့ ကိုစောသက်ထွေးက စီးပွားရေးဘာလုပ်လဲဗျ”

“ကိုစောသက်ထွေး ဘာလုပ်တယ်ဆိုတာ ကိုခင်ဇော်ငြိမ်းနောက်တော့သိလာမှာပါပဲလေ၊ ရီရီ ပြောပြနေဖို့မလိုပါဘူး…





ကိုစောသက်ထွေးကတော့ ကိုခင်ဇော်ငြိမ်းလို လူတစ်ယောက်ကို ချဉ်းကပ်မှာပဲ၊ နောက်ဆိုရင် ကိုစောသက်ထွေးနဲ့ ကိုခင်ဇော်ငြိမ်းတို့ ပေါင်းမိသွားပြီး…

အခုလုပ်နေတဲ့ရဲအရာရှိဆိုတဲ့ ဂုဏ်ပုဒ်ကိုတောင် မက်စရာမလိုတော့ဘူး၊ ကိုခင်ဇော်ငြိမ်း သိပ်ချမ်းသာသွားမှာ အဟင်း အဟင်း··ဟင်း··ဟင်း…”

ပြောလာသည့် ရီရီမိုး စကားများကြောင့် ကျွန်တော်သည် ရင်ထဲထောင်းခနဲ ဒေါသသံတစ်ချက်ဖြင့် ထိုင်ရာမှထရပ်လိုက်မိပါတော့သည်။

ထို့နောက် ကျွန်တော်သည် ရီရီမိုးကိုမှ နှုတ်မဆက်တော့ပါ။ အအေးဖိုး၊ ငွေရှင်းပေးခဲ့ပြီး ကားပေါ်တက်မောင်းထွက်ခဲ့ပါတော့သတည်း…။

ကားမောင်းဆဲ ရီရီမိုး ပြောသည့်စကားကိုသာ ကျွန်တော်ကြားယောင်နေမိလေသည်။

ကျွန်တော်သည် အတွင်းအံသွားများစေ့ကြိတ်ထားမိသည်။ ကျွန်တော့်အသိနှင့်အာရုံတချို့ထဲမတော့…

ကနက်သီရိမြို့သို့ရောက်လာပြီး တာဝန်ထမ်းဆောင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် ရဲအရာရှိများ၏ နည်းအဖုံဖုံတို့ဖြင့် ကျဆုံးခန်းများကိုပါ…။

တောက်…

ကျွန်တော်သည် ဘဝတူရဲအရာရှိများတို့၏ ရေလိုက်လွဲ ကျဆုံးခန်းများအတွက် ရှက်ခြင်း၊ ခံပြင်းခြင်းများကြောင့် ဒေါသ ပေါက်ကွဲခြင်းဖြင့် တက်တစ်ချက်ကို ပြင်းစွာခေါက်ပစ်လိုက်မိ ပါချေ၏။

ကျွန်တော့်မျက်နှာအသွင်သည်လည်း ထိုပရောဂများ ကြောင့် တင်းမာခက်ထန်နေပါလိမ့်မည်ဖြစ်ပါ၏။ ။

ØØ ØØ ØØ





## - ခြောက် -

“ကိုခင်မော်ငြိမ်းရေ အမှုကတော့စုံးစုံးမြုပ်နေတော့တာပါ ပဲဗျာ…”

သည်နေ့ရုံးသို့ ကျွန်တော် ရောက်သည်နှင့်ပင် ဆီးပြော သလိုဆိုလာသည့် ဆရာ ဦးမျိုးကျော် စကားကြောင့်…

ကျွန်တော်သည် စကားမဆို၊ နှုတ်ခမ်းတို့စေ့ကာ စားပွဲ တွင်ဝင်ထိုင်ပြီး စဉ်းစားဟန်လိုရှိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးမျိုးကျော်သည် စားပွဲပေါ်မေးတင်ထောက်ကာ စဉ်းစားဟန်ရှိနေသည့် ကျွန်တော့်ဆီကြည့်ပြီး စကားဆက်သည်။

"သေဆုံးတဲ့အမျိုးသမီးနဲ့ပတ်သက်ပြီး ဘာမှစုံစမ်းလို့မရဘူး…

မိဘဆွေမျိုးအသိုင်းအဝိုင်းလည်း ဒီမြို့မှာမရှိဘူး၊ တချို့ပြောတော့ မြိတ်၊ ကော့သောင်ဘက်လိုလို၊ ရန်ကုန်ကလိုလိုနဲ့ မသေမချာတွေပါပဲဗျာ…"

ကျွန်တော်သည် ဆရာ ဦးမျိုးကျော် စကားများအား နားထောင်နေပြီးမှ…

"ဘာပဲပြောပြော ဆရာ၊ ဒီလူသတ်မှုဟာ စောခန့်စံအိမ်နဲ့ပတ်သက်နေတာကတော့ သေချာမှာပါ…

ကျွန်တော့်အနေနဲ့ သက်သေအထောက်အထား မခိုင်လုံသေးလို့သာ ကြည့်နေသေးတာပါလေ၊ ဒါပေမဲ့ အဟွန်း…"

ကျွန်တော် အတွင်းသွားတို့စေ့ကာ ခဲခဲကြီးတစ်ချက် ပြုံးပြီးစကားစကို ဖြတ်ထားလိုက်သည်။

"အင်း…ကျွန်တော်လည်း စောခန့်စံအိမ်ကို စောင့်ကြည့်နေတာပါ၊ ကျွန်တော်တော့ ယုံကြည်တယ်ဗျာ၊ ကိုခင်ဇော်ငြိမ်းဟာ





စောခန့်စံအိမ်ကို သိမ်းနိုင်မယ်လို့…"

ဆေးပေါ့လိပ်ကိုမီးညှိဖွာရင်း ထက်သန်သလို ဦးမျိုးကျော် ဆိုနေလေ၏။ ကျွန်တော်သည်လည်း စီးကရက်တစ်လိပ်ကို မီးညှိဖွာပြီး…

"စောခန့်စံအိမ်ကို ကျွန်တော် စိတ်နာတယ် ဆရာ၊ ကြားထား၊ သထားပြီးတဲ့ပြဿနာတွေကြောင့် ကျွန်တော် စောခန့်စံအိမ်ကို ဘယ်တော့မှလျှော့မတွက်ထားပါဘူး…

စောခန့်စံအိမ်ဇာတ်ကို သိမ်းနိုင်ဖို့ ကျွန်တော် စွမ်းအားရှိသမျှနဲ့ ကြိုးစားနေမယ်၊ ဪ…ဒါနဲ့ ဆရာ့ကိုတစ်ခုမေးချင်တယ်…"

"ဘာများလဲ ကိုခင်ဇော်ငြိမ်း၊ မေးလေ…"

"အရင်နှစ်တွေတုန်းက လူသတ်မှုတွေဟာ ဘယ်ပုံစံမျိုးနဲ့သေဆုံးကြတာလဲဆိုတာပါ…"

"အင်း…အရင်နှစ်တွေတုန်းက လူသတ်မှုတွေကတော့ တော်တော် ရက်စက်တယ်လို့ပြောရမယ် ကိုခင်ဇော်ငြိမ်းရေ…

များသောအားဖြင့် သေဆုံးတာအမျိုးသမီးတွေ၊ အသတ်ခံထားရတယ်…"



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်သာသာတွန့်ကာ စဉ်းစားဟန်ပပ အသွင်ဖြင့် ကျွန်တော် ရှိသည်။

ဦးမျိုးကျော် စကားတို့ကိုနားထောင်ဆဲ ကျွန်တော်သည် တစ်စုံတစ်ရာ အတွေးပေါက်သွားရသဖြင့်…

"ဆရာ…"

"ပြော ကိုခင်ဇော်ငြိမ်း…"

"ကျွန်တော် လွန်ခဲ့တဲ့နှစ်တွေရဲ့ ရာဇဝတ်မှုဖိုင်တွေကို ပြန်ကြည့်ချင်တယ်…"

"ကြည့်လေ ကိုခင်ဇော်ငြိမ်း၊ အားလုံးရှိပါတယ်…"

ကျွန်တော် ခေါင်းညိတ်ပြီး စကားစကိုတစ်ချက်ဖြတ်သည်။ ပြီးမှ…

"နောက်တစ်ခု ဆရာ့ကို ကျွန်တော် မေးရဦးမယ်၊ ဆရာက ဒီမြို့မှာ ကျွန်တော် အရင်တာဝန်ကျနေတာကြာတော့ ဆရာ သိလိမ့်မယ်ထင်ပါတယ်…"

"ဘာများလဲ ကိုခင်ဇော်ငြိမ်းရဲ့၊ သိချင်တာရှိအကုန်မေးနိုင်တယ်၊ ကျွန်တော် သိထားတာတွေအကုန် ကိုခင်ဇော်ငြိမ်း သိရမယ်၊ ကဲ..မေး ဘာလဲ…"





"ရီရီမိုးဆိုတဲ့ အမျိုးသမီးအကြောင်းပါ၊ သူနဲ့ကျွန်တော် လွန်ခဲ့တဲ့နှစ်ရက်လောက်က တွေ့ကြတယ်…

ဒီအမျိုးသမီးကိုကြည့်ရတာ ကျွန်တော့်စိတ်ထဲ သိပ်မသင်္ကာဘူး၊ မသင်္ကာဘူးဆိုတာက ဒီလိုပါ ဆရာ…

ဒီအမျိုးသမီးဟာ မူးယစ်ဆေးဝါးသုံးစွဲနေတယ်လို့ ယူဆမိတယ်၊ သူ့ကိုကြည့်ရတာတစ်မျိုးပဲလေ…"

"အင်း..ကျွန်တော်တော့ အတတ်မပြောနိုင်ဘူး ကိုခင်ဇော်ငြိမ်း၊ ရီရီမိုးဆိုတဲ့အမျိုးသမီးကတော့…

ဒီကနက်သီရိမြို့ရဲ့ မြို့မျက်နှာဖုံးအလွှာထဲကပဲ၊ သူ့မိဘတွေက ဘယ်သူတွေလဲ၊ ဘာလုပ်ကြလဲ ဆရာ…

အကြီးစား ကုန်သည်တွေပဲကွ၊ တချို့အလုပ်တွေဆိုရင် စောခန့်စံအိမ်က ကိုစောသက်ထွေးနဲ့ ရှယ်ယာလုပ်ကြတာတွေရှိတယ်…"

သြော်..သြော်…

ကျွန်တော်သည် ရီရီမိုး ပြောခဲ့သောစကားတို့ကို ပြန်လည်ကြားယောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

တိကျမှုမရှိသေးသည်မှလွဲ၍ အတန်အသင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ပါပြီ…။

"ဒါနဲ့ ကိုခင်ဇော်ငြိမ်းကိုလည်း ကျွန်တော် မေးရဦး မယ်…"

ကျွန်တော့်အတွေးများ စုံစီနေဆဲ၊ ဆရာ ဦးမျိုးကျော်စကား ကြောင့် ဦးမျိုးကျော်မျက်နှာဆီ အလေးထား၍ ကျွန်တော် ကြည့် လိုက်ပါသည်။

ဦးမျိုးကျော်က…

"ဟိုနေ့က ကိုခင်ဇော်ငြိမ်း ဒေါက်တာ စောသက်ထား နဲ့တွေ့ဖြစ်ကြသေးလား…"

စီးကရက်ကိုထိုးချေပြီး ကျွန်တော် ခေါင်းညိတ်ပြလိုက် သည်။

"ဆေးစစ်ချက်မှာ နောက်ထပ်ထူးခြားမှု ဘာတွေရသေး လဲ ကိုခင်ဇော်ငြိမ်း၊ ပြောပြပါဦး…"

"မတွေ့ရသေးပါဘူး ဆရာ၊ ဒေါက်တာ စောသက်ထား က ရုပ်ချောတာနဲ့အမျှစကားပြောဟန်နဲ့အသွင်စတိုင်လ်က ခပ်ရင့် ရင့်ပဲခင်ဗျ…"

"ဟဲ‥ဟဲ‥ဟဲ…"





ကျွန်တော့်စကားတွင် ဘာသဘောကျသည်မသိ၊ ကျွန် တော့်ကိုကြည့်ပြီး ဦးမျိုးကျော် ရယ်သည်။

စီးကရက်တစ်လိပ်ပိုထပ်ဖွာပြီး ကျွန်တော် စကား ဆက် သည်။

"မောက်မာတာတော့မရှိပါဘူးလေ၊ ကျွန်တော်နဲ့အလုပ် သဘောစကားပြောတာ ပြေပြစ်ပါတယ်…

ဒါပေမဲ့ ဒေါက်တာ စောသက်ထားရဲ့ ဆက်ဆံပြောဆိုပုံ အ လူတကာတွေနဲ့တော့ မတူတာအမှန်ပဲဗျာ…

ထူးခြားတယ်၊ တစ်မျိုးတော့တစ်မျိုးပါပဲ၊ အပြစ်ရယ်လို့ တော့လည်း တစ်ဖက်သပ်ပြောလို့မဖြစ်ဘူးဆိုတာ ကျွန်တော် သိ တယ်…"

"ဟဲ‥ဟဲ‥ဟဲ ဟုတ်တယ် ကိုခင်ဇော်ငြိမ်း၊ ဒေါက်တာ စောသက်ထားဟာ ဒီလိုပဲနေတတ်တယ်…

လူတွေနဲ့ဆေးရုံမှာသာ ဆက်ဆံပြောဆိုမှုရှိတယ်၊ အပြင် မှာတော့ သူ့ကိုတွေ့ဆုံဆက်ဆံရခဲတယ်…"

"ကျွန်တော်တို့နဲ့စကားပြောလည်း ဒီလိုပါပဲ၊ ဒေါက်တာ စောသက်ထားဟာ ရုပ်ရည်ထူးခြားတာနဲ့အပြောအဆို အနေအထိုင်



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာတွေဟာ သူ့ကိုအပြန်အလှန်ပံ့ပိုးထားသလိုပဲ၊ လူတွေရဲ့ အသိအမြင်မှာ ထူးခြားသထက်ကိုထူးခြားတယ်၊ ဒါက ကျွန်တော့် အမြင်ကိုပြောတာနော် ကိုခင်ဇော်ငြိမ်း…”

ဦးမျိုးကျော် စကားအတွက် နှုတ်မှထောက်ခံမဆိုဘဲ ကျွန်တော် ခေါင်းသာညိတ်ပြလိုက်ပါသည်။

စကားပြောစရာမရှိတော့သလို ကျွန်တော့်ထံမှ စကား ဆက်မလာတော့သဖြင့်…

ဆရာ ဦးမျိုးကျော်သည် နာရီကိုတစ်ချက်ကြည့်ပြီး ကျွန်တော် ဆိုသည်။

ကျွန်တော်နှင့်ဦးမျိုးကျော်သည် အပြန်အလှန်လေးစားသမှု များပြုပြီး ဦးမျိုးကျော် ထွက်သွားလေမှ…

ကျွန်တော်သည် လုပ်စရာရှိသည့် ရုံးအလုပ်များအား လုပ် ရပါတော့၏။

အလုပ်များလုပ်ဆဲ တစ်ချီတစ်ချိ ကျွန်တော့်စိတ်သည် စောခန့်စံအိမ်ကြီးဆီသို့ ရောက်သွားရပါလေ၏။

ပြီးတော့ စောခန့်စံအိမ်နှင့်ပတ်သက်ပြီး ရိုရိုမိုး ပြောသည့် စကားတွေကို ကျွန်တော် ကြားယောင်သည်။





နောက်ပြီး ကျွန်တော့်မျက်ဝန်းထဲမလဲ…

ဒေါက်တာ စောသက်ထား၏ပုံရိပ်နှင့်တကွ၊ စောခန့်စံအိမ် ညစ်ခံပွဲသို့သွားစဉ်က တွေ့ဆုံခဲ့ရသည့် ကိုစောသက်ထွေးမှအစ အမျိုးသမီးများအားလုံးအား တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ မြင် ယောင်ကာ ကျွန်တော် သုံးသပ်နေမိပါလေ၏။

သည်နေ့တစ်နေ့လုံးနီးပါး နေ့လယ်စာထမင်းစားချိန်မှလွဲ ၍ အပြင်သို့မထွက်ဖြစ်ဘဲ ကျွန်တော်သည် ရုံးအလုပ်များကိုသာ လုပ်ဖြစ်ပါသည်။

သည့်နောက် တစ်နေ့တာအတွက် တာဝန်များပြီးဆုံးချိန်၌ ကျွန်တော် အိမ်ပြန်ခဲ့သည်။

ကျွန်တော် နေထိုင်ရာသပြေကုန်းရပ်ကွက်သည် လူရည် သန့်များနေထိုင်သည့် ဆိတ်ငြိမ်အေးချမ်းသောရပ်ကွက်မို့ သပြေ ကုန်းဘက်သွားသည့်လမ်းသည်လည်း အေးချမ်းသာယာနေပါ၏။

ဆိုရသော် သပြေကုန်း၊ ဗိုးကုန်း၊ ကျောက်ကုန်းရပ်ကွက် တို့သည် စည်ကားသောမြို့တွင်းနှင့်လှမ်း၍ မြို့ပြင်ကျသောရပ်ကွက် များသာဟု ဆိုရမည်ပါ…။

ကျွန်တော်သည် နေရိပ်ကျ၍အေးမြသောလမ်းကလေး



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း စိတ်ကိုအနားပေးကာ ကားမောင်းလာဆဲ…

တီ..တီ…

နောက်ဖက်မှကားလေးတစ်စီး လမ်းတောင်းနေ၍ နောက်ကြည့်မှန်ဆီသို့ ကျွန်တော် တစ်ချက်ကြည့်ပြီး လမ်းပေးလိုက်ပါသည်။

ဒေါက်တာ စောသက်ထား…။

မှန်သည်။

ဒေါက်တာ စောသက်ထားသည် ဆေးရုံမှပြန်လာဟန်ရှိသည်။

ထုံးစံအတိုင်း အရယ်အပြုံးကင်းလျက် လှပတည်ငြိမ်အေးစက်လွန်းသော မျက်နှာအသွင်စတိုင်လ်ဖြင့်…

ဘေးဘီသို့ပင်ငဲ့၍မျှ တစ်ချက်မကြည့်၊ ကျွန်တော့်ကားအား ကျော်တက်ဖြတ်ကျော်ကာ လေးညို့မှလွှတ်လိုက်သည့်မြားသို့နှယ် အလျင်နှင့်မောင်းနှင်သွားလေသည်မဟုတ်ပါတကား…။

ကျွန်တော်သည်လည်း ဘယ်သူဘယ်ဝါရယ်ဟု တစ်ချက်မျှအကြည့်တွင် သိလိုက်ရုံမှလွဲ၍ စိတ်ဝယ်ထူးခြားချက်မရှိပါလေ…။





မနေးမမြန် ကားကိုသာပုံမှန်မောင်းနှင်၍ အိမ်သို့ပြန်ရောက်ခဲ့ပါလေ၏။

ကျွန်တော်သည် ကုန်းမို့မို့လေးထက်တွင်ရှိသည့် ကျွန်တော့်အိမ်ရှေ့တွင် ကားကိုရပ်ပြီး အိမ်ပေါ်သို့တက်ခဲ့သည်။

ထိုအခါ လွှယ်လင့်တကူ ထင်ထင်ရှားရှားကြီး လှမ်းမြင်လိုက်သည်က စာအိပ်ဖြူဖြူလေးတစ်ခု…။

အိမ်တံခါးဖွင့်မည့် သော့ခလောက်နေရာတွင် ညှပ်၍ထားသည်။

ကျွန်တော် ပြန်လာလျှင် လွယ်လင့်တကူမြင်သာထင်သာစေရန်အတွက် ထားသွားသူက ထားသွားခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်သွားပါ၏။

စာအိတ်ဖြူဖြူလေးကိုယူပြီး အိမ်တံခါးဖွင့်ကာ အိမ်ထဲသို့ ကျွန်တော် ဝင်ခဲ့သည်။

စာအိတ်ထဲမှအကြောင်းအရာကို ဖတ်မကြည့်ပါဘဲနှင့် ဖိတ်စာတစ်စောင်ဟု ကျွန်တော် နားလည်စိတ်ဖြင့် ညှော့ခန်းစားပွဲပေါ် စာအိတ်ကလေးကိုပစ်တင်လိုက်ပြီး…

ပူအိုက်လွန်းသဖြင့် ချွေးများစိုနေသည့်ယူနီဖောင်းကို ဦးစွာ



www.burmeseclassic.com

www.burmeseclassic.com



ချွတ်ပစ်လိုက်သည်။

ပြီးတော့ ထမင်းစားခန်းထဲ ကျွန်တော် ဝင်ခဲ့သည်။ ရေခဲသေတ္တာထဲမှဘီယာအေးအေးလေးတစ်ဘူးကို ဖောက်ကာအမောပြေစုတ်သောက်ပြီး ဧည့်ခန်းထိုင်ခုံတွင် ပြန်ထိုင်သည်။

အမောပြေဘီယာလေးမော့ အနားယူနေရင်းမှ စားပွဲပေါ်မှ ဖိတ်စာလေးကို ကျွန်တော် ထုတ်ဖွင့်ဖတ်ကြည့်မိ၏။

"အဟွန်း··အဟွန်း···"

မနက်ဖြန်ည စောခန့်စံအိမ်မှ ကိုစောသက်ထွေး၏ ဧည့်ခံပွဲဖိတ်စာအားဖတ်အပြီးတွင် ကျွန်တော် ရယ်မိသည်။

ရယ်သည်ဆိုသော်လည်း သဘောကျ၍ရယ်ခြင်းမျိုး မဟုတ်လေပါ···။

ခံပြင်းနာကြည်းချက်တို့ဖြင့် နှုတ်ခမ်းစေ့ကာ နှုတ်ခမ်းထောင့်နှစ်ဖက်ကွေး၍ သရော်ပြုံးခြင်းသာဖြစ်ပါ၏။

မှန်သည်။

ကျွန်တော်သည် စောခန့်စံအိမ်အား ဘယ်သောအခါမျှ အမြင်ကြည်မည်မဟုတ်လေကြောင်း···

စောခန့်စံအိမ်နှင့်ပတ်သက်လျှင် ကျွန်တော်ရင်မှနာကြည်း





ခံပြင်းချက်များသည် ဒေါသနှင့်အပြည့်အလျှံ ငြီးငြီးရှိနေရသည်ကို ကား ကျွန်တော်သာလျှင် အသိဆုံးမဟုတ်ပါတကား···။

စောခန့်စံအိမ်··စောခန့်စံအိမ်၊ ငါတို့ရဲ့ရဲဝန်ထမ်းတွေကို အသရေဖျက်သိက္ခာကျအောင် လုပ်ထားသမျှ···

ဒီတစ်ခါတော့ စောခန့်စံအိမ်ကျဆုံးခန်း ရောက်တော့မယ် ဆိုတာ···

ကျွတ်··ဟူး···

ကျွန်တော်သည် စိတ်မရှည်ချင်တော့၍ အတွေးတို့ကို ဖျောက်ဖျက်ပစ်လိုက်ပါသည်။

အနားယူချိန်တွင် စိတ်ကိုလျှော့၍ လွတ်လပ်ပေါ့ပါးစွာ အနားယူပစ်လိုက်ပါတော့၏။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



— ခုနစ် —

ကျွန်တော်သည် ကိုစောသက်ထွေး ဖိတ်ထားသည့်ညှိခံပွဲအတွက် စောခန့်စံအိမ်သို့ ဒီတစ်ခါတော့ အချိန်မီရောက်လာပါသည်။

ထုံးစံအတိုင်း စောခန့်စံအိမ်၏ ညှိခံပွဲသည်ကဖြင့် စည်ကားသိုက်မြိုက်လွန်းစွာရှိနေပါ၏။

စီးပွားကြီးရှင်တွေ၊ ဂုဏ်ကြီးရှင်တွေချည်းသာ ပါဝင်ကျင်းပနေသည့် စောခန့်စံအိမ် ညှိခံပွဲမို့လည်း ပြောစရာမရှိပါ...။





ကျွန်တော်သည် မကြာခဏ ကျင်းပတတ်သည်ဆိုသော ကိုစောသက်ထွေး၏ ညှိခံပွဲကို သဘောမပေါက်ဘဲရှိနေရသည်။

ဘာကြောင့်၊ ဘာရည်ရွယ်ချက်နဲ့ ဘယ်အတွက် ညှိခံပွဲကျင်းပသည်ကိုစဉ်းစားဆဲ၊ ချိုရှယမကာရည်အား စိမ်ပြေနပြေ သောက်နေမိပါ၏။

"ကိုခင်ဇော်ငြိမ်း..."

"ဗျာ..ဆရာ..."

"တိတ်လှချည်လား..."

ကျွန်တော့်အတွေးနှင့်ကျွန်တော်ရှိဆဲ မသိမသာအနီးကပ်က ခေါ်လာသည့် ဆရာ ဦးမျိုးကျော်အသံကြောင့်...

ကျွန်တော်သည် ယမကာခွက်ကို နှုတ်ခမ်းတွင်တေ့ကာ အခြားစားပွဲမှလူတွေဆီ ဓေ့ဝိုက်ကြည့်လိုက်ပြီး...

"ကျွန်တော် စဉ်းစားမိလို့ပါ ဆရာ..."

"ဘာကြောင့်များလဲ ကိုခင်ဇော်ငြိမ်းရဲ့..."

"ကိုစောသက်ထွေးဟာ ညှိခံပွဲတွေကို ဘာအကြောင်းနဲ့ လုပ်တာလဲဆိုတာပါ..."

"ဪ..ဒါလား၊ ကျွန်တော်တို့ သိသလောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ထားစရာနေရာမရှိအောင် ပိုက်ဆံချမ်းသာတဲ့ ကိုစောသက်ထွေးဟာ သက်သက်အပျော်သဘောနဲ့ ပျော်ပျော်ပါးပါး စုရုံးစားသောက်ဖို့ မကြာခဏဧည့်ခံပွဲလုပ်တာပဲ…”

“သြော်…အဟွန်း…အဟွန်း…”

ကျွန်တော်သည် ကိုစောသက်ထွေးရှိရာဆီသို့ လှမ်းကြည့်လိုက်မိသည်။

ကိုစောသက်ထွေးသည် တစ်ချီတစ်ချိ ကျွန်တော့်ထံ လှမ်းကြည့်ကာပြုံးပြပြီး တရုတ်ကပြားလို ဧည့်သည်အမျိုးသားကြီးလေးယောက်နှင့် စကားတွေပြောနေပါ၏။

ကျွန်တော့်အကြည့်သည် ကိုစောသက်ထွေးနှင့်အနီးတစ်ဝိုက်မှရှိသည့် စားပွဲဝိုင်းတွေဆီ ကြည့်မိပြန်သည်။

ကျွန်တော်နှင့်မျက်နှာစိမ်းဖြစ်သည့် အမျိုးသားအမျိုးသမီးများကိုသာ ကျွန်တော် တွေ့ရသည်။

ကျန်စားပွဲတွေဆီပါ ကျွန်တော် လျှောက်ကြည့်မိသည်။ ကြည့်ဆဲ ကျွန်တော်သည် အတွေးတစ်ခုခေါင်းထဲဝင်လာလေ၍…

“ဆရာ ဦးမျိုးကျော်…”

“ပြော ကိုခင်ဇော်ငြိမ်း…”





“ဒီပွဲမှာ ကျွန်တော် အရင်တစ်ခါက တွေ့ထားဖူးတဲ့ အမျိုးသမီးတွေမပါဘူးဗျာ…

ဥပမာဗျာ…ရီရီမိုးလိုမျိုးဆိုပါတော့၊ ရီရီမိုး မလာဘူးထင်တယ်နော် ဦးမျိုးကျော်…”

“မလာဖြစ်လို့ဖြစ်ပါလိမ့်မယ်၊ ကိုစောသက်ထွေးက ဖိတ်မှာကတော့ဖိတ်မှာပဲ၊ သူ့ပါတနာတွေပဲလေ…”

ဦးမျိုးကျော် ပြောသည့်စကားကို ကျွန်တော် စိတ်မဝင်စားလှပါ…။

ကျွန်တော့်စိတ်ထဲ စဉ်းစားနေမိသည်က အရင်တစ်ခေါက်က ကျွန်တော် တွေ့မြင်ထားဖူးသည့် မို့မို့၊ ရီရီမိုး၊ သင်းသင်းယုနှင့် တခြားအမည်မသိ အမှတ်ရနေသည့်အမျိုးသမီးတွေကိုပါ ကျွန်တော် မတွေ့၍ အလေးအနက် စဉ်းစားနေဖြစ်ပါချေ၏။

“ကိုခင်ဇော်ငြိမ်း ထည့်မယ်နော်…”

တ အတွေးရည်များထဲစိမ်နေသည့် ကျွန်တော့်ကိုကြည့်ပြီး ဦးမျိုးကျော် အရက်ထပ်ထည့်ပေးသည်။

ကျွန်တော်သည် အရက်ခွက်ကိုယူပြီး အတွေးနက်မှုကိုဖြင့် မထိတထိသောက်နေဆဲ…



www.burmeseclassic.com

www.burmeseclassic.com



ဟင်…

ကျွန်တော့်ရင်ထဲမှ အာမေဋိတ်သံလိုဖြစ်ပေါ်သွားရပြီး ကျွန်တော်သည် မျက်မှောင်တို့သာသာ တွန့်နေဖြစ်ပါ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်နားထဲ အမျိုးသမီးတစ်ဦး၏ စူးစူးဝါးဝါးအော်သံတစ်သံအား နားနှင့်ဆတ်ဆတ်ကြားလိုက်ရသောကြောင့်ပါ…။

ကျွန်တော်သည် နေရာမှထိုင်ရမလို၊ ထရမလိုတွေးဆချင့်ချိန်နေမိပါသည်။

ကျွန်တော့်ရင်သည် စနိုးစနောင့်ဖြင့် လှုပ်ရှားနေသည်။ ကျွန်တော်သည် လူတွေအားလုံးဆီ မွေ့ရမ်းကြည့်ပစ်လိုက်သည်။

ဧည့်ခံပွဲအတွင်းရှိ လူတွေအားလုံးမှာ စကားများပြောဆိုရယ်မောနေကြ၏။

လူတွေဆီကြည့်ပြီး မသိမသာ ကျွန်တော် ခေါင်းရမ်းနေမိသည်။

ကျွန်တော့်ရင်ထဲမလဲ မတင်မကျဖြစ်နေရလွန်းပါ၏။

ကျွန်တော် ကြားလိုက်သောအသံသည် ရယ်သံမဟုတ်၊ ထိတ်လန့်ချောက်ချားစွာ အော်လိုက်သော အသံမျိုးဖြစ်သည်။





ဧည့်ခံပွဲထဲမှ စကားသံရယ်သံတွေကြားထဲရောက ထိုအသံသည် ပီပီပြင်ပြင် စူးခနဲထိုးဝင်လာခြင်းဖြစ်သည်။

ကျွန်တော်သည် တားဆီးမရသောသံသယတို့ ရှိနေရပါပြီ…။

ထို့ကြောင့် ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။

ကျွန်တော်သည် ဆရာ ဦးမျိုးကျော်အနီး ပခုံးချင်းအနည်းငယ် တိုးကပ်လိုက်ပြီး…

"ဆရာ…"

"ဟင်…"

"ကျွန်တော် ကိစ္စတစ်ခုရှိလို့ အပြင်ထွက်သွားဦးမယ်"

"ဘာကိစ္စလဲ ကိုခင်ဇော်ငြိမ်း…"

"နောက်မှပြောမယ် ဆရာ၊ အခုအချိန်မရှိဘူး၊ ကိုစောသက်ထွေး လာမေးရင် ကျွန်တော် အိမ်ပြန်သွားပြီလို့သာပြောလိုက်ပါ…"

"ကောင်းပြီ ကိုခင်ဇော်ငြိမ်း…"

"ဩော်… ပြီးတော့ ဆရာ၊ ဆရာတို့အဖွဲ့ မပြန်ကြသေးဦးနော်၊ ဧည့်ခံပွဲပြီးလောက်မှပြန်ကြပါ…"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုခင်ဇော်ငြိမ်း…"

ကျွန်တော်သည် နေရာမှထခဲ့ပါသည်။

လူတွေကြားထဲမှ တိုးဝှေ့ပြီး ကျွန်တော်သည် စောခန့်စံအိမ်ကြီး၏ အတွင်းပိုင်းသို့ ဝင်ရောက်ခဲ့ပါသည်။

စောခန့်စံအိမ်ကြီး၏ အတွင်းပိုင်းထဲရောက်မှ စောခန့်စံအိမ်ကြီး၏ အခန်းခန်းအဆောင်ဆောင်တို့ဖြင့် များပြားခမ်းနားလှန်းသည်ကို ပို၍သိမြင်နေရပါချေ၏။

ကျွန်တော်သည် စမ်းတဝါးဝါး သိုသိုဝှက်ဝှက်ဖြင့် အခန်းတိုင်းသို့ ချည်းကပ်ပြီး ဂူးဂူးဝါးဝါးအော်သံကြားမိသည့် အကြောင်းရင်းအား ရှာဖွေနေပါ၏။

ရှာဖွေဆဲ အခန်းတစ်ခုရှေ့သို့အရောက်၊ ကျွန်တော်သည် အခန်းတံခါးကိုလှည့်ဖွင့်ပြီး အနည်းငယ်ဟကာ အခန်းထဲသို့ ခေါင်းဝင်ချောင်းကြည့်လိုက်လေရာ…

ဟာ…

ရင်ထဲမှအာမေဋိတ်သံနှင့်အတူ ကျွန်တော့်တစ်ကိုယ်လုံးသည်လည်း အခန်းထဲသို့ ဇွတ်ခနဲဝင်လိုက်မိပါ၏။

အခန်းတွင်းအရောက် ရုတ်တရက်ရှေ့ဆက်မတိုးသေးဘဲ





နေရာ၌ပင် ခြေစုံရပ်ကာ ကျွန်တော် လှမ်းကြည့်နေမိသည်။

ခုတင်ပေါ်တွင် အမျိုးသမီးတစ်ဦး…။

အမျိုးသ ီးသည် အိပ်ရာပေါ်တွင် ထောင့်စွန်းအနေအထားမျိုးရှိကာ ခေါင်းသည် ခုတင်စွန်းတွင် ခပ်ကျကျလေးရှိနေ၏။

အမျိုးသမီး၏ အခြေအနေသည် မမှန်…။

ကျွန်တော်သည် အမျိုးသမီးဆီကြည့်ပြီး ခေါင်းကိုယမ်းမိသည်။

တစ်ခန်းလုံးသို့လည်း အခြေအနေနှင့်အနေအထားတို့ကို အကဲခတ်ကြည့်ဖြစ်သည်။

သည့်နောက်မှ ကျွန်တော်သည် အမျိုးသမီးရှိရာ ခုတင်နားသို့ ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် တိုးကပ်ကြည့်လိုက်လေတော့…

ဟင်…ဒီအမျိုးသမီးဟာ သင်းသင်းယုပဲ…

ကျွန်တော် မြင်သည်နှင့်မှတ်မိလိုက်ပါသည်။

သင်းသင်းယုသည် ပထမတစ်ခေါက် စောခန့်စံအိမ်သို့ ကျွန်တော် ဧည့်ခံပွဲလာစဉ်က အပြန်တွင် ကျွန်တော့်ရင်ခွင်ထဲသို့ ဘိုင် တိုးဝင်တိုက်လာသည့် အမျိုးသမီးပင်မဟုတ်ပါလား…။



www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းယု လက်ကောက်ဝတ်ဆီ ကျွန်တော် စမ်းမိသည်။

ဟင်..သွေးမတိုးတော့ဘူး၊ သင်းသင်းယု သေ...

"အို..မလုပ်နဲ့..."

ခွပ်...

အ...

× × × × ×

ကိုယ်နှင့်စိတ်တို့ ပေါင်းစည်းလာမိုက်၊ ကျွန်တော့်ခေါင်းတစ်ခုလုံးသည် အုံခဲနာကျင်နေသည့်ဝေဒနာကို ကျွန်တော် သိရှိခံစားလိုက်ရပါသည်။

သတိရလာသော်လည်း ကျွန်တော်သည် ရုတ်တရက်မျက်လုံးတို့ မဖွင့်မိသေးပါ...။

ကျွန်တော့်ပတ်ဝန်းကျင်သည် ဆိတ်ငြိမ်နေ၍ ကျွန်တော်သည် ကျွန်တော့်အဖြစ်များအား ပြန်လည်တွေးတောစဉ်းစားနေမိလိုက်ပါ၏။





မှန်သည်။

ကျွန်တော်သည် အချိန်တို့အတန်ကြာသည်အထိ လောကကြီးနှင့်အဆက်အသွယ် ပြတ်သွားကြောင်းအား ချက်ချင်းသဘောပေါက်လိုက်ပါသည်။

ပြီးတော့...

"အို..မလုပ်နဲ့..."

ခွပ်...

အ...

လောကကြီးတွင် အဆက်ပြတ်လုစပ်ကြား၊ ကျွန်တော်ကြားလိုက်ရ၊ မှတ်မိခံစားလိုက်ရသည့်အသံတွေပါ...။

အို..မလုပ်နဲ့ဟူသော တားမြစ်သံသည် ဒေါက်တာ စောသက်ထား၏ အသံမှန်း ကျွန်တော် ကောင်းစွာမှတ်မိလိုက်ပါသည်။

ဒေါက်တာ စောသက်ထား၏ တားမြစ်သံပေါ်လာပြီးနောက် တစ်ဆက်တည်းပင် ခွပ်ခနဲအသံနှင့်အတူ ကျွန်တော့်ခေါင်းသည် ပူခနဲဖြစ်သွားရပြီး...

ကျွန်တော်သည် သင်းသင်းယုကိုယ်ပေါ်သို့ မှောက်ရက်ကျမိုက်၊ ခုတင်စောင်းနှင့်ကျွန်တော့်နဖူးတို့ ထပ်ဆင့်ရိုက်မိန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်လိုက်ပြန်ပြီးနောက် ကျွန်တော်သည်လည်း လောကကြီးထဲမှ ခေတ္တအလည်အပတ် ထွက်သွားလိုက်ပါတော့၏။

ကျွန်တော်သည် အတွေးများထဲရှိဆဲ ကျွန်တော့်မျက်နှာပေါ်သို့ မွှေးမွှေးအေးအေးလေး အရာတစ်ခုနှင့်ညင်ညင်ကလေး ပွတ်သပ်လာသော အတွေ့တစ်ခုကြောင့်...

မျက်လုံးတို့ဖျတ်ခနဲ ကျွန်တော် ဖွင့်ကြည့်မိသည်။

ထိုအခါ...

ဒေါက်တာ စောသက်ထား...

မှန်သည်။

ဒေါက်တာ စောသက်ထားသည် ထုံးစံအတိုင်း ကျွန်တော့်အား မတည်မတင်း၊ မရယ်မပြုံးအေးစက်စက် မာန်ထည်ထည် မျက်နှာလုလု အကြည့်ငြိမ်ငြိမ်တို့ဖြင့် ကြည့်လာရင်းက...

"သတိရလာပြီလား..."

"ဟုတ်တယ်..."

ဒေါက်တာ စောသက်ထား တင်ထားပေးသည့် ကျွန်တော့်နဖူးပေါ်မှ မွှေးမွှေးအေးအေး ရေစိုအဝတ်ကလေးကို ဖယ်ရှားပစ်လိုက်ပြီး ကျွန်တော် ဆိုသည်။





"ရှင်..ဘာဖြစ်တာလဲ..."

"ဟင်..ဘာပြောတယ်..."

ဒေါက်တာ စောသက်ထားဆီ စူးခနဲတစ်ချက်ကြည့်ပြီး ဒေါသတို့ဖြင့် ကျွန်တော် မေးသည်။

ဒေါက်တာ စောသက်ထားသည် အလွန်တရာမှ မင်သေမာန်ထည်သူမှန်း ထိုနေရာ၌ တစ်ချိတည်းနှင့် ကျွန်တော် သိသွားရပါတော့၏။

ကျွန်တော်၏ဒေါသနှင့် ပြန်မေးလိုက်သည့်စကားအတွက် ဒေါက်တာ စောသက်ထားသည် စိုးစဉ်းမျှတုန်လှုပ်ခြင်းမရှိပါတကား...။

ကျွန်တော်သည် ဆင်သေကိုဆိတ်သရေနှင့်ဖုန်းနေသည့် ဒေါက်တာ စောသက်ထား၏ မင်သေသေအသွင်အား ခံပြင်းသောစိတ်ဖြင့် ကြည့်ပစ်လိုက်ရင်းက...

"ဒီမှာ ဘယ်မလဲအလောင်း..."

"ရှင် ဘာတွေပြောနေတာလဲ..."

"ဘာဗျာ..."

ယောကျ်ားရင့်မကြီးဖြစ်သည့် ကျွန်တော်ကပင် ဆွေ့ဆွေ့



www.burmeseclassic.com

www.burmeseclassic.com



ခုန်ရပါသည်။

ဒေါက်တာ စောသက်ထားကား အကယ်ဒမီရှေ့၊ ခိုးကျူး ထိုက်ပေ၏။

ကျွန်တော်သည်သာ ဒေါသခံပြင်းစိတ်တို့ဖြင့်...

"ဒီမှာ ဒေါက်တာ စောသက်ထား၊ ဒီခုတင်ပေါ်မှာ စောစောကရှိတဲ့ သင်းသင်းယုအလောင်းကို မေးနေတာ..."

"ခင်ဗျားတို့ ဘယ်မှာဖျောက်ဖျက်ပစ်လိုက်ပြီလဲ..."

"ကျုပ်ကိုယ်တိုင်မြင်ထားတာ၊ ခင်ဗျားတို့ ပြေးလွှတ် မယ်များ ထင်နေသလား..."

"ကိုခင်ဇော်ငြိမ်း ရှင် မူးပြီးတွေ့ကရာတွေလျှောက်မပြော စမ်းပါနဲ့..."

"ဟင်..ခင်ဗျား..."

ကျွန်တော်သည် ခုတင်ထက်ထိုင်နေရာမှ ဝုန်းခနဲကရုပ် ကာ လက်သီးတို့ကို ကျစ်ကျစ်ဆုပ်ထားမိတော့သည်။

ဒေါက်တာ စောသက်ထားရှေ့တွင် ကျွန်တော်သည် မျက်နှာချင်းဆိုင် အနေအထားဖြင့် အနီးဆုံးသွားရောက်ရပ်လိုက် ပြီး...





"ဒီမှာ ဒေါက်တာ စောသက်ထား၊ ခင်ဗျားဟာ ဆရာ ဝန်တစ်ယောက်ပါ၊ ခင်ဗျားဘာသဘောနဲ့ ရာဇဝတ်မှုတွေကျူးလွန် ပြီး ဖုံးကွယ်နေရတာလဲ..."

"အို..ကိုခင်ဇော်ငြိမ်း၊ ရှင် လွန်ပြီနော်..."

"အဟော်..ကျွန်တော် လွန်တယ်ဟုတ်လား၊ ဒီမှာ ဒီ ခုတင်ပေါ်မှာ ကျွန်တော့်မျက်စိနဲ့မြင်လိုက်တဲ့ အလောင်းပါဗျာ"

"အို..ဒါက ရှင်မူးမူးရူးရူးနဲ့ အမြင်မှားတာပဲ၊ ရှင် မတရား မစွပ်စွဲပါနဲ့.."

"တောက်..ကဲ ဒါဖြင့် ကျုပ်ကဘာလို့ ဒီအခန်းထဲရောက် နေလဲ၊ ကျွန်တော့်အနားမှာ ခင်ဗျားဘာကြောင့် ရှိနေတာလဲ...

ဟော..ဒီခေါင်းကဒဏ်ရာတွေကကော ဘာကြောင့်ရနေ တာလဲ၊ ပြောစမ်းပါ..."

ကျွန်တော်က ဒေါသဖြင့်ခံပြင်းလှုပ်ရှားနေသလောက်...

ဒေါက်တာ စောသက်ထားကား အမှန်တကယ်ရုပ်ရှင်ရိုက် နေသည်သာဆိုလျှင်တော့ ရိုက်ချက်အခန်းတိုင်း၌ အကယ်ဒမီရနိုင် ပါပေ၏။

ဒေါက်တာ စောသက်ထားသည် လက်ကလေးပိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



တည်ခဲစွာရယ်လျက် ကျွန်တော့်အားကြည့်ဆဲမှ…

"ရှင်းပါတယ် ကိုခင်ဇော်ငြိမ်း၊ ရှင် အရက်တွေမူးပြီး လှေကားပေါ်ကကျလို့ ကျွန်မက ဆရာဝန်တစ်ယောက်ရဲ့ ဝတ္တရားအရ ရှင့်ကို ဒီအခန်းထဲခေါ်ပြီး ဆေးထည့်ကြည့်ရှုတာပဲလေ…"

"ဪ…တောက်၊ နေစမ်းပါဦးဗျ၊ ခင်ဗျားဟာ ဆရာဝန်တစ်ယောက်မှဟုတ်ပါရဲ့လား…"

ကျွန်တော်သည် အပြင်သို့ထွက်ပြူလာသော ဒေါသတို့ကြောင့် ဒေါက်တာ စောသက်ထား၏ လက်မောင်းသားလေးနှစ်ဖက်မှ တင်းကျပ်စွာဖျစ်ဆုပ်ကိုင်ကာ ဆွဲခါပစ်ပြီး ပြောပစ်လိုက်ပါသည်။

"အို…"

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်လက်တွေကို ညင်သာစွာ ဖယ်ရှားလာပါသည်။

ထိုအခါမှ ကျွန်တော်သည်လည်း စည်းကျော်သွားသည့် ကျွန်တော့် အပြုအမူများအတွက် သတိရမိပါ၏။

သို့သော်လည်း ကျွန်တော့်ဒေါသသည် မငြိမ်းပါ…။

ကျွန်တော်သည် ခံပြင်းချက်ဖြင့် စူးခနဲတစ်ချက် ဒေါက်





တာ စောသက်ထားကိုကြည့်ပြီး အခန်းထဲသို့ ဟိုဟိုဒီဒီ ကြည့်မိသည်။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ကိုမကြည့်ပါ။

ကျွန်တော်သည် သတိရစွာ လက်မှနာရီဆီ တစ်ချက်ကြည့်မိသည်။

နာရီပြန်နှစ်ချက်တီး၊ သန်းခေါင်ကျော်နေပေပြီ…။

"ကဲ…ရှင် သတိရရင် ပြန်ချင်ပြန်နိုင်ပြီ ကိုခင်ဇော်ငြိမ်း…"

စကားအဆုံး ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ရှေ့မှ ထွက်သွားပါတော့သည်။

ကျွန်တော်သည် ထောင်းခနဲဒေါသအား ချုပ်တီးလိုက်ရပါသည်။

စိတ်လိုက်မာန်ပါ ဖြစ်မသွားစေရန် အတော်ကြီး ချုပ်တီးလိုက်ရပါသည်။

ဒေါသဖြင့် ကျွန်တော် ဆုပ်ထားမိသည့် လက်သီးတို့မှာ ကျစ်လစ်တင်းမာနေ၏။

ဖြစ်နိုင်လျှင် ဒေါက်တာ စောသက်ထားအား ပွေ့ချီကာ



www.burmeseclassic.com

www.burmeseclassic.com



စောခန့်စံအိမ်ကြီးအပေါ်ဆုံးအထပ်မှ အသားတစ်ခြား၊ အရိုးတခြား တစ်စစီဖြစ်အောင် အောက်သို့ပစ်ချလိုက်ချင်စမ်းပါဘိ…။

"တောက်…ကဲကွာ…"

ဝုန်း…ဒိုင်း…ချွမ်း…ချွင်း…ဒုံး…ဝုန်း…

ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား စိတ်ရှိတိုင်း မလုပ်လိုက်ရသဖြင့်…

ဒေါသထွက်ပေါက်တစ်ခုအဖြစ် အခန်းထဲမှ ရှိသမျှ ပစ္စည်းတွေအပေါ် ဖိညှိုးကာ အားလုံးပျက်စီးရာပျက်စီးကြောင်း ဖျက်ဆီးပစ်ခဲ့ပြီးသော်…

အချိန်အခါမရှိ စောခန့်စံအိမ်ကြီးမှ ကျွန်တော် ပြန်ခဲ့ပါတော့သတည်း…။ ။

ØØ ØØ ØØ





- ရှစ် -

ကျွန်တော်သည် ကနက်သီရိမြို့နှင့်မိုးကုတ်မြို့သွား အဝေးပြေးကားလမ်းမကြီးပေါ်သို့ ရောက်နေလေသည့် သင်းသင်းယု အလောင်းကိုကြည့်ပြီး အတွင်းသွားတို့အား ကျစ်ကျစ်မြည်အောင် ကြိတ်ထားမိပါ၏။

ကျွန်တော့်မျက်လုံးထဲ ဒေါက်တာ စောသက်ထား ပုံရိပ်နှင့်စကားသံတို့အား ပြန်လည်ကြားယောင်ရင်း ပို၍ဒေါသထွက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

မျက်ဝါးထင်ထင် တွေ့မြင်ထားပါလျက်နှင့် လက်တစ်လုံးခြား မလိမ့်တစ်ပါတ်လုပ်ခဲ့လိုက်ရခြင်းအတွက် ခံပြင်းခြင်းနှင့် ဒေါသသည် ဆိုဖွယ်မရှိ…။

"ကိုခင်ဇော်ငြိမ်း အလောင်းကို စစ်ကြည့်ဦးမလား…"

ဆရာ ဦးမျိုးကျော် စကားအတွက် ကျွန်တော်သည် အံကိုကျစ်ကျစ်မြည်စွာ ကြိတ်ရင်း ခေါင်းယမ်းပြလိုက်သည်။

ကျွန်တော့်အနေနှင့် အလောင်းကိုစစ်စရာမလိုသည်က ရှင်းပါသည်။

သင်းသင်းယုသည် စောခန့်စံအိမ်ကြီးထဲ၌ ညကတည်းက အသတ်ခံထားရပြီး နောက်မှကားလမ်းပေါ်သို့ လာပစ်ထားခြင်း အကြောင်းအား ကျွန်တော် သိပြီးသားပင်မဟုတ်ပါလား…။

"ဒါဖြင့် ဆေးရုံယူသွားခိုင်းလိုက်တော့မယ် ကိုခင်ဇော်ငြိမ်း…"

ကျွန်တော် ခေါင်းညိတ်ပြသည်။

ထို့နောက် ကျွန်တော်သည် ဒေါက်တာ စောသက်ထားနှင့် စာရင်းရှင်းရန်အတွက် မည်သူ့ကိုမျှမစောင့်၊ နှုတ်မဆက်တော့ဘဲ





ရှေ့မှဦးစွာ ထွက်လာခဲ့ပါ၏။

ဒေါမာန်ပါနေသည်မို့လည်း ကျွန်တော် မောင်းလာသောကားသည် ဆေးရုံကြီးရှေ့ရောက်သော် ဆောင့်အောင့်၍ထိုးရပ်သွားရသည်။

ကားပေါ်မှဆင်းပြီးသည်နှင့် တစ်ဆက်တည်းပင် ကျွန်တော်သည် ဒေါက်တာ စောသက်ထားရှိရာအခန်းဆီသို့ တလွှားလွှား လှမ်းတက်ခဲ့ပါ၏။

ကျွန်တော့်ခြေလှမ်းများသည် ဒေါက်တာ စောသက်ထား အခန်းဝသို့ရောက်သော်…

ခြေသံကြား၍ ဆတ်ခနဲလှမ်းကြည့်လာသည့် လှုပ်ရှားနေသော ဒေါက်တာ စောသက်ထား၏ မျက်ဝန်းရွဲရွဲကြီးအစုံနှင့် ကျွန်တော့်မျက်ဝန်းအစုံတို့ တန်းတိုးသွားလိုက်ကြပါတော့၏။

ကျွန်တော်သည် ဒေါသမျက်ဝန်းအစုံဖြင့် စူးစူးဝါးဝါး ကြည့်ပြီး ဒေါက်တာ စောသက်ထား ရှေ့သို့ရောက်လာပါသည်။

အလွန်မှမင်ကောင်းသော ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား အေးစက်စက်သော မျက်ဝန်းတွေနှင့်ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်မှောင်းကောင်းသော ဒေါက်တာ စောသက်ထားအား ကျွန်တော်သည် လက်ဖျားခါမိသည်။

စောစောက လှုပ်ရှားနေသောမျက်ဝန်းတို့သည် ယခုသော် အေးစက်စက်ရှိနေကြသည် မဟုတ်ပါလား...။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ အေးခဲခဲ မာန်ထည်ထည်ရှိနေသည့်အသွင်အား ကြည့်ပြီး...

ဒေါက်တာ စောသက်ထားအား ဆွဲဆောင့်ကိုင်ပေါက်ပစ် လိုက်ချင်သည့်စိတ်တို့ကို အတော်ကြီးထိန်းချုပ်ထားနေရပါ၏။

ဒေါက်တာ စောသက်ထားသည် မာန်ထည်ထည်ခပ်ရှင့် ရှင့်အကြည့်နှင့်ပင် ကျွန်တော့်ကို တစ်ချီတစ်ချီ ကြည့်လာသည်မှ လွဲ၍ စကားစ,မဆိုပါ...။

ထိုင်ရာမှပင်လည်း တုတ်တုတ်မလှုပ်၊ ကျွန်တော့်စကား ကိုသာ စောင့်နေဟန်ရှိလေသယောင်ကြောင့်...

ကျွန်တော်ကပင်လျှင် ဒေါသတကြိတ်ကြိတ်ဖြင့် လက်သီးတို့ကျစ်ကျစ်ဆုပ်ထားရင်းမှ ဒေါက်တာ စောသက်ထားအား စေ့စေ့စူးစူးပင် စိုက်ကြည့်ပစ်လိုက်ပြီး...

"ဒီမှာ ခင်ဗျားဟာ ဘာကြောင့် ဆရာဝန်တစ်ယောက်





လုပ်နေသေးတာလဲ...

ခင်ဗျား ဆရာဝန်လုပ်နေသရွေ့ လူတွေအတွက် အန္တရာယ်ရှိနေမှာပဲ...

ခင်ဗျားရဲ့ရက်စက် ယုတ်မာတဲ့စိတ်နဲ့ လူတွေကိုဆေးကု နေဖို့မသင့်တော်..."

ဖြန်း...

ဒေါသချုပ်တီးပြီးပြောနေရသည့် ကျွန်တော့်စကားပင် အဆုံးမတိုင်လိုက်ပါ...။

ဒေါက်တာ စောသက်ထားသည် ထိုင်ရာမှဝုန်းခနဲထပြီး ကျွန်တော့်ပါးပြင်တစ်ဘက်အား လွှဲရိုက်ချလိုက်ပါ၏။

ကျွန်တော်သည် ဖြန်းခနဲအသံနှင့်အတူ ပူစပ်သွားသည့် ပါးပြင်နှင့်ရင်ထဲ ထိန်းချုပ်ထားရသည့်ဒေါသတို့သည် ဟုန်းခနဲ ပေါက်ကွဲထွက်လာရပါတော့၏။

"ဟင်..ခင်ဗျား ကျွန်တော့်ကိုရိုက်တယ်ဟုတ်လား..."

"အို..."

"အဟား..ခုမှ မအိုပါနဲ့၊ မျက်လုံးမပြူးပါနဲ့..."

"ဒီမှာ ခင်ဗျားကိုလေ ကျုပ်ကိုယ်တိုင်..."



www.burmeseclassic.com

www.burmeseclassic.com



"အို..လွှတ်၊ အပြင်မှာခြေသံကြားတယ်ရှင့်..."

မှန်သည်။

ကျွန်တော်လည်း အပြင်မှခြေသံကိုကြားပါ၏။

တောက်...

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ မွှတ်မွှတ် အိအိလက်မောင်းလေးနှစ်ဘက်မှ ဒေါသအားနှင့်တင်းကြပ်နာကျင်အောင် ဖျစ်ဆုပ်ကိုင်ကာ ဆွဲဆောင့်တွန်းပစ်မည်ပြုဆဲမှ...

ဝင်လာသူသည် ကျွန်တော်နှင့်ဒေါက်တာ စောသက်ထားတို့၏ မဖွယ်မရာမပြေမလည်မြင်ကွင်းအား မြင်တွေ့သွားမည်စိုးသောကြောင့်...

ကျွန်တော်သည် စိတ်ကိုလျှော့ကာ ဒေါက်တာ စောသက်ထားအား ဖျတ်ခနဲအလျင်စလို လွှတ်ပေးလိုက်ရပြီး...

"ခင်ဗျားနဲ့ကျွန်တော် ဒီနေ့ပဲထပ်တွေ့စရာရှိသေးတယ်"

ကြိတ်ကြိတ်ဆိုရစ်ကာ ကျွန်တော်သည် ဒေါက်တာ စောသက်ထားရှေ့မှ ချာခနဲလှည့်ထွက်ခဲ့ပါတော့၏။

အခန်းဝအရောက်တွင် နာ့စ်တစ်ယောက်နှင့်ကျွန်တော် ဆုံသည်။





ကျွန်တော် သိလိုက်ပါသည်။ သင်းသင်းယုအလောင်း ဆေးရုံရောက်ပြီမို့ ဒေါက်တာ စောသက်ထားအား ဆေးစစ်ချက် ပေးရန် နာ့စ်က လာရောက်အကြောင်းကြားခြင်းပင်ဖြစ်ပါချေ၏။

ကျွန်တော်သည် ဆရာ ဦးမျိုးကျော်တို့ရှိနေသည်မို့ ဒေါက်တာ စောသက်ထား ပေးသည့်ဆေးစစ်ချက်ကို မစောင့်တော့ပါ။

ကြိတ်မနိုင်ခဲမရစိတ်တို့နှင့်ပင် ရုံးသို့ပြန်ခဲ့သည်။

ရုံးရောက်သည်တွင်လည်း ကျွန်တော့်စိတ်များသည် နေမထိ၊ ထိုင်မသာဖြင့် ဒေါသစိုစိုရှိနေရပါသည်။

ကျွန်တော်သည် သင်းသင်းယုအလောင်းနှင့်ညက ကျွန်တော့်အဖြစ်တွေကို မြင်ယောင်ရင်း၊ ဒေါက်တာ စောသက်ထားအပေါ် ဒေါသများတစ်ချိန်လုံး ထွက်နေရပါသည်။

လက်သီးဆုပ်လိုက်၊ မေးကြောကြီးများတင်းလာလိုက်၊ ဒေါသလုံးများမျိုချလိုက်ဖြင့်၊ တစ်နေ့လုံး ကျွန်တော်သည် ဒေါသများ ထွက်နေရသောကြောင့် စိတ်လက်ပေါ့ပါးခြင်းမရှိနေလာရပြီးမှ...

ညနေရုံးဆင်းချိန်ထက်စောကာ ကျွန်တော်သည် ရုံးမှထွက်လာခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မောင်းလာသောကားလေးသည် မြို့ပြင်အိမ်ပြန်လမ်းပေါ်သို့ရောက်သော်၊ လမ်းတစ်နေရာ၌ ရပ်ထားလိုက်ပါသည်။

ထိုနေရာ၌ ဒေါက်တာ စောသက်ထားတစ်ယောက် ဆေးရုံမှပြန်လာချိန်အား ကျွန်တော် စောင့်နေခြင်းပါ...။

ကျွန်တော် နာရီဆီတစ်ချက်ကြည့်လိုက်သည်။ ဒေါက်တာ စောသက်ထား ပြန်လာတော့မည်ကို ကျွန်တော် သိလိုက်၏။

ကျွန်တော် စောင့်ဆဲ၊ မကြာပါ...။

ခပ်လှမ်းလှမ်းမှ ဒေါက်တာ စောသက်ထား ကားလေးလာနေသည်ကို ကျွန်တော် တွေ့လိုက်ရပါ၏။

ကျွန်တော်သည် လက်ပြတား၍ ရမည်မဟုတ်သောကြောင့် ကျွန်တော့်ကားအား လမ်းပေါ်တွင် ဂလန့်ထား၍ ရပ်ထားလိုက်ရပါသည်။

ဒေါက်တာ စောသက်ထား ကားသည် နီးလာပြီ၊ ကားပေါ်မှဆင်းကာ ကျွန်တော် ရပ်စောင့်နေလိုက်သည်။

တီး...

ဟွန်းတစ်ချက်နှိပ်ပြီး ဒေါက်တာ စောသက်ထား ကား





သည် ရောက်လာပါပြီ...။

ဒေါက်တာ စောသက်ထားသည် လမ်းပေါ်ကန့်လန့်ရှိနေသည့် ကျွန်တော့်ကားနှင့်ကျွန်တော့်ထံ လှမ်းကြည့်လာပြီး...

"ရှင်..ဒါ ဘယ်လိုလုပ်ထားတာလဲ..."

"မြင်တယ်မဟုတ်လား၊ လေကုန်ခံပြီး မေးမနေနဲ့..."

"ရှင်..လူကြီးလူကောင်း အရာရှိတစ်ယောက် ပီသစမ်းပါ..."

"အဟတ်..ဟား၊ ခင်ဗျားလိုလူဂုဏ်ထန်အရေခြုံပြီး နောက်ကွယ်ရာဇဝတ်မှုတွေ ကျူးလွန်နေသူလို့များ မှတ်နေသလား..."

"ရှင်..အသရေမဖျက်နဲ့နော်..."

"အဟွန်း..ဟွန်း၊ ကျွန်တော်က အသရေဖျက်တယ်၊ ဟုတ်လား ဒေါက်တာ စောသက်ထား..."

ကျွန်တော်သည် ကျွန်တော့်ကားအား မှီရပ်ကာ လက်ပိုက်ပြီး စကားတွေလှမ်းပြောနေရသည်ကို ခံပြင်းစိတ်တို့ဖြင့် အားမရနိုင်လာရလေ၍ ဒေါက်တာ စောသက်ထား ကားအနီးသို့ တိုးလျှောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား အေးစက်စက်၊ ခပ်ရင့်ရင့်မာန်ထည်ထည်အသွင်နှင့်ပင် ကြည့်ဆဲမှ…

"ရှင်..ကျွန်မကို စကားအရာနဲ့စော်ကားလွန်းနေပြီ၊ စကားကိုဆင်ခြင်ပြောပါ…"

"အဟား..ဟား..ဟား..ဟား…"

ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား ခံပြင်းစိတ်နှင့်သဘောကျစွာ လှပ်ရယ်ရင်း ရည်ရွယ်ချက်မဲ့ အလိုအလျောက်စိတ်ဖြင့် ဒေါက်တာ စောသက်ထား ကားထဲသို့ဝင်ရောက် ထိုင်ဖြစ်သွားရပါလေသည်။

"ဟင်..ရှင် ကျွန်မ ကားထဲဝင်လာတယ်၊ အို..ဆင်းဆင်း…"

"ဒီမှာ ကျုပ်ကို မနှင်စမ်းပါနဲ့၊ ကျုပ်က နှင်တိုင်းသွားတဲ့ လူမဟုတ်ဘူး…

ကျုပ် သိချင်တာကိုပြော၊ ခင်ဗျား ဒီနေ့ပေးတဲ့ဆေးစစ်ချက်ကို ကျုပ် သိချင်တယ်…"

"ရှင် ကျွန်မကို အပြစ်ရှာပြီးလာမမေးနဲ့၊ ရှင် သိချင်ရင် ဦးမျိုးကျော်တို့ကိုသွားမေး၊ ကျွန်မ အားလုံးပြောပြထားပြီးပြီ…"





"ခင်ဗျားဆီကဲသိချင်လို့ ကျုပ် မေးနေတာ၊ ခင်ဗျား ပြောဗျာ…"

"ရှင် ရမ်းကားလှချည်လား ကိုခင်ဇော်ငြိမ်း…"

"ဘာဗျ..အဟား ကျုပ်က ရမ်းကားတယ်ဟုတ်လား၊ ခင်ဗျားကို ကျုပ် ဘာရမ်းကားမိသလဲ…"

"ဒီမှာ ရမ်းကားတယ်ဆိုတာ ဒီလိုဗျာ…"

"အို…"

ကျွန်တော်သည် ခံပြင်းစိတ်အသည်းယားယားစိတ်တို့နှင့် ဒေါက်တာ စောသက်ထားကိုယ်လုံး မွေးမွေးအိအိလေးအား ရင်ခွင်တွင်းသို့ ရုတ်ချည်းဆွဲသွင်းလိုက်ပါတော့သည်။

"အို..ရှင်..လွှတ်…"

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ရင်ခွင်ထဲမှ ဒေါသပုန်ထကာ ရုန်းပါသည်။

သို့သော်လည်း ကျွန်တော်ကား…

ရည်ရွယ်ချက်မဲ့၊ မထင်မှတ်ပါဘဲနှင့်ပင် ဒေါက်တာ စောသက်ထား၏ ဝင်းပပဖွေးနုနုအလှဆုံး မျက်နှာလေးထက်၌ အနမ်းမှန်တိုင်းများ ဒလစပ်ထန်နေမိပါတော့သတည်း…။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စောစောက ရည်ရွယ်ချက်မဲ့သော်ငြား..

အမှတ်တမဲ့ရှိသော်ငြား...

ခုသော်ဖြင့်..ခုသော်ဖြင့်...

ကျွန်တော်သည် ပင့်ကူအိမ်တိုးမိသော ချစ်လိပ်ပြာကြီးကဲ့သို့ မေတ္တာအချစ်စေးတို့ဖြင့် တစ်ကိုယ်လုံးတုတ်နှောင်ခံထားလိုက်ရသလို ရှိပါတော့သတည်း...။

ဒေါက်တာ စောသက်ထားအနေဖြင့် မည်သို့ရှိမည်မသိ၊ ကျွန်တော့်အနေဖြင့်မူ ကျွန်တော်သည် ရင်ထဲအသည်းစိုင်ကြီးတစ်ခိုင်လုံး ပွရှိန်းလှုပ်ရှားနေရပါ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် ဘဝတွင်အမျိုးသမီးတစ်ဦးနှင့်အနီးကပ်ဆုံး ပထမဆုံးနေဖူးခြင်းပါတည်း...။

ရင်းနှီးသူမိတ်ဆွေများနှင့် သူငယ်ချင်းများက ပြောသလိုပဲ ကျွန်တော်သည် ချောသည်။

အရပ်မြင့်သည်။

အသားလတ်၍ စိုညက်သည်။

အားကစားဘက်တွင် ထူးချွန်သည်။

လူချောလူရည်သန့် မှန်းသိနေ၍လည်း မိန်းကလေး





အမျိုးသမီးများရှေ့တွင် ပို၍မာနကြီးတတ်သော ကျွန်တော်ကား ယခု သုံးဆယ့်တစ်နှစ်အထိ သန့်ရှင်းစွာရှိနေဆဲဆိုလျှင် ကြွားသည် ပင်ထင်ကြပါလိမ့်မည်...။

တကယ်တော့ ကျွန်တော်သည် အသန့်ရှင်းဆုံးလူအမှန်ပါ...။

ကျွန်တော်သည် ယနေ့အထိ မည်သည့်မိန်းကလေးမျိုးနှင့်မှ တရင်းတနှီးနေဖူးခြင်းမဆိုနှင့် ရင်းနှီးသောအကြည့်မျိုးပင် မရခဲ့ဘူးပါ...။

သည်လိုစံပြယောကျ်ားပါ...။

ကျွန်တော်သည် တစ်သက်တွင်တစ်ခါသာ ခံစားဖူးသော အတွေ့ကြောင့် ရင်သည် နွေးလှိုက်၍ထူးခြားစွာ ခံစားရပါသည်။

ဆိုရသော် ကျွန်တော်သည် တပ်မက်မိသည်။ နှစ်ခြိုက်ခုံမင်မိသည်။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ရင်ခွင်ကြီးအား တွန်းဖယ်ရန်းကန်နေသော်လည်း မရပါ...။

သဘောတွေ့နေမိသော ကျွန်တော်သည် လွတ်သွားမည်ပင်စိုးသည့်အလား၊ တင်းသထက်တင်းကြပ်စွာ ဖက်ထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မွှတ်မွှတ်သိပ်သိပ် နမ်းနေမိ၏။

ကျွန်တော်သည် မည်မျှအထိ ဒေါက်တာ စောသက်ထားအား တစ်ကိုယ်လုံးထက် အနမ်းပွင့်များ ကြဲဖြန့်နေမိသည်အထိ။

အတွေ့မှုန်စိတ်မှ ကျွန်တော် အသိများရှိလာခိုက်၊ ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ရင်ခွင်တွင်းဝယ် ရှန်းကန်ရုန်းဖယ်များလာ၍ မရုန်းနိုင်တော့လောက်အောင် နွမ်းမောနေရှာလေပြီဖြစ်၏။

ထိုအခါမှ ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား သနားစိတ်ဖြင့် သာသာဖြေလွှတ်ပေးမိပါတော့သည်။

ဒေါက်တာ စောသက်ထားသည် ကျွန်တော်အား လွန်စွာမှ မုန်းတီးစက်ဆုပ်စွာ ကြည့်လာပြီး…

"လူကြီးလူကောင်းမပီသတဲ့ လူယုတ်မာ၊ ကဲ..ဖြန်းဖြန်း…"

ကျွန်တော်သည် လွန်ကဲသွားသောအပြစ်နှင့်ပေမမို့ ဒေါက်တာ စောသက်ထား၏ ပန်းနှင့်ပေါက်သောလက်တို့ပြန်ချက်အား မျက်လုံးမှိတ်၍ ခံလိုက်ရပါချေ၏။

"ရှင် ကျွန်မကားပေါ်က ခုဆင်းပါ…"





ကျွန်တော် စကားမဆိုမိပါ။ ဒေါက်တာ စောသက်ထားကားပေါ်မှဆင်းခဲ့ပါသည်။

တောက်…

ကျွန်တော့်ကားရှိရာသို့ လျှောက်သွားသည်တွင် ဒေါက်တာ စောသက်ထား၏ ဆတ်ဆတ်ခါသော တက်ပြင်းပြင်းတစ်ချက်ကို ကျွန်တော် ကြားလိုက်ရပါ၏။

ကျွန်တော်သည် နောက်သို့မှတစ်ချက် လှည့်မကြည့်၊ နေရာမှကားကို မောင်းထွက်ခဲ့ပါလေတော့၏။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



- ကိုး -

ဒေါက်တာ စောသက်ထားသည် မနေ့ကတည်းက စိတ်တို့မကြည်လင်၊ ဒေါသနှင့်အရှက်တရားတို့ရောကာ ခံပြင်းနာကျင်နေပါလေ၏။

မျက်လုံးထဲမနေ့က ရဲအရာရှိ ခင်ဇော်ငြိမ်းဆိုသည့်လူ၏ မဖွယ်မရာ အပြုအမူများအား မြင်ယောင်ရင်း အိပ်မပျော်စားမဝင်နေမသာနိုင်အောင်ပင် ဒေါသအမျက်တို့ချောင်းချောင်း ထွက်နေ





ရပါချေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော်...

သည်နေ့ အလုပ်အားရက်မို့ ဒေါက်တာ စောသက်ထားသည် တစ်ကိုယ်တည်းအနားယူကာ အေးချမ်းစွာနေပါသော်ငြား..

မခံမရပ်နိုင်သော ဒေါသအတွေးများ ဖိစီးနေသောကြောင့် ဒေါက်တာ စောသက်ထားကား တစ်သက်နှင့်တစ်ကိုယ်တွင် အရှက်ဆုံး၊ ခံအပြင်းဆုံး၊ နာအကြည်းဆုံးဝေဒနာများ တစ်ကိုယ်တည်း ကြိတ်ခံစားနေရလေ၏...

မည်သူ့အား ဒေါသလွှဲပြောင်းအပြစ်ဖို့ရမှန်းမသိ၊ ဘာတွေပြော၍ ဘာတွေဆိုရမှန်းမသိရှိနေရရှာသည် မဟုတ်ပါလား...။

တောက်...

ကြိတ်မနိုင်စွာ ဒေါသခံပြင်းစိတ်တို့ဖြင့် တက်တစ်ချက်ကို ခေါက်လိုက်မိသည်။

ဟင်း..ငါ ခုလိုမဖွယ်မရာစော်ကားခံရတာတွေ၊ သံသယအဖြစ်ခံရတာတွေဟာ...

မောင်လေးကြောင့်..မောင်လေးကြောင့်၊ မောင်လေး မလိမ္မာလို့၊ မောင်လေး မိုက်တွင်းနက်လို့...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်··မောင်လေးကြောင့် တွေချည်းပဲ၊ ဒီကောင်လေး ငါ သွားပြောရဦးမယ်···

ဒေါက်တာ စောသက်ထားသည် တရားခံရှာဆဲ၊ မောင်ဖြစ်သူဆီ အတွေးရောက်သည်နှင့်ထိုင်ရာမှ ထထွက်ခဲ့ပါတော့၏။

ရှိသမျှသောအမျိုးသမီး သူတကာတွေထက် အလှပဆုံး အပြေပြစ်ဆုံး ကိုယ်ဟန်အား ပိုင်ဆိုင်ထားသည့်တိုင် နွဲ့နွဲ့နှောင်းနှောင်းမရှိ···။

ဒေါက်တာ စောသက်ထားသည် ဖြောင့်၍မတ်သော တောင့်သောခြေလှမ်းတို့ ချီလှမ်းလျှောက်ပုံသည်ကပင် တစ်ဘာသာထူးခြား၍ ထည်ဝါခမ်းနားနေရပါလေ၏။

ဒေါက်တာ စောသက်ထားသည် စောခန့်စံအိမ်ကြီးထဲမှ ဟိုအခန်းရှိနိုးနိုး၊ ဒီအခန်းရှိနိုးနိုးဖြင့် မောင်ဖြစ်သူရှိမည့်အခန်းအား ရှာဖွေပြီးကာမှ···

အရက်ဘားဖွင့်ထားသည့် အခန်းတွင် မောင်ဖြစ်သူ စောသက်ထွေးအား တွေ့လိုက်ရလေ၏။

“ဩော်··မမ၊ လာလေ၊ ဘာကိစ္စရှိလဲ၊ ထိုင် မမ···”

“ဟင်း···”





ဒေါက်တာ စောသက်ထားသည် အချစ်ဆုံးသော မောင်လေး၏မျက်နှာ ချောနုနုလေးကိုကြည့်ပြီး ဝမ်းနည်းသယောင်၊ ရင်တွင်းသက်မမောအား ချဖြစ်လေသည်။

“မောင်လေး···”

“ဗျာ··မမ၊ ထိုင်လေ မမရယ့်၊ မတ်တတ်ကြီးနဲ့···”

စောသက်ထွေး ထိုင်ခိုင်းသော်လည်း ဒေါက်တာ စောသက်ထား မထိုင်၊ စောသက်ထွေးအနီး သွားရောက်ရပ်ကာ စောသက်ထွေး ဆံပင်ပျော့ပျော့ထူထူလေးများအား ပွတ်သပ်ပေးမိသည်။

သားဆိုးအား ကြင်နာစွာဆုံးမရှာမည့် အသွင်ရယ်မျိုးပါ။

“မောင်လေးရယ်··မောင်လေး လုပ်ရပ်တွေလွန်နေပြီကွယ်···”

“ဘာလွန်တာလဲ မမ···”

“မမကို အဲဒီလိုပြန်မမေးနဲ့ မောင်လေး၊ မောင်လေးလုပ်တဲ့အလုပ်တွေကို မောင်လေး အသိဆုံးပဲမဟုတ်လား···

မမဟာ ဆရာဝန်တစ်ယောက်ပါ မောင်လေး၊ အခုဆို မမကို ရဲတွေကတောင် မသင်္ကာဖြစ်နေပြီကွယ့်···”



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း..ဟွန်း ရဲတွေကလို့မပြောပါနဲ့ မမရာ၊ ကိုခင်ဇော်ငြိမ်းကလို့ပြောစမ်းပါ..."

"အေးလေကွယ်..အဲဒီလူကလည်း ရဲအရာရှိတစ်ယောက်ပဲမဟုတ်လား..."

"လွယ်ပါတယ့် မမရာ၊ မပူစမ်းပါနဲ့ဗျာ..."

"အို..မင်း ဘယ်လိုပြောလိုက်တာလဲကွယ်၊ ရဲအရာရှိခင်ဇော်ငြိမ်းဆိုတဲ့လူကို လွယ်မယ်များ မောင်လေးက ထင်သလား..."

"အဟွန်း..ဟွန်း မမကလည်းဗျာ၊ ဒီတစ်နည်းနဲ့မလွယ်ရင်လည်း နောက်တစ်နည်းပေါ့၊ လွယ်တဲ့နည်းတွေအများကြီးရှိပါတယ် မမရာ..."

ဒေါက်တာ စောသက်ထားမှာ စိတ်ဆင်းရဲလှစွာ မောင်ဖြစ်သူကိုကြည့်နေမိလေသည်။

သည့်နောက် စိတ်ကိုလျှော့ကာ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်ပြီး...

"မမ သိပ်စိတ်ညစ်တာပဲ မောင်လေး၊ မမ စိတ်ဆင်းရဲတယ်၊ မင်း ဘာသိသလဲ..."





"မမ ဘာတွေစိတ်ညစ်လဲ၊ ဘာတွေစိတ်ဆင်းရဲလဲ၊ ကျွန်တော် မသိတာရှိရင် မမ ပြောပြလေ..."

"မောင်လေး..မမ ဘာတွေစိတ်ညစ်တယ်၊ ဘာတွေစိတ်ဆင်းရဲနေတယ်ဆိုတာ မင်း သိပါတယ်၊ မမကို မေးမနေနဲ့"

"မမကလဲဗျာ၊ အဟွန်း..အဟွန်း..."

စောသက်ထွေးအသွင်က အေးအေးဆေးဆေးပင် ယနေ့တိုင် အခက်အခဲအနှောင့်အယှက်များနှင့် ရင်မဆိုင်ခဲ့ဘူးသေးသော စောသက်ထွေးအတွက် အရာရာသည် လေးနက်မှုမရှိ၊ ပေါ့ပျက်ပျက်ပင်ရှိ၏။

"မောင်လေး..."

"ဗျာ..."

"မောင်လေး အလုပ်တွေရပ်တန်းကရပ်စေချင်ပြီကွယ်"

"တော်တော့ဗျာ၊ မမနဲ့ကျွန်တော်နဲ့ စကားမပြောတာပဲကောင်းတယ်..."

ထူးထူးဆန်းဆန်း ဒီနေ့မှ မမက ကျွန်တော်နဲ့ဘာကိစ္စရှိလို့လာစကားပြောတာလဲ..."

"ထွေး..မင်းဟာလေ၊ မမရဲ့မေတ္တာစေတနာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှအသိအမှတ်မပြုဘူး၊ မင်း တစ်နေ့ဒုက္ခရောက်မယ့်အရေး မြင်နေလို့ မမ ပြောနေရတာကွယ်...

မင်း ထင်သလို ကိုခင်ဇော်ငြိမ်းဆိုတဲ့လူက လွယ်မယ်များမှတ်နေသလား...

အရင်ကလူတွေလို မင်း ခါးပိုက်ထဲထည့်ထားနိုင်မယ်များထင်နေလား...

မင်းကြောင့် မမမှာလည်း ဘယ်လောက်သိက္ခာကျရသလဲ၊ ဘယ်သူတွေစော်ကားလို့ စော်ကားခံရတယ်ဆိုတာကော မင်း သိရဲ့လား...''

''ဘာ...မမ စော်ကားခံရတယ်ဟုတ်လား၊ ဘယ်သူလဲ၊ ဘယ်ကောင်လဲပြော၊ ပြောလေ မမ...

မမကို စော်ကားတဲ့သူကို ကျွန်တော်ကိုယ်တိုင် သတ်မယ်ဗျာ...''

သည်လိုတော့လည်း မိမိမောင်လေးသည် မိမိအတွက် ဆတ်ဆတ်ထိမခံ၊ အစ်မဖြစ်သူကိုချစ်သားပဲဟု ဒေါက်တာ စောသက်ထားသည် အတွေးဖြင့်ကျေနပ်ရရှာပါ၏။

''ပြောလေ မမ၊ မမကို စော်ကားတဲ့သူဟာ ဘယ်သူ





လဲ...''

အစ်မဖြစ်သူထံ လျှောက်လာပြီး စောသက်ထွေး မေးသည်။ စောသက်ထွေး မျက်နှာချောချောမှ အမှန်ပင်လည်း တင်းမာနေပါ၏။

ဒေါက်တာ စောသက်ထားသည် မိမိအတွက် ခံပြင်းနေသည့်မောင်ဖြစ်သူ၏ မျက်နှာလေးဆီကြည့်ပြီး...

''ဘယ်သူရှိမလဲ မောင်လေး၊ မောင်လေး အထင်သေးနေတဲ့ ကိုခင်ဇော်ငြိမ်းဆိုတဲ့သူပဲ...''

''ဟင်..ဗျာ၊ ကိုခင်ဇော်ငြိမ်း၊ ဟုတ်လား မမ...''

စောသက်ထွေး အံ့သြသွားသည်။ အစ်မဖြစ်သူ၏ အလွန်တရာမှလှပချောမွေ့သည့် မျက်နှာလေးဆီလည်း စောသက်ထွေး ကြည့်နေမိ၏။

စောစောက တင်းမာနေသော စောသက်ထွေးမျက်နှာမှာတော့ အတွေးရည်များဝင်ရောက်သလိုရှိနေ၏။

စောသက်ထွေးမှာ အတန်ကြာသည်အထိ တွေးဆဆဟန်နေပြီးကာမှ...

''ကိုခင်ဇော်ငြိမ်းက စော်ကားချင်စိတ်တော့ ရှိမယ်မထင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး မမရာ…"

"ဟင်‥ဩော်၊ စော်ကားချင်စိတ်မရှိဘူးတဲ့လား…"

"ဟုတ်တယ် မမ၊ မမကို သူ စိတ်ဝင်စားနေမှာပါ‥"

"ဘာပြောတယ် ထွေး၊ တော်‥တော်‥တောက်၊ အစ်

ကိုများ မလေးမစားပြောတဲ့ကောင်လေး…

မင်းနဲ့ ဘယ်တော့မှစကားမပြောတော့ဘဲ ကောင်းမယ်"

မောင်ဖြစ်သူစကားအတွက် မကျေနပ်၊ ဒေါသဖြစ်ဖြစ်

စကားအဆုံး ထိုင်ရာမှဆတ်ခနဲထ,ကာ ဒေါက်တာ စောသက်ထ

သည် ထွက်သွားလိုက်ပါတော့၏။

အစ်မဖြစ်သူ နောက်ကျောလှလှလေးအား စောသက်ထွေ

လှမ်းကြည့်နေမိလေသည်။

ဒေါက်တာ စောသက်ထား၏ နောက်ကျောလေး ကွ

ပျောက်သွားလေမှ…

စောသက်ထွေးသည် အဖြေတစ်ခုပေါ်သော အပြုံး

ချက်ဖြင့် ကျေနပ်စွာရှိနေပါသတည်း‥။ ။

ØØ ØØ ØØ





\- တစ်ဆယ် -

သည်နေ့ တနင်္ဂနွေနေ့…။

ကျွန်တော်သည် စောခန့်စံအိမ်ကြီးသို့ ရောက်လာရပြန်ပါသည်။

ယခင်ထက် ထူးခြားမှုတစ်ရပ်ရှိသည်က စောခန့်စံအိမ်၌ ကျွန်တော့်ကားလေး ထိုးရပ်လိုက်သည်နှင့်ပင်…



www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်ဖုန်းမှတစ်ဆင့် ကျွန်တော် တွေ့ချင်သူကို မခေါ်ရပါဘဲနှင့်…

စောခန့်စံအိမ်၏တံခါးပေါက်သည် ကျွန်တော့်အတွက် အသင့်ပွင့်နေခြင်းနှင့်အတူ…

"ကြွပါ ဦးခင်ဇော်ငြိမ်း၊ ဘယ်သူနဲ့တွေ့ချင်ပါသလဲရှင်"

ကျွန်တော်သည် မျက်ခုံးတစ်ဖက်မြင့်တက်သွားရပြီး စိတ်ထဲမှလည်း ပြုံးဖြစ်သွားရပါ၏။

"ကိုစောသက်ထွေးရှိလား…"

"ကိုစောသက်ထွေး အပြင်ထွက်သွားပါတယ်၊ ဒေါက်တာ စောသက်ထားတော့ရှိပါတယ်၊ ဒေါက်တာနဲ့တွေ့ချင်ပါလား ရှင်…"

ကျွန်တော့်အား စကားပြောနေသည့် အမျိုးသမီးကြီးကို ကျွန်တော် ကြည့်ဖြစ်လိုက်သည်။

ထူးထူးဆန်းဆန်းဟု စိတ်ထဲလည်းရှိနေမိပါ၏။

ယခင်တစ်ခေါက်က ဒေါက်တာ စောသက်ထားသည် အတွေ့ခံဖို့မဆိုနှင့်…

အမျိုးသမီးကြီး၏ ယခုကဲ့သို့စကားအသွား အလာမျိုးပင်





မရှိခဲ့ပါ…။

ယခု ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား အတွေ့ခံမှာလားဟူသော မထင်မကျစိတ်ဖြင့် အကဲစမ်းလိုက်ရပါ၏။

"ဖြစ်နိုင်ရင်တော့ တွေ့ချင်တယ်…"

"ဟုတ်ကဲ့၊ ဧည့်ခန်းထဲမှာ ခဏစောင့်ပါရှင်၊ ကျွန်မ သွားအကြောင်းကြားလိုက်ပါ့မယ်…"

ကျွန်တော်သည် တိတ်ဆိတ်နေသော ဧည့်ခန်းကြီးထဲ ဝင်ရောက်ခဲ့ပါသည်။

ကျွန်တော်သည် စီးကရက်တစ်လိပ်ကိုဖွာပြီး စောခန့်စံ အိမ်၏ အခန်းအဆောင်များဆီလိုက်၍ ကြည့်နေမိသည်။

ထိုအခိုက် ကျွန်တော့်နားသည် ပါးလှပ်လွန်းပါ၏။

မကြားနိုင်အောင် ညင်သာတိုးဖွသည့် ခြေသံလေးကိုပင် ကျွန်တော် ကြားလိုက်ရသည်။

ကျွန်တော် ဖျတ်ခနဲလှည့်ကြည့်ခိုက် ဒေါက်တာ စော သက်ထားသည် ကျွန်တော့်အား သူမ၏စတိုင်လ်မှန်တည်တည် ကြီးဖြင့် ကြည့်လာရင်းက…



www.burmeseclassic.com

www.burmeseclassic.com



"ရှင် စောင့်နေရတာကို ကျွန်မ အားနာပါတယ်…"

"ကိစ္စမရှိပါဘူး၊ သိပ်မှမစောင့်ရတာဘဲဗျာ…"

"ရှင့်ကိစ္စကိုပြောပါ…"

ဒေါက်တာ စောသက်ထားသည် ကျွန်တော်နှင့်နှစ်လံ အကွာဆိုဖာတွင် သွားရောက်ထိုင်ရင်း ဆိုပါသည်။

ကျွန်တော် ထိုင်ရာမှထ,ကာ ဒေါက်တာ စောသက်ထား အနီး လျှောက်သွားပြီး သူမ၏ရှေ့တည့်တည့်မှ စားပွဲပေါ်တွင် မျက်နှာချင်းဆိုင်ထိုင်ရင်းက…

"ကျွန်တော်က စကားပြောရင် ခုလိုအနီးကပ်ပြောမှ ရတယ်…"

ဒေါက်တာ စောသက်ထားသည် ကျွန်တော် ထိုင်နေသည့် စားပွဲပေါ်သို့ အကြည့်များရောက်နေလေ၍ ကျွန်တော်လည်း ငုံ့ကြည့်မိသည်။

"ဆောရီး…"

ဆိုရင်း ကျွန်တော် ဖိထိုင်ထားသည့်အောက်မှ နိုင်ငံခြား မဂ္ဂဇင်းစာအုပ်နှစ်အုပ်ကို ဆွဲထုတ်ယူကာ ဘေးဖယ်ထားလိုက်ရပါသည်။





ဒေါက်တာ စောသက်ထားသည် စကားနည်း၍ အေးဆေး တည်ငြိမ်လွန်းသည်ကိုတော့ ကျွန်တော် ခန့်မှန်းမိသည်။

ဒေါက်တာ စောသက်ထားက စကားဆက်မဆိုလေတော့၊ ကျွန်တော်ကပင်…

"ကိုစောသက်ထွေးကော…"

"မောင်လေးမရှိဘူး…"

"ဘယ်သွားလဲ…"

"ကျွန်မကို ဘာမှမပြောသွားဘူး…"

"ဒီနေ့ သိပ်ထူးဆန်းတာပဲ…"

ကျွန်တော့်စကားအတွက် ဒေါက်တာ စောသက်ထား ကျွန်တော့်ကို အေးစက်စက်ကြည့်လာသည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ မှုန်နှုမှုန်း ထွင့်နေအောင် လှသောအလှတရားများဆီ ကြည့်ဆဲ…။

စိတ်ထဲနှင့်ခနဲ၊ ရင်ထဲနွေးခနဲဖြစ်ကာ ဒေါက်တာ စော သက်ထားအား သနားသွားမိရပါ၏။

မှန်သည်။

အဘယ်ကြောင့်ဆိုသော်…



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စောသက်ထားသည် ကျွန်တော် ဘာကိုကြည့်နေကြောင်း သိပုံရသွားဟန်ရှိသည်။

မျက်နှာလှလှလေးသည် ရဲပခေါင်းခတ်သွားရရှာရင်းမှ...

"ကျွန်မ သိပ်အချိန်မရဘူး၊ ရှင် လာရင်းကိစ္စကို ပြောပါ..."

"ကျွန်တော် လာတာ ကိုစောသက်တွေးဆီပါ၊ ကိုစောသက်တွေးမရှိတော့ ဒေါက်တာနဲ့တွေ့တော့လည်း ကျွန်တော့်အတွက် ထူးခြားပါတယ်...

တစ်နေ့ကဖြစ်ရတဲ့ကိစ္စအတွက် ကျွန်တော် ဒေါက်တာ့ကို တောင်းပန်ပါတယ်၊ ကျွန်တော်ကလည်း လူပျိုပါပဲ..."

"အို..ရှင် ဘာတွေပြောနေတာလဲ..."

"ကျွန်တော့်ကို ဒေါက်တာက မလွတ်လပ်သူ၊ လက်ရဲဇက်ရဲနိုင်သူတစ်ယောက်လို့ ထင်မှာစိုးလို့ပါ..."

"အို..ဒီမှာ ကိုခင်ဇော်ငြိမ်း၊ ရှင် ကိစ္စရှိတယ်ဆိုတာကိုသာပြောပါ...

ကျွန်မ ဒါတွေနားထောင်ဖို့ ရှင်နဲ့အတွေ့ခံတာ မဟုတ်





ဘူး..."

"ဒေါက်တာနဲ့တွေ့ရင် ပြောမယ့်ကိစ္စကတော့ လောလောဆယ် ကျွန်တော့်မှာ အဲဒီကိစ္စပဲရှိတယ်..."

"ဒါဖြင့် ကျွန်မ သွားမယ်..."

"ဟာ..နေပါဦး..."

"ဟင်..ရှင်..."

ဒေါက်တာ စောသက်ထား၏ လက်ကောက်ဝတ်ကလေးအား ကျွန်တော် ဖမ်းဆွဲထားလိုက်သဖြင့် အလန့်တကြားလို ကျွန်တော့်ကို ကြည့်လာသည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ လက်ကလေးကို လွှတ်ပေးလိုက်ပြီး မျက်နှာချင်းဆိုင်ရပ်လိုက်ရင်းက...

"ဆောရီး..."

ကျွန်တော်က တောင်းပန်သော်လည်း ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား တုံ့ပြန်မဆို၊ မျက်နှာထားမှုန်တည်တည်လေးဖြင့်သာရှိနေ၏။

"ကဲ..အဆင်ပြေတုန်းပဲ၊ မေးချင်တာလေး မေးသွားပါဦးမယ်..."



www.burmeseclassic.com

www.burmeseclassic.com



"သင်းသင်းယုအလောင်းမှာ တွေ့ရတဲ့ဒဏ်ရာကလည်း ပထမအမျိုးသမီးအလောင်းမှာ တွေ့ရတဲ့ဒဏ်ရာမျိုးပဲလို့ ဦးမျိုးကျော် ကျွန်တော့်ကိုပြောတယ်…"

"ဟုတ်တယ်လေ၊ ကျွန်မ စစ်ချက်မှာ ဒီလိုပဲတွေ့တာပဲ"

"ဒါဖြင့် လူသတ်သမားဟာ တစ်ယောက်တည်းပဲ မဖြစ်နိုင်ဘူးလား…"

"ဒါက ရှင်နဲ့ဆိုင်တဲ့အလုပ်ပဲ၊ ကျွန်မ နားမလည်ဘူး"

ကျွန်တော်သည် ဒေါက်တာ စောသက်ထားကို စူးစိုက်ကြည့်ပစ်လိုက်သည်။

အမှုနှင့်ပတ်သက်သည့်ကိစ္စတွင် ကျွန်တော်သည် ဒေါက်တာ စောသက်ထားနှင့်တစ်ချိန်တည်း ဆက်နွယ်ခဲ့ရသည်မို့…

ပြောင်လီမ်နေသည့် ဒေါက်တာ စောသက်ထားအား ကျွန်တော် မကျေ မနပ်ဖြစ်နေသည်ကဖြင့် အမှန်ပါ…။

သို့သော်လည်း လက်ဆုပ်လက်ကိုင်မပြနိုင်သေးသောကြောင့် ကျွန်တော် ဘာမှမလုပ်နိုင်ဖြစ်နေရပါ၏။

သည့်အတွက်ကြောင့် ကျွန်တော် ပိုပြီးဒေါသဖြစ်ရသည်လည်းရှိသည်။

---





ကျွန်တော်သည် ဒေါက်တာ စောသက်ထား မျက်နှာလွှဲထားသည့်ဘက်သို့ တမင်ပင်သွားရောက်ရပ်ပြီး…

"ကျွန်တော့်ကို တည့်တည့်နဲ့ရဲရဲကြည့်စမ်းပါ ဒေါက်တာ…"

ဒေါက်တာ စောသက်ထားသည် တုံတွေးလေးတစ်ချက်မျှချကာ မျက်မှောင်လှလှလေးတွန့်လျက် ကျွန်တော့်ကို ကြည့်သည်။

"သင်းသင်းယုနဲ့ပတ်သက်တဲ့ အကြောင်းတွေကို ဒေါက်တာရဲ့မောင် ကိုစောသက်ထွေး သိလိမ့်မယ်လို့ ကျွန်တော် ထင်တယ်…

ဘာကြောင့်လဲဆိုတော့ အရင်ညွှန့်ခံပွဲတစ်ခေါက်ကတည်းက သင်းသင်းယုဆိုတဲ့ အမျိုးသမီးကို ဒီမှာပဲ ကျွန်တော် သိထားတယ်…"

တော်တန်လောက် အကဲခတ်မရနိုင်အောင်ရှိသော်လည်း ကျွန်တော်သည် ယောင်ယောင်မျှလှုပ်ရှားသွားလာဟန်ရှိသည့် ဒေါက်တာ စောသက်ထား၏ မျက်ဝန်းရွဲကြီးတွေအစုံအား တွေ့မြင်မိရပါပေ၏။

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နှုတ်ခမ်းထောင့်သည် ပြုံးဟန်လွန့်လွန့်ရှိ၍ အနည်းငယ်မျှ ကွေးသွားရပါချေ၏။

"ရှင် ကျွန်မကို တရားခံရှာနေသလား ကိုခင်ဇော်ငြိမ်း၊ ဒါမှမဟုတ် ကျွန်မကို ရှင်သရော်နေတာလား..."

"အဟား..ဟား၊ ဒေါက်တာက အဲဒီလိုပဲ ခံစားလိုက်ရလို့လား..."

"အို..တော်ပြီရှင်၊ ကျွန်မ အချိန်မရှိဘူး၊ ရှင် ပြန်တော့"

ထွက်သွားတော့မည့် ဒေါက်တာ စောသက်ထားရှေ့ ကျွန်တော်သည် ဆီးကာရပ်လိုက်ရပြီး...

"နေပါဦး ဒေါက်တာ၊ ကျွန်တော် ကိုစောသက်ထွေးနဲ့ ထပ်တွေ့ချင်သေးတယ်..."၊

"တွေ့ချင်ရင် မောင်လေးရှိတဲ့အချိန် ရှင် ထပ်လာခဲ့ပေါ့"

"ကိုစောသက်ထွေးက ဘယ်အချိန်ရှိမှာလဲ..."

"သိချင်ရင်တော့ ရှင် ဖုန်းဆက်မေးကြည့်ပေါ့၊ ကျွန်မနဲ့ မောင်လေးက တစ်နေ့လုံးနေမှ စကားသုံးခွန်းပြောဖြစ်ကြတာ မဟုတ်ဘူးရှင့်..."

"ဘာဖြစ်လို့လဲဗျာ၊ တစ်အိမ်တည်းနေပြီး၊ ပြီးတော့ သိပ်





ချစ်ကြတဲ့မောင်နှမတွေဆို..."

"ဟုတ်တယ်လေ၊ ဘာဖြစ်လဲ၊ ယောကျ်ားလေးဆိုတာ လမ်းမှာပဲ အနေများတဲ့သူပဲ...

ကဲ..ကိုခင်ဇော်ငြိမ်း၊ ကျွန်မ တောင်း ပန်ပါတယ်၊ ရှင် သွားတော့..."

"ကောင်းပါပြီ၊ အိမ်ရှင်ကဒါလောက်ကြီး နှင်နေမှတော့ ကျွန်မ သွားပါတော့မယ်..."

သွားပါတော့မည်ဟု ကျွန်တော်က ပြောသော်လည်း တကယ်တမ်းဦးစွာ ထွက်သွားသူက ဒေါက်တာ စောသက်ထား ဖြစ်၏။

ကျွန်တော်သည် တောင့်တောင့်မတ်မတ်ကလေး လျှောက်သွားသည့် ဒေါက်တာ စောသက်ထား၏ နောက်ကျောလှလှလေးအား မျက်စိတစ်ဆုံးကြည့်ခဲ့ပြီးမှ...

စောခန့်စံအိမ်ကြီးထဲမှ ထွက်ခဲ့ပါလေ၏။

ဆင်ဝင်အောက်မှ ကျွန်တော့်ကားလေး မောင်းထွက်ခဲ့သည်တွင်...

ကျွန်တော်သည် နောက်ကြည့်မှန်မှတစ်ဆင့် စောခန့်



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ကြီးဆီသို့ တစ်ချက်ကြည့်ဖြစ်ပါ၏။

ထိုအခိုက် ကျွန်တော့်ခေါင်းထဲ အလင်းတန်းတစ်ခုသည် လှစ်ခနဲဝင်ရောက်လာသည်။

ထိုအခါ ကျွန်တော်သည် ခေါင်းတစ်ချက်ကို ကျေနပ်စွာ ဆတ်ဖြစ်လိုက်ပါသတည်း…။ ။

ØØ ØØ ØØ





- တစ်ဆယ့်တစ် -

ကျွန်တော်သည် ရုံးသို့ရောက်ကတည်းက လူသတ်မှုမှတ်တမ်းဖိုင်ပေါင်းများအား လေ့လာကြည့်ရှုနေမိပါသည်။

ထူးခြားသည်က တစ်နှစ်၊ တစ်နှစ်လူသတ်မှုများသည် တူညီနေကြသည်။

ဆိုလိုသည်မှာ လွန်ခဲ့သောလေးနှစ်ခန့်က လူသတ်မှုနှစ်ခု ဖြစ်ပွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသည်မှာ အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးသာ ဖြစ်သည်။

နဖူးတည့်တည့်တွင် ကျည်ရာတစ်တောင့်စီ ဒဏ်ရာတစ်ခုတည်းဖြင့် သေဆုံးကြသည်ကိုကြည့်ခြင်းဖြင့် လူသတ်သမားသည် တစ်ယောက်တည်းဟု ခန့်မှန်းနိုင်၏။

နောက်တစ်နှစ်တွင် လူသတ်မှုသုံးမှုဖြစ်ပွားသည်။ သေဆုံးသူတွေမှာ အမျိုးသမီးများသာဖြစ်ကြ၏။

လူသတ်သမားသည် ရက်စက်စွာလည်လှီး၍ သတ်ဖြတ်ထားသည်။

ထိုလူသတ်မှုတွင်လည်း လူသတ်တရားခံသည် တစ်ယောက်တည်းသာဖြစ်မည်ဟု ခန့်မှန်းနိုင်ပါ၏။

ထိုသို့တစ်နှစ်အတွင်း ကျူးလွန်သောလူသတ်မှုများသည် သတ်ပုံသတ်နည်းခြင်း တူညီနေသည်က စဉ်းစားစရာထူးခြားချက်တစ်ရပ်ဟုပင် ဆိုရမည်လား…။

ကျွန်တော်သည် လူသတ်မှုဖိုင်များအား စိတ်ဝင်စားစွာ ကြည့်ရှုစစ်ဆေးနေဆဲ ကျွန်တော့်အခန်းဆီသို့ ဆရာ ဦးမျိုးကျော်နှင့်ဆရာ မောင်မောင်က…





"ကိုခင်ဇော်ငြိမ်း အလုပ်တွေရှုပ်နေတယ်ထင်တယ်…"

"ဩော်…ဆရာတို့ ထိုင်ဗျာ၊ ရှုပ်တယ်တော့မဟုတ်ပါဘူးပေါ့ဗျာ၊ ကျွန်တော် လေ့လာနေတာပါ…"

"ကိုခင်ဇော်ငြိမ်းရေ အခု သင်းသင်းယုဆိုတဲ့ အမျိုးသမီးကိစ္စနဲ့ ကျွန်တော်တို့ စုံစမ်းရသလောက်တော့…

ဒီသင်းသင်းယုဆိုတဲ့ အမျိုးသမီးကလည်း ဒီမြို့ကမဟုတ်ဘူးတဲ့ဗျာ၊ မြစ်ကြီးနားကလိုလို သတင်းရလို့ မြစ်ကြီးနားကို လှမ်းစုံစမ်းတော့…

မြစ်ကြီးနားမှာတော့ နေသွားဘူးတယ်၊ မိဘတွေတော့ မရှိကြတော့ဘူးလို့ သတင်းပြန်ရတယ် ကိုခင်ဇော်ငြိမ်းရဲ့…"

"အင်း…သင်းသင်းယုကမှ တော်ဦးမယ်လို့ပြောရမလိုဖြစ်နေပြီ၊ ပထမအမျိုးသမီးတုန်းကတော့ ဘာသတင်းမှကိုမရဘူး၊ နာမည်တောင် မသိရဘူး…"

"ကော့သောင်းဘက်ကလိုလိုနဲ့ မခိုင်လုံတဲ့သတင်းတွေပဲ ရတယ်လေဗျာ…"

ကျွန်တော်သည် ဆရာ ဦးမျိုးကျော်နှင့်ဆရာ မောင်မောင်တို့စကားများ အလေးအနက်နားထောင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲ ကျွန်တော်ရောက်မှ လူသတ်မှုနှစ်ခုဆက်ဖြစ်သွားသည့်အတွက် လွန်စွာခံပြင်းနေမိပါ၏။

ကျွန်တော်ကိုယ်တိုင်ပင်လည်း အသတ်ခံရသည့် အမျိုးသမီးနှစ်ဦးနှင့်ပတ်သက်၍ ဘာမျှစုံစမ်းမရခဲ့...။

သို့သော်လည်း ကျွန်တော့်အတွက် အရေးမကြီးပါ။ ကျွန်တော့်တွင် စုံစမ်းချက်ကရှိနှင့်သားပြီးမဟုတ်ပါလား...။

ရှေ့ဆက်၍ ဘွင်းဘွင်းကြီး အမှုမှန်ကိုဖော်ထုတ်နိုင်ဖို့ကသာ ကျွန်တော့်ကြိုးစားမှုတွင် မူတည်နေပြီမဟုတ်ပါတကား...။

ကျွန်တော်သည် စကားမဆို၊ အတွေးတို့ဖြင့် အတွင်းသွားများအား နေကြိတ်ထားနေပြီးကာမှ...

"ဒီလိုပေါ့ဗျာ၊ အနှောင်အဖွဲ့ကင်းတဲ့ အမျိုးသမီးတွေအဖို့ ရေကြည်ရာမြက်နုရာရှာရင်း တစ်နယ်တစ်ကျေးရောက်လာကြတာဖြစ်မှာပေါ့လေ..."

"ဆွေမျိုးညာတို့၊ အသိမိတ်ဆွေတော့လည်း မရှိမနေပါဘူးဗျာ၊ ရှိကြမှာပေါ့..."

"ရုံးပြင်ကနွားအမှုကိစ္စတွေနဲ့ မပတ်သက်ချင်လို့သာနေကြမှာပေါ့..."





"အေးဗျာ၊ ဟုတ်ပါလိမ့်မယ်၊ ဒါနဲ့ ကိုခင်ဇော်ငြိမ်းက ဒီလူသတ်မှုတွေကို ဘယ်လိုမြင်သလဲ..."

အဟွန်း...

ဆရာ ဦးမျိုးကျော် မေးနေ၍ ကျွန်တော် ပြုံးမိသည်။

ကျွန်တော့်အပြုံးသည် မျက်လုံးထဲတစ်စုံသော မြင်ကွင်းနှင့်အတူ ခံပြင်းခြင်းအပြုသည်သာ ဖြစ်မှာပါ...။

ကျွန်တော့်အပြုံးကို နားမလည်သော ဆရာ ဦးမျိုးကျော်နှင့်ဆရာ မောင်မောင်တို့က ကျွန်တော့်ကိုကြည့်ပြီး ကျွန်တော့်ပြောသည့်စကားများအား နားစွင့်နေကြချေ၏။

"မြင်သမျှတော့ သိပ်မြင်တာပေါ့ ဆရာတို့ရာ၊ အဟွန်းဟွန်း..."

"ဒါပေမဲ့ ကျွန်တော့်အမြင်အထင်တွေကို ပြောလို့တော့ဖြစ်သေးဘူး၊ ခိုင်လုံချက်နဲ့သက်သေအထောက်အထားမျိုး ကျွန်တော် မပြနိုင်သေးလို့ပါ..."

"ဒါဖြင့် ကိုခင်ဇော်ငြိမ်းမှာ ဒီကိစ္စအတွက် ဖီလင်တော့ရှိနေပြီထင်တယ်..."

"ဆိုပါတော့ ကိုမောင်မောင်၊ မကြာတော့ဘူးလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထင်ပါတယ်…”

“ဘယ်လိုလဲ ကိုခင်ဇော်ငြိမ်း၊ ကျွန်တော်တို့ကိုလည်း ပြောပြထားပါဦး…”

ဆရာ ဦးမျိုးကျော်က ကျွန်တော့်အား ယုံကြည်အားကိုးသောအကြည့်ဖြင့် ဆိုလာသည်။

“ပြောရရင်တော့ စောခန့်စံအိမ်ကြီးနဲ့စောခန့်စံအိမ်ကလူတွေရဲ့လှုပ်ရှားမှုတွေကို တစ်ဖက်တစ်လမ်းက စောင့်ကြည့်ပေးဖို့ ကျွန်တော် မေတ္တာရပ်ခံ အကူအညီတောင်းပါတယ်…”

ထိုစကားအဆုံး၌ ကျွန်တော့်အသွင်သည် အနည်းငယ်ထန်သွားကောင်း ထန်နေပါလိမ့်မည်…။

ကျွန်တော့်စကားများ နားထောင်ရင်း ဆရာ ဦးမျိုးကျော်နှင့် ဆရာ မောင်မောင်တို့နှစ်ယောက်မှာ ခေါင်းညိတ်နေဖြစ်ကြ၏။

ကျွန်တော်သည် နေ့လယ်ထမင်းစားချိန်နီးပြီဖြစ်၍ ကြည့်ပြီး ဖိုင်တွဲများနှင့်မကြည့်ရသေးသည့် ဖိုင်တွဲများအား သပ်သပ်စီ ပုံထားလိုက်သည်။

“ကဲ..ထမင်းစားချိန်ရောက်ပြီ၊ ကိုခင်ဇော်ငြိမ်း မစားသေးဘူးလား…”





“ဆရာတို့ သွားနှင့်ကြပါ၊ ကျွန်တော် လိုက်လာခဲ့မယ်”

“ကောင်းပြီ…”

ဆရာ ဦးမျိုးကျော်နှင့်ဆရာ မောင်မောင်တို့နှစ်ယောက် ထွက်သွားကြသည့်တွင် ကျွန်တော်သည် နောက်မှချက်ချင်းမလိုက် သွားဖြစ်ပါ…။

စီးကရက်တစ်လိပ်ကို စိမ်ပြေနပြေဖွာရှိုက်ရင်း စောခန့်အိမ်ကြီးနှင့် ချောမောလှပကြသည့် စောခန့်စံအိမ်အရှင်သခင် မောင်နှမနှစ်ယောက်ကို မြင်ယောင်နေပါလေ၏။

ကျွန်တော်သည် တစ်စုံတစ်ရာ အလုပ်တစ်ခုကိုလုပ်လိုက်ချင်သည့်စိတ်တွေက တားဆီး၍မရ၊ တဖွားဖွားပေါ်လာသည်။

ထိုအတွေးသည် ကျွန်တော့်ခေါင်းထဲ ရောက်လာသည်တွင် ကျွန်တော်သည် အလျှင်လိုသောခြေလှမ်းတို့ဖြင့် နေ့လယ်စာကို ထွက်စားဖြစ်သွားရပါ၏။

ကျွန်တော်သည် စားစားသွားသွား ဘာလုပ်လုပ်အတွေးတွေနှင့်သာ ပြီးပြည့်နေရပါတော့သည်။

သို့ဖြင့် ကျွန်တော်သည် တစ်နေ့တာလုပ်ငန်းခွင် ပြီးဆုံးသည်နှင့် အိမ်သို့ပြန်ခဲ့ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်လမ်းတစ်လျှောက် ကျွန်တော် ကားလေးမောင်းနှင်လာဆဲ၊ တစ်ခါတုန်းက မမျှော်လင့်ပါဘဲနှင့် ချစ်စခန်းစတင်ဖွင့်မိခဲ့သည့်နေရာလေးသို့ ရောက်လေတိုင်းတွင်…

ကျွန်တော်သည် ရင်ဝယ်အသည်းစိုင်သို့လှုပ်ရှား၍နွေးလိုက်ကာ ဒေါက်တာ စောသက်ထားအား သတိရတမ်းတမိလေသလားပင်…။

ချစ်သည်ဟုစိတ်အား ကျွန်တော့်ကိုကျွန်တော်ပင် မဆုံးဖြတ်ဝံ့၊ စဉ်းစား၍လည်းအဆုံးမတိုင်၊ ဆုံးဖြတ်ရလည်းခက်နေသယောင်ရှိ၏။

သို့သော်…

ကျွန်တော်သည် အခါအားလျော်စွာ ဒေါက်တာ စောသက်ထားအား မြင်ယောင်၍ သတိရနေသည်ကိုတော့ မလိမ်ညာစတမ်း ဝန်ခံရပါမည်…။

မှန်သည်။

ကျွန်တော့်ဘဝ တစ်သက်တာတွက် ကျွန်တော်သည် ပထမဦးဆုံးအဖြစ် ကျွန်တော့်အတွေးထဲ၊ ကျွန်တော့်ရင်ထဲ ကျွန်တော့်နှလုံးသားထဲ၌…





ဒေါက်တာ စောသက်ထားသည် နွေးထွေးစွာရှိနေလေပြီမဟုတ်ပါတကား…။

သို့သော်..သို့သော်…

ကျွန်တော်သည် ဘာရယ်ကြောင့်မသိ၊ ဒေါက်တာ စောသက်ထားအား ချစ်သည်ဟု ကျွန်တော် ဖွင့်မပြောဖြစ်…။

ဆန္ဒတော့ရင်တွင်းပြင်းစွာရှိသည်။ နှစ်ကိုယ့်တစ်စိတ်ဘဝမျိုးနှင့် နှစ်ယောက်ပေါင်းတစ်ဘဝကိုပင် တည်ဆောက်ချင်သည်ဟု

သို့တိုင်…

ရှိစေဦးတော့…

တီ..တီ…

ကျွန်တော်သည် အတွေးများနှင့်ကြည်နူးယောင်ယောင်ရှိမိဆဲ နောက်တွင်ပေါ်လာသည့် ကားဟွန်းသံကြောင့် နောက်ကြည့်မှန်ထဲသို့ လှမ်းကြည့်ဖြစ်လိုက်၏။

နောက်ကြည့်မှန်မှ အကြည့်လွှဲရုံတင်ရှိသေး၊ ကားလေးသည် ကျွန်တော့်ကားအနီးသို့ ရောက်လာပြီး…

"ကိုခင်ဇော်ငြိမ်း မို့မို့လေ၊ မမှတ်မိဘူးလား…"

"အဟော်..သိပ်မှတ်မိတာပေါ့ဗျာ၊ ရုတ်တရက်တွေ့ရလို့



www.burmeseclassic.com

www.burmeseclassic.com



အံ့သြပြီးကြည့်နေမိတာပါ…

အတော်ပါပဲ၊ လမ်းဘေးကားရပ်ပြီး ကျွန်တော်တို့ခဏလောက် စကားပြောကြရအောင် အချိန်နည်းနည်းရမလား…”

“သိပ်ရတာပေါ့ရှင်…”

လမ်းဘေးတွင် ကားရပ်ထားကြပြီး ကားပေါ်မှဆင်းကာ ကျွန်တော်နှင့်မို့မို့တို့ စကားပြောဖြစ်ကြသည်။

မို့မို့ကိုကြည့်ရသည်မှာ လိုတာထက်ပို၍ ရဲတင်းသွက်လက်လွန်းသည်ဟု ကျွန်တော် ထင်သည်။

မို့မို့သည် ကျွန်တော့်အနီးသို့ နီးကပ်စွာရပ်လာလေ၍ မို့မို့ကိုယ်မှ သင်းသင်းလေးရှိသည့် အကောင်းစားရေမွှေးနံ့လေးကိုပင် ကျွန်တော် ရှူရှိုက်မိသွားရ၏။

ကျွန်တော်သည် မို့မို့နှင့်ခြေနှစ်လှမ်းခန့် ကွာဆုတ်ရပ်လိုက်ပြီး လက်ပိုက်ကာ မို့မို့ကို ခပ်ငြိမ်ငြိမ်ကြည့်နေလိုက်ပြီးမှ…

“ခင်ဗျားကိုမတွေ့ရတာ ကြာပြီ၊ ခင်ဗျား ဒီမှာမရှိဘူးထင်တယ်…”

“ရှိပါတယ်၊ သွားလိုက်၊ လာလိုက်ပဲလေ…”

“ဩော်…ဒါနဲ့၊ ကျန်ခဲ့တဲ့သော်ကြာနေ့က စောခန့်စံအိမ်





မှာ ညည့်ခံပွဲလုပ်သေးတယ်၊ ခင်ဗျား မလာဘူးထင်တယ်၊ ခင်ဗျားကိုမတွေ့မိဘူး…”

“ဟုတ်တယ်၊ မို့မို့ မလာဘူး၊ ကိုစောသက်ထွေးနဲ့မို့မို့နဲ့ သိပ်အစေးမကပ်တော့လို့…”

ကျွန်တော်သည် မို့မို့မျက်လုံးထဲ တစ်ချက်မျှစိုက်ကြည့်ဖြစ်လိုက်ပါသည်။

မို့မို့သည် စောသက်ထွေးကို မကျေနပ်သည်ကဖြင့် ထင်ရှားနေ၏။ သို့သော် မို့မို့မျက်လုံးသည် တစ်စုံတစ်ရာကိုတော့ ဖုံးကွယ်ထားဟန်ရှိမည့်အရိပ်ကို ကျွန်တော် မြင်မိ၏။

“ဘာလို့အစေးမကပ်တာလဲ…”

“တခြားမဟုတ်ပါဘူး ကိုခင်ဇော်ငြိမ်းရယ်၊ သူက မျက်နှာများလွန်းလို့ပါ၊ သူ့အစ်မ ဒေါက်တာ စောသက်ထားက တည်ငြိမ်လေးနက်မှုရှိသလောက် သူက ဒီလိုလူစားမှမဟုတ်တာ၊ မို့မို့ မပြောချင်ပါဘူးလေ…

ဒေါက်တာ စောသက်ထားက မောင်ဆိုးမို့လို့လားမသိဘူး သူ့မောင်ကို တော်တော်ချစ်တာ…”

“အေးလေ…ချစ်မှာပေါ့၊ သူတို့မောင်နှမက (၁၅)နှစ်ကွာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူမောင်ကို သူပဲ ငယ်ငယ်လေးကတည်းက မွေးလာရတာ ဆိုတော့ အစ်မကြီးတော့ အမိရာဆိုသလို အမေလိုလည်းဖြစ်နေတာပေါ့လေ…

သူတို့မိဘတွေက ကိုစောသက်ထွေး ငယ်ငယ်လေးကတည်းက ဆုံးသွားကြတာ၊ အရမ်းချမ်းသာတော့ မကြောင့်မကြ နေကြရတာပေါ့…

ဒါလောက်ချမ်းသာတာတောင် ကိုစောသက်ထွေးက အင်း..ဒီထက်ချမ်းသာအောင် အလုပ်ကိုအရမ်းလုပ်တာပဲ…”

ကျွန်တော်သည် မို့မို့၏စကားများကိုသာ အစဉ်တစိုက် နားထောင်နေရာမှ…

စကားများပြောပါများတော့ မို့မို့၏စကားမှားချက်တစ်ချက်အား ကျွန်တော်သည် အမှတ်တမဲ့လိုနှင့်ကောင်းစွာ သတိထားလိုက်မိပါလေ၏။

“ဒါနဲ့ သင်းသင်းယုဆိုတဲ့အမျိုးသမီးကို ခင်ဗျားသိလား”

မလုံ့တလုံ့စကားစအား ဖြတ်ချလိုက်သည့် မို့မို့အား ကျွန်တော်က အလေးမထားသလို စကားလှီးလွှဲဆိုလိုက်သည်။

မို့မို့သည် စောစောက စကားအမှားအတွက် လှုပ်ရှားသွား





သောစိတ်အား ကျွန်တော်နှင့်အကြည့်လွှဲကာ ဟန်ဆောင်နေဆဲမှ…

“ဟင့်အင်း..မို့မို့ မသိဘူး၊ လူတွေကများတယ်လေ…”

“ဘယ်မှာများတာလဲ…”

“ရှင်..ဪ၊ ဟို..မို့မို့သိတဲ့သူတွေက များတယ်လို့ပြောတာပါ၊ ပြီးတော့ နာမည်နဲ့လူနဲ့မတွဲမိတာတွေလည်း ရှိတယ်လို့ ပြောတာပါ…”

ကျွန်တော်သည် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထိုး ထည့်ကာ မို့မို့ကို တစ်ချက်မျှ စိုက်ကြည့်ဖြစ်လိုက်သည်။

မို့မို့သည် မလုံ့တလုံ့ဖုံးဖိရင်း တုန်လှုပ်နေဟန်ကို ကျွန်တော် မြင်မိ၏။

မို့မို့သည် စောသက်ထွေးကို ကြောက်နေရသည့်အသွင် အလား ကျွန်တော့်ခေါင်းထဲ အတွေးတစ်ချက်ရောက်ကာ ထင်မိ၏။

ဝိုး…

ကျွန်တော်သည် ကျွန်တော့်ကားခေါင်းအား မီရပ်ကာ မို့မို့နှင့်မျက်နှာချင်းဆိုင် အနေအထားဖြင့် စကားများပြောနေဆဲ..

ဗွန်းသံမကြားပါဘဲနှင့် အနီးမှကားတစ်စီးဖြတ်မောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် ကျွန်တော် လှမ်းကြည့်မိသည်။

ကျွန်တော် ကြည့်သလိုပင် မို့မို့သည်လည်း လှမ်းကြည့်ပြီး…

ဒီနေ့ ဒေါက်တာ စောသက်ထား ဆေးရုံကပြန်တာ နောက်ကျတယ်…

"ကဲ..ကိုခင်ဇော်ငြိမ်း၊ ကျွန်မလည်း အချိန်မရှိတော့လို့ ပြန်ပါဦးမယ်နော်…"

"ကောင်းပါပြီဗျာ…"

ရှေ့မှ မို့မို့ ကားလေးမောင်းထွက်သွားသည်တွင် ကျွန်တော်သည် ကားကိုနောက်မှ မှန်မှန်ပင်မောင်းနှင့်ခဲ့ပါ၏။

ဒေါက်တာ စောသက်ထား၏ ကားလေးသည် ကျွန်တော်တို့အား လျှင်မြန်စွာဖြတ်ကျော်မောင်းနှင်သွားဟန်အား ကျွန်တော့်မျက်လုံးထဲမှမထွက်ပါ…။

ဒေါက်တာ စောသက်ထားသည် ခပ်လှမ်းလှမ်းမှာကတည်းက ကျွန်တော်နှင့်မို့မို့တို့ကို မြင်မည်ကသေချာပါသည်။

ဟွန်းသံတစ်ချက်မပေးဘဲ ဒေါက်တာ စောသက်ထားသည် ကားကိုလျှင်မြန်စွာ ကျော်ဖြတ်မောင်းသွား၏။





ဒါမှမဟုတ်လည်း ကျွန်တော်တို့အနီး ရောက်ခါနီးမှ ကားကို အရှိန်မြင့်ကာ ကျော်ဖြတ်မောင်းနှင်သွားသည်လား…။

ကျွန်တော်သည် အိမ်ရောက်သည့်တိုင် ရင်ထဲဟာတာတာကြီးလို ထိုအကြောင်းအား တွေးနေဖြစ်ပါ၏။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်နှစ် -

ကျွန်တော်သည် စိတ်ကူးထားသော အကြံအစည်တစ်ခုကို ယနေ့ညမှပင် အကောင်အထည်ဖော်နိုင်ပါတော့သည်။

မှန်သည်။

ကျွန်တော်သည် စောခန့်စံအိမ်ကြီးဆီသို့ တိတ်တဆိတ်ဝင်ရောက်လေ့လာနိုင်ရန်အတွက် စိတ်ကူးကြံစည်ခဲ့သည်မှာ လွန်ခဲ့သောတစ်ပတ်ထဲကပင် မဟုတ်ပါလား…။





ယနေ့ကတော့ဖြင့် ကျွန်တော့် အကြံအစည်များသည် အထမြောက်ခဲ့လေပြီ…။

ကျွန်တော်သည် ညနေရုံးမှပြန်လာထဲက ရေမိုးချိုးညစာစားထားပြီး…

အကြံအစည်တွေအတွက် အားလုံးပြင်ဆင်ထားပါ၏။

ညခုနစ်နာရီလောက်တွင် ကျွန်တော် အိမ်မှထွက်ခဲ့သည်။

ကျွန်တော်သည် ခြေလျင်လျှောက်ပြီးပင် မောင်ရိပ်ခိုကာ စောခန့်စံအိမ်ကြီး၏ မြောက်ဘက်သို့ အရောက်လာခဲ့ရသည်။

စောခန့်စံအိမ်တိုက်ကြီးနံဘေး ကျွန်တော် ကပ်မိသည်နှင့် ဘာမှ စဉ်းစားမနေတော့ဘဲ…

ဦးဆုံးတွေ့သည့်ဝရန်တာလက်ရမ်းတွင် ဆူးချိတ်နှင့်ပစ်ချိတ်ကာ အပေါ်ထပ်သို့ တွယ်တက်ခဲ့၏။

ဝရန်တာပေါ်ရောက်သည်တွင် ကျွန်တော် နာရီကိုတစ်ချက်ကြည့်မိသည်။

ညရှစ်နာရီတိတိ…။

ညရှစ်နာရီအချိန်သည် ညဦးယံအချိန် ပျို့မျစ်နုနယ်သေးသောအချိန်ပင်…။



www.burmeseclassic.com

www.burmeseclassic.com



ညဦးယံပျို့မျှစ်နုနယ်သေးသော အချိန့်ဖြစ်ပေမယ့် မြို့ပြင်ဘက်ကျသော ရပ်ကွက်မျိုးဖြစ်သည့်အတွက်…

တိတ်ဆိတ်ငြိမ်သက် လွန်းသည်မို့ ကျွန်တော့်အတွက် အခြေအနေကောင်းဟု ဆိုရမည်ပါ…။

ကျွန်တော်သည် ကျွန်တော့်အတွက် အသင့်ပွင့်နေသကဲ့သို့ရှိသော ဝရန်တာတံခါးပေါက်မှ ခန်းဆီးစလေးအား အသာလှည့်၍ အခန်းထဲချောင်းကြည့်လိုက်လေရာ…

ဟိုက်…

ကျွန်တော်သည် မြင်လိုက်ရသောမြင်ကွင်းကြောင့် လန့်သလို၊ ပျော်သလို…

ကျေနပ်ရသလိုဖြင့် လန့်၊ ပျော်၊ ကျေနပ်ကြီး ရင်ဝယ်ဖြစ်ထွန်းသွားရပါချေ၏။

မှန်သည်။

ဒေါက်တာ စောသက်ထား…။

ဒေါက်တာ စောသက်ထားသည် ဒရင်းဘက်တစ်ခုပေါ်တွင် သက်တောင့်သက်သာရှိကာ စာအုပ်ထူထူကြီးတစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေပါတော့၏။





ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား ဘေးတိုက်အနေအထားမျိုးနှင့် လှမ်းမြင်နေရပါသည်။

ဝရန်တာပေါ် ကျွန်တော် တက်ခဲ့စဉ်က မည်သူမည်ဝါအခန်းရယ် ကျွန်တော် မသိရိုးအမှန်ပါ…။

အနည်းငယ် မှောင်ရိပ်ကျပြီး အဆင်ပြေပြေ ပထမဦးဆုံးတွေ့ရသည့်ဝရန်တာမို့…

အပေါ်ထပ်ရောက်ပြီး အထဲဝင်နိုင်လျှင် ပြီးရောဆိုသည့်စိတ်ကူးဖြင့် ကျွန်တော် တက်ခဲ့ခြင်းဖြစ်သည်။

ယခုသော် မှာန်ထည်ဟန်ထည်ကညာစင် ဒေါက်တာ စောသက်ထား၏ ခမ်းနားကျယ်ဝန်းသော ကိုယ်ပိုင်အိပ်ခန်းကြီးဖြစ်နေလေ၍…

ကျွန်တော်သည် ရင်တလှပ်လှပ်ခုန်နေးကာ လန့်သလို၊ ပျော်သလို၊ လန့်ပျော်ကြီးမျိုးလည်း ရှိနေရပါချေ၏။

ဒေါက်တာ စောသက်ထားသည် စာထဲစိတ်ဝင်စားလွန်းနေဟန်နှင့်…

အေးဆေးတည်ငြိမ်သော အသွင်လှလှလေးကို ကျွန်တော် မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဝရန်တာအပြင်ဘက်မှာပင် မှုဆိုးဒူး ယောက်ထိုင်ကာ အခန်းထဲမှ အခြေအနေကို ချောင်းကြည့်ချောင်း ကြည့်နေရပါ၏။

ကျွန်တော် ကြည့်နေဆဲ ဒေါက်တာ စောသက်ထားသည် ဒရင်းဘက်ပေါ်မှထကာ စာအုပ်ဘီရိုကြီးဆီသို့ ရောက်သွားသည်။

အနေအထားက ကျွန်တော့်ကို နောက်ကျောပေးထား၏။ လိုချင်သည့်စာအုပ်တစ်အုပ်ကို ရှာဖွေနေဟန်ရှိဆဲ…။

ကျွန်တော်သည် ခြေကိုဖွကာ အခန်းထဲဝင်ခဲ့ပြီး ခုတင် အောက်၌ ဝင်နေလိုက်ပါတော့သည်။

"ဒေါက်··ဒေါက်··မမ…"

ကံအားလျော်စွာပင် ကျွန်တော်သည် ခုတင်အောက် ရောက်၍မှုမကြာလိုက်…

ဒေါက်တာ စောသက်ထား၏ အခန်းတံ ခါးခေါက်သံ နှင့်အတူ ကိုစောသက်ထွေး၏ ခေါ်သံကိုပါ ကျွန်တော် ကြား လိုက်ရ၏။

ဒေါက်တာ စောသက်ထွေးသည် တံခါးခေါက်သံနှင့် ကိုစောသက်ထွေး အသံကြားသည်နှင့်…





စာအုပ်ဘီရိုကြီးနံဘေးမှ အခန်းတံခါးဆီသို့ လျှောက်သွား သည့်ခြေဖမိုးဝင်းပြောင် ချောမွတ်မွတ်ကလေးတွေကို ကျွန်တော် မြင်တွေ့နေရပါ၏။

ဒေါက်တာ စောသက်ထားသည် အခန်းတံခါးကို ဖွင့်ပေး လိုက်သည်နှင့်…

"ဟင်··ထွေး၊ သူကဘယ်သူလဲ၊ ဘာဖြစ်ပြန်ပြီလဲ၊ ဘာ လုပ်ဦးမလို့လဲ…"

"မမကလဲဗျာ၊ မေးနေရသေးတယ်၊ ထုံးစံအတိုင်းပဲပေါ့ ဗျာ…"

အမျိုးသမီးလေးတစ်ယောက် လက်ကိုဆွဲပြီး စောသက် ထွေး အခန်းထဲဝင်လာသည်ကို ကျွန်တော် မြင်ရသည်။

သူတို့ပြောသည့် စကားတွေကိုလည်း စိတ်ဝင်စားစွာ ကျွန်တော် နားထောင်နေမိသည်။

"ထွေး··မောင်လေး၊ မင်း လွန်နေပြီကွယ်၊ မမ သိပ် စိတ်ဆင်းရဲတယ်…"

"မမကလည်းဗျာ၊ အပိုတွေပြောနေပြန်ပြီ၊ ကဲ··လုပ် ပါ…



www.burmeseclassic.com

www.burmeseclassic.com



မမကလဲဗျာ၊ ခက်တာပဲ၊ အပိုစကားတွေပဲ လေကုန်ခံပြီး အမြဲပြောတော့တယ်၊ နောက်တော့လည်း မမပဲ လုပ်ပေးတာပဲ...

ခုလည်းပြောနေပြန်ပြီ၊ ထိုးပေးနော်၊ ထိုးပေးစရာရှိထိုးပေးလိုက်ရောပေါ့...

ကဲ..မြန်မြန်ထိုးပေးလိုက်ပါ မမရာ...

သူတို့တွေက ဒီလိုပဲသွားရင်းလာရင်းနဲ့ ဖြစ်ခဲ့ကြတာ၊ ကျွန်တော်က ကျွန်တော့်အလုပ်ကို လုပ်ပေးနေတဲ့သူတွေဆိုတော့...

သူတို့တစ်ခုခုဖြစ်လာရင် အဆင်ပြေအောင် လုပ်ပေးရမှာက ကျွန်တော့်တာဝန်ပဲမဟုတ်လား..."

"မင်းဟာလေ ကိုယ့်အစ်မက ကိုယ့်ကိုဘယ်လောက်ထိချစ်လို့ချစ်မှန်းမသိတဲ့ လူမိုက်ကလေး...

မင်းကိုယ်မင်း လည်လှပြီထင်နေသလား၊ အခြေအနေတွေကလည်း ဟိုတုန်းကလို မင်း လုပ်ချင်တိုင်းလုပ်လို့ရတယ်လို့ထင်သလား..."

"ဒါ ကျွန်တော့်အလုပ်ပါ မမရာ၊ ကျွန်တော် သိပါတယ်၊ မမ ပြောတာတွေ ကျွန်တော် အားလုံးသဘောပေါက်တယ်...





ဒီမှာ မမ၊ ကျွန်တော့်အလုပ်မှာ အနှောက်အယှက်ရှိတယ်ဆိုရင် နှောက်ယှက်တဲ့သူရဲ့ အကြိုက်ကို ကျွန်တော် သိရင်ပြီးတာပဲ..."

"မင်းဟာ ခုထိပြောလိုက်ရင် လွယ်လွယ်ပဲ ထွေး၊ ဟိုခင်ဇော်ငြိမ်းဆိုတဲ့လူကို လွယ်မယ်များမှတ်နေသလား..."

"အဟွန်း..ဟွန်း သူက ပိုတောင်လွယ်သေးတယ် မမ၊ သူက မမကို သဘောကျနေတာပဲ၊ သူ့အကြိုက်ကိုလိုက်ရင် လွယ်တာပေါ့..."

"ဟင်..မင်း..မင်း ဘာစကား၊ ဘာပြောတယ် ထွေး၊ လူမိုက်ကလေး၊ ငရဲစာလေး...

မမကိုတော့ မင်း အလုပ်မှာအသုံးချဦးမယ်ပေါ့လေ၊ မေဟာ မင်းကို မမွေးထုတ်ခဲ့ရုံတစ်မယ်ပါ ထွေးရဲ့...

မိုက်ရိုင်းတဲ့ ကလေး၊ မင်း ဒုက္ခဖြစ်ဖို့ မမ မြင်နေပြီ၊ မင်း သိလား...

ဟိုနေ့က ခင်ဇော်ငြိမ်းနဲ့မင်းရဲ့မို့မို့ဆိုတဲ့ အမျိုးသမီးနဲ့စကားပြောနေကြတာ မမ မြင်ခဲ့တယ်..."

"ကိစ္စမရှိပါဘူးဗျာ၊ ဒီကောင်မကို ဘေးချိတ်ထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ သူ ကျွန်တော့်အကြောင်းကို မပြောရပါဘူး…

သတင်းပေါက်ကြားလို့ကတော့ သူ့ကို ကျားကြီးလက်ထဲ အပ်လိုက်ရုံပဲပေါ့…

ကျားကြီးက ကျွန်တော့်အမိန့်ချလိုက်တဲ့သူတိုရင် သူမှာ တတ်ထားတဲ့ပညာ နည်းမျိုးစုံနဲ့ မိုမိုဆိုတဲ့ကောင်မကို ဘဝတစ်သက်တာ ပညာပေးလိုက်လိမ့်မယ်…

ဒါတွေ မမ ပူစရာမလိုပါဘူးဗျာ..

ကဲပါဗျာ၊ ကြာတယ်၊ သူ့ကိုအသုံးချစရာရှိသေးတယ် မမရ…

လာမယ့်အင်္ဂါနေ့ကျရင် ကျွန်တော် ဧည့်ခံပွဲတစ်ခုလုပ်ဦးမယ်…

အဲဒီပွဲမှာ ပစ္စည်းတွေအချိုကြီးလဲဖို့ရှိနေတယ်၊ အဲဒါ သူ့ကို အသုံးချရမှာ…”

“တွေး..မမ မင်းကိုဘယ်လိုမှပြောမရတော့ဘူးလား၊ သွန်သင်ဆုံးမလို့ မရတော့ဘူးလား…

မမကို မင်း နည်းနည်းမှမချစ်ဘူး၊ ဒုက္ခရောက်အောင်ပဲ အမြဲလုပ်တယ်…





ဟိုတစ်ခေါက်ကလည်း ခင်ဇော်ငြိမ်းဆိုတဲ့လူကို မင်းတွေ့နိုင်းလို့…

မမမှာ မင်း ဒုက္ခရောက်မှာစိုးလို့ မတွေ့ချင်ဘဲ ထွက်တွေ့ခဲ့ရတယ်…

မင်း စဉ်းစားကြည့်စမ်း၊ မမဟာ မင်းကို ဘယ်ထိချစ်ပြီး အလိုလိုက်ခဲ့သလဲဆိုတာ…

မမ ဘဝဟာ ဘာနဲ့အလားတူနေပြီလဲဆိုရင် သားဆိုး အမေတစ်ယောက်နဲ့တူနေပြီ…

မမဟာ မင်းအတွက် သိပ်ရင်လေးနေရပြီ၊ ကိုခင်ဇော်ငြိမ်းဟာ ပထမသေဆုံးတဲ့ ကေသွယ်ကို မသိပေမယ့် သင်းသင်းယုကိုတော့ သိထားတယ်…”

“ဟင်..သင်းသင်းယုကို ကိုခင်ဇော်ငြိမ်း သိတယ်ဟုတ်လား၊ ဘယ်သူပြောလဲ…”

“ဟုတ်တယ်၊ မင်းရဲ့ဧည့်ခံပွဲညမှာပဲ သင်းသင်းယုနဲ့ တွေ့ဖူးတယ်တဲ့…

သူကိုယ်တိုင်ပဲပြောတာပဲ…

ပြီးတော့ သင်းသင်းယုအလောင်းကို သူ ဒီမှာပဲမြင်သွား



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုတော့ ပိုဆိုးတာပေါ့ . . .

မောင်လေး မင်းရဲ့လုပ်ရပ်တွေ၊ အပြစ်တွေဟာ သိပ်ကို ကြီးမားလေးနက်နေပြီပဲ . . .

ဒီကြားထဲ မမကလည်း ဖုံးရဖိရနဲ့ မမလည်း မကောင်း တော့ဘူး . . .

ရာဇဝတ်မှုတွေကို အားပေးနေတဲ့မိန်းမဆိုးကြီးတစ် ယောက်ဖြစ်နေပြီကွယ် . . .

မင်းကို မမကိုယ်တိုင် ရဲလက်အပ်နိုင်မယ့်အင်အားမျိုး ရှိရင် သိပ်ကောင်းမှာပဲ၊ ခုတော့ . . .”

ဒေါက်တာ စောသက်ထား၏အသံလှိုင်းလေးများ တုန်ခါ ငိမ်မြုပ်သွားသည်။

ခုတင်ရှိရာလျှောက်လာပြီး ဒေါက်တာ စောသက်ထား ထိုင်သည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ အပြစ် နဲ့တွေသိတော့လည်း စာနာသနားသွားမိပါ၏။

ဝမ်းနှင့်လွယ်မမွေးခဲ့ရရုံတမယ် ငယ်စဉ်ဘဝကတည်းက ကျွေးမွေးပြုစုလာခဲ့ရသည့် မောင်ငယ်လေးအား . . .





ဒေါက်တာ စောသက်ထားကား အစ်မကြီးတော့အမိအရာ၊ အမိမေတ္တာကို အပြည့်အဝပေးစွမ်းထားနိုင်ပါပေတကား . . .။

ကိုယ်ဝန်ဖျက်ချမည့် အမျိုးသမီးလေးက အခန်းထဲဝင်စ ထဲကအတိုင်း မတ်တတ်ပင်ရှိနေသည်။

စောသက်ထွေးကမူ အခန်းထဲဟိုလျှောက် ဒီလျှောက်နှင့် ရှိနေ၏။

ကျွန်တော်သည် ခြေထောက်တွေဆီကြည့်ရင်း ပြောလာ ကြမည့်စကားတွေကို နားစွင့်ထားမိပါ၏။

အခန်းထဲ စကားစမည် အတန်ကြာရပ်သွားပြီးမှ စော သက်ထွေးက . . .

“ကဲပါ မမရာ၊ ကျွန်တော့်မိခင်လိုဖြစ်နေတဲ့ မမကို ကျွန်တော်လည်း ချစ်တာပေါ့ . . .

မမ ချစ်တာကိုလည်း ကျွန်တော် သိတယ်၊ ကျွန်တော့် ကိုချစ်ရင် မမလည်း ကူညီပါ . . .

သူ့ကို ဆေးထိုးပေးလိုက်ပါ . . .”

“အို . . . ထွေး၊ မင်းဟာ ကြောက်ရမှန်းလန့်ရမှန်း နည်းနည်း ကလေးမှ မသိတဲ့လူမိုက်ကလေး . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ခင်ဖော်ငြိမ်းဆိုတဲ့ ရဲအရာရှိက အမြဲစောင့်ကြည့် လေ့လာနေတာ မင်း သိရဲ့လား...

မမကို လေ့လာနေတာဟာ မင်းကို လေ့လာနေတာနဲ့ အတူတူပဲကွယ့်၊ အဲဒါတွေ မင်း သိရဲ့လား..."

ဟင်း...

စောသက်ထွေး၏ သက်ပြင်းရှည်ကြီးချသံကို ကျွန်တော် ကြားရသည်။

"မမ..."

အစ်မဖြစ်သူကို ခေါ်သည့် စောသက်ထွေးက နွေးနွေး ထွေးထွေးရှိနေ၏။

ဒေါက်တာ စောသက်ထား၏ ထူးသံလေးကို ကျွန်တော် ပြန်မကြားရသော်လည်း စောသက်ထွေးက စကားဆက်သည်။

"မမ ကိုခင်ဖော်ငြိမ်းကို လက်ထပ်လိုက်ပါလား..."

"ဟင်..ဘာပြောတယ်..."

ဒေါက်တာ စောသက်ထားသည် ထိုင်ရာမှဝုန်းခနဲ ထရပ် လိုက်သည်။

ဒေါသကြောင့် အသံသည်လည်း အနည်းငယ်မြင့်ကာ





မာပြတ်သွား၏။

"ခွေးလေး..လူမိုက်ကလေး၊ မင်းဟာ ဘယ်တော့မှ ကောင်းစားမယ့်သူမဟုတ်ဘူး...

မင်းဟာ ဘုန်းကြီးလို့သက်မရှည်၊ သက်ရှည်လို့ဘုန်းမကြီး ပါစေနဲ့လို့ ငါ ကျိန်ဆိုတယ်...

အဟင့်..ဟင့် ဟင့်..ဟင့်..."

မည်မျှအထိ အသည်းနာကျင်ထိခိုက်သွားရသည်မသိ၊ ဒေါက်တာ စောသက်ထားကား မောင်ချစ်ကလေးအား ကျိန်ဆို စကားများဆိုအပြီး သည်းကြီးမည်းကြီး ငိုကြွေးနေရှာပါတော့ သတည်း...။

"အဟင့်..ဟင့်..ဟင့်..."

"မမ ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ကျွန်တော် မှားသွားပါ တယ်၊ ကျွန်တော် မိုက်ရိုင်းသွားပါတယ်..."

ထိခိုက်စွာငိုနေရှာသည့် အစ်မဖြစ်သူကို စောသက်ထွေး ထွေးပိုက်ကာ ချော့သည်။

ကျွန်တော်သည် မောင်ဆိုးအတွက် လုံးဝ,ဝကျွက်ပေး ထားသည့် ဒေါက်တာ စောသက်ထား၏ နှလုံးသားအား သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နားလည်လိုက်ပါ၏။

ဟင်း…

ခုတင်အောက်မှ ကျွန်တော်သည်လည်း သက်မမောကို ချဖြစ်နေရပါသည်။

"မမ ကျွန်တော့်ကို စိတ်ဆိုးသွားလားဟင်၊ မမ စိတ်ဆိုးတာကို ကျွန်တော် ခံဝံ့ပါတယ် မမရယ်၊ မမ ကျွန်တော့်ကိုတော့ မစိုန်းပါနဲ့…"

"အဟင့်‥ဟင့်‥ဟင့် မောင်လေးရယ်၊ မမကို စိတ်ထိခိုက်အောင်၊ အသရေပျက်အောင် မပြောပါနဲ့…

ဒေါ်သအလျောက် မမ ကိုန့်ဆိုမိတာပါ၊ စိတ်ထဲကတော့ မမရဲ့မောင်လေးအတွက်ဆိုရင် အသက်တောင်ပေးဝံ့ပါတယ်ကွယ်…"

မောင်ချစ်ကလေး၏ အသနားခံတောင်းပန်ချော့လာပြန်တော့လည်း…

ဒေါက်တာ စောသက်ထားသည် နဂိုရှိရင်းစွဲချစ်ခြင်းမေတ္တာခွင့်လွှတ်သော နှလုံးသားနှင့်အသင့်ရှိနေရှာသည်ပါ…။

"ကျွန်တော် မမရဲ့မေတ္တာတွေကို နားလည်ပါတယ်





မမရယ်…

ဒီတစ်ခါလေ ကျွန်တော့်ကို နောက်ဆုံးကူညီလိုက်ပါနော်၊ နောက်ဆို သူတို့ကိစ္စကို အပြင်မှာပဲ ကျွန်တော် သွားရှင်းခိုင်းပါ့မယ်…

ခုတော့ နောက်ဆုံးအဖြစ် သူ့ကိုဆေးထိုးပေးလိုက်ပါ မမရယ်‥နော်…"

"အို‥မမ မထိုးပေးဘူးကွယ်၊ မင်းတို့ကိစ္စ တခြားမှာပဲ သွားဖြေရှင်းကြ…"

"မမရယ် လာမယ့်အင်္ဂါနေ့ည ဧည့်ခံပွဲမှာ သူ့ကို အသုံးချရမှာမို့ပါ၊ ထိုးပေးပါဗျာ…"

"မထိုးပေးဘူး ထွေး…"

"ဟင်း‥ကဲ၊ မမ မထိုးပေးလည်း ကျွန်တော်ပဲ ထိုးပေးလိုက်မယ်ဗျာ…"

"ထွေး…"

ဒေါသသံလို၊ စိုးရိမ်သံလို ဒေါက်တာ စောသက်ထားလှမ်းခေါ်သော်လည်း စောသက်ထွေးကား အခန်းထဲမှထွက်သွားလေပြီဖြစ်၏။



www.burmeseclassic.com

အဟောင့်..ဟင့်..ဟင့်...

ဒေါက်တာ စောသက်ထားသည် ခုတင်ထက် အရုပ်ကြိုး ပြတ်နယ်ထိုင်ကာ ထိခိုက်စွာငိုရှိုက်သံအား ကျွန်တော် ကြားနေရပါ၏။

ကျွန်တော်သည် အချိန်ကိုသတိရ၍ နာရီဆီတစ်ချက် ကြည့်မိသည်တွင် ညဆယ်နာရီထိုးနေပြီဖြစ်ပေသည်။

အခန်းထဲတွင် ကျွန်တော်နှင့်ဒေါက်တာ စောသက်ထား ရှိနေ၍ အခန်းသည် တိတ်ဆိတ်နေ၏။

တစ်ချီတစ်ချီ ဒေါက်တာ စောသက်ထား၏ ရှိုက်သံနှင့် နှင့်လေးကို ခပ်ကျဲကျဲ ကျွန်တော် ကြားရသည်။

ကျွန်တော့်ရင်သည် အခန်းထဲနှစ်ယောက်တည်း ရှိနေသည့်အတွေးအသိဖြင့် နွေးထွေးလှုပ်ရှားနေ၏။

အရင်လက်စွမ်းလေးကလည်း ရှိုးထားသည်မို့ ကျွန်တော်သည် ခုတင်အောက်မှထွက်ကာ...

ဒေါက်တာ စောသက်ထားအား စိတ်ရှိတိုင်း ထွေးပွေ့ချော့ မြှူနှစ်သိမ့်လိုက်ချင်ပါသည်။

သွေးကြွ၍ တဖွားဖွားဖြစ်ပေါ်နေသည့် ဆန္ဒတို့ကို အတန်





ကြီး ကြိုးစားကာ ကျွန်တော် ထိန်းချုပ်ရပါ၏။

အကယ်၍များ ခုနေသာ ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား မြင်တွေ့လိုက်ရပါလျှင်...

အရှက်တရားများနှင့်ဒေါသတို့လွှမ်း၍ အသက်ပင်ပျောက်ကောင်း ပျောက်သွားနိုင်ပါသည်။

ကျွန်တော်သည် စိတ်ဆင်ရိုင်းအား သတိချွန်းဖြင့် အုပ်နေဆဲ...

ဒေါက်တာ စောသက်ထားသည် အိပ်ရာထက်မှဆင်းကာ ဝရန်တာတံခါးအား သွားရောက်ပိတ်နေသည်ကို ကျွန်တော် မြင်နေရသည်။

သည့်နောက် ဒေါက်တာ စောသက်ထားသည် အိပ်ရာထက် ပြန်လာပြီး ညင်သာစွာလှဲလျောင်းအိပ်စက်ပါလေပြီတည်း။

ဟူး...

ကျွန်တော်သည် ချစ်ရမ္မက်စိတ်များ ပေါက်ကွဲပွင့်မထွက်စေရန် အလွန်တရာထိန်းချုပ်ထားရပေတော့သည်။

ကံကောင်းသည်ဟု ဆိုရမည်လား၊ ကိုယ့်ကိုယ်ကိုပင် ချီးကျူးရတော့မည်လားမဆိုနိုင်ပါ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပင်ပန်းစွာ ချစ်ရမှုဏ်များ မျိုသိပ်နှိပ်ကွပ်နေဆဲ...

ဒေါက်တာ စောသက်ထွေးသည် ကိုယ်စိတ်နှစ်ပါး မချမ်းမြေ့ရှာ၍ မောပန်းနွမ်းလျစွာ အိပ်ပျော်သွားရှာပြီဖြစ်သည့် အသက်ရှူသံမှန်မှန်လေးအား ကျွန်တော် ကြားလိုက်ရပါ၏။

ထို့နောက်မတော့ ကျွန်တော်ကား ဒေါက်တာ စောသက်ထား၏ အိပ်စက်နေဟန်လေးကိုမျှ...

တစ်ချက်လှည့်မကြည့်မိစေရန် သတိကြီးစွာထားလျှက် ဝရန်တာတံခါးကို ဖွဖွဖွင့်ကာ လာရာလမ်းအတိုင်း အောင်မြင်စွာပြန်ခဲ့ပါတော့သတည်း...။ ။

ØØ ØØ ØØ





- တစ်ဆယ့်သုံး -

ကျွန်တော်သည် ညနေရှုံးဆင်းချိန် အိမ်ပြန်လမ်းကလေး၏ အေးချမ်းသာယာပုံလေးအား အပန်းဖြေကြည့်ရင်း ကားကိုမှန်မှန်မောင်းနှင်နေပါသည်။

သည်နေ့ ကျွန်တော် ရုံးဆင်းလာချိန်မှာ အချိန်မစောလှ၊ နောက်လည်းမကျပါ...။

နွေလယ်ရာသီမို့ ပူစပ်စပ်ကြီးဖြစ်နေသည့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သည် လက်တစ်ဖက်က ကားစတီယာတိုင်ကို ထိန်းကိုင်ရင်း ကျန်တစ်ဖက်က ရင်ဘတ်မှအင်္ကျီကြယ်သီးတစ်လုံးနှစ်လုံးကို ဖြုတ်နေမိသည်။

ဟူး…

ကျွန်တော်သည် လေပြင်းတစ်ချက်ကိုမှုတ်ထုတ်ပြီး ကားအသွားအေးမြမြလေ အရှိန်ပြင်းပြင်းလေး၏ အရသာကိုနှစ်ခြိုက်စွာ ခံစားဖြစ်သည်။

တစ်နေရာသို့ရောက်သော် ကျွန်တော်သည် ကားလေးကို ထိုးရပ်ပစ်လိုက်ပြီး ငူငူကြီးရှိနေမိ၏။

ဒေါက်တာ စောသက်ထား…။

ကျွန်တော့်အသိတွင် ပေါ်လာ၏။

မှန်သည်။

ထိုနေရာလေးကိုဖြင့် ကျွန်တော် မမေ့နိုင်တော့သလိုပါ။

ဟင်း…

သက်မမောကြီးတစ်ချက်ကို ကျွန်တော် ချမိသည်။

ကျွန်တော့်စိတ်သည် ဆုံးဖြတ်ချက်မရှိသလို ဆုံးဖြတ်ရခက်ခက်လိုရှိနေ၏။





တစ်နည်းဆိုရသော် ကျွန်တော်သည် မာနရှိသောယောကျ်ားတစ်ယောက် ဖြစ်နေသောကြောင့် ပို၍ခက်နေရပါသည်။

အဘယ်ကြောင့်ဆိုသော်…

ဒေါက်တာ စောသက်ထားကို ကျွန်တော် ချစ်သည်။ မြတ်နိုးစုံမက်သည်။ တစ်သက်တစ်ဘဝအတွက် ပိုင်ဆိုင်ချင်သည်။

သို့သော်…

ဒေါက်တာ စောသက်ထား၏ တုန်လှုပ်မှုမရှိသော မျက်ဝန်း၊ အချစ်ကိုမသိသောမျက်ဝန်း၊ အေးစက်တည်ခဲသော မျက်ဝန်းအကြည့်များနှင့်အသွင်တို့သည်…

ကျွန်တော့်အား ရင်ဖွင့်ဆိုရန် တုံ့ဆိုင်းနေစေပါ၏။

ကျွန်တော် ရင်ဖွင့်ဆိုခဲ့သော် အငြေါကြီးတစ်ခုသာ အဖတ်တင်ပြီး ဒေါက်တာ စောသက်ထား၏ အေးစက်စက်မထေမဲ့မြင်လျစ်လျူရှုခြင်းအား ခံရမည်ကို ကျွန်တော် သိ၍…

ကျွန်တော်သည် ဒေါက်တာ စောသက်ထားထံမှ အချစ်ကို အောက်ကျို့ခံ၍ မတောင်းလိုပါ။ ရင်ဖွင့်မဆိုချင်တော့ပါလေ။

တီး‥တီး…



www.burmeseclassic.com

www.burmeseclassic.com



ဟင်…

ကျွန်တော်သည် တွေးငေးဆဲကျက်မိနေသည့် ဒေါက်တာ စောသက်ထား၏ ကားဟွန်းသံလေးကို ကြားလိုက်ရသဖြင့် ဆတ်ခနဲ လှည့်ကြည့်မိသည်။

ဟင်…

ကျွန်တော် ထပ်ဆင့်အံ့သြမိရပါသည်။

ဒေါက်တာ စောသက်ထား ကားလေးသည် ကျွန်တော့် ကားနှင့်ယှဉ်လျက်ရပ်ခဲ့သည် မဟုတ်ပါတကား…။

မှင်သက်လွန်း၍ ကျွန်တော် စကားမဆိုဖြစ်ပါ…။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ကို အေးစက်သောမျက်ဝန်းနှင့်ပြုံးယောင်လွှမ်းသော နှုတ်ခမ်းလှလှတို့ဖြင့် ကြည့်နေသည်မဟုတ်ပါလား…။

တည်ငြိမ်အေးစက်လွန်းသော မျက်ဝန်းရွဲကြီးအစုံကပင် ကျွန်တော့်ကို ဆွဲဆောင်နေနိုင်ပါလျှင်…

ပျားရည်ဆမ်းထားသော နှုတ်ခမ်းနှစ်လွှာမှ အပြုံးသည်ကား ကျွန်တော့်အတွက် ဆိုဖွယ်ရှိပါဦးမည်လား…။

"ဒေါက်တာ စောသက်ထား…"





"ဟုတ်ကဲ့ ကိုခင်ဇော်ငြိမ်း…"

"ဆေးရုံကပြန်လာတာလား…"

ဆိုရင်း ကျွန်တော် ကားပေါ်မှဆင်းသည်။ ဒေါက်တာ စောသက်ထားအနီးတွင် သွားရောက်ရပ်ကြည့်ကာ ကြည့်နေမိသည်။

"ဟုတ်ပါတယ်၊ ကျွန်မ ဆေးရုံကပြန်လာတာပါ၊ ဒါနဲ့ ကိုခင်ဇော်ငြိမ်းကကော ရုံးဆင်းလာတာပေါ့နော်…"

"ဟုတ်ပါတယ်…"

"အိမ်မပြန်သေးဘဲ ဒီနားမှာ ဘာကိစ္စနဲ့ နေနေတာလဲဟင်…"

"သက်ထားကို လွမ်းလို့…"ဟုပြောထုတ်လိုက်ချင်ပါသော်လည်း…

ကျွန်တော်သည် လွန့်လွန့်အပြုံးတစ်ခုကို ဟန်ပါပါပြုံးကာ လေပြည်နုနုတို့တိုက်ခတ်ချိန် ညနေခင်း ကနက်သီရီမြို့အလှလေးအား ဟိုဟိုဒီဒီ လှမ်းကြည့်လိုက်ပြီးမှ…

"ပွစိပွလောင်ဖြစ်နေလို့ လေညှင်းခံနေတာပါ…"

"ဩော်…ဟုတ်တာပေါ့ရှင်၊ နွေလယ်ကာလဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အပူကပြင်းလာတာပေါ့ရှင်၊ ဒါတောင် ကနက်သီရိမြို့က တခြားမြို့တွေထက်စာရင် အပူအအေးမျှတသေးတယ်လို့ထင်တယ်…”

“ဒေါက်တာကော မဆင်းတော့ဘူးလား၊ လေညှင်းမခံတော့ဘူးလား…”

“အဟင်း‥ကိစ္စမရှိပါဘူးရှင်၊ ကျွန်မ သွားလိုက်ပါဦးမယ်…”

စကားအဆုံး ဒေါက်တာ စောသက်ထား ကားစက်ကိုနှိုးသည်။ ကျွန်တော် မတားမိပါ…။

ဒေါက်တာ စောသက်ထား၏ အပြုံးတစ်ချက်အပွင့်တွင် ကျွန်တော် ငေးမောနစ်မျောသွားလိုက်ရသောကြောင့်ပါ…။

ဒေါက်တာ စောသက်ထား ကားလေးမောင်းထွက်သွားချိန်တွင် ကျွန်တော်သည် အနည်းငယ်မျှအတွေးမဲ့စွာ ကျန်ခဲ့ပါသည်။ ပြီးမှ ကျွန်တော်သည် ကားရှိရာလှမ်းလာပြီး…

ဒေါက်တာရဲ့ထူးခြားချက်တွေကို ကျွန်တော် သဘောပေါက်ပါတယ်…

မနေ့ညက ဒေါက်တာ့အခန်းက ကျွန်တော် ပြန်ထွက်ခဲ့တဲ့ ဝရန်တာတံခါးပေါက်ပွင့်နေတာကို ဒေါက်တာ နားမလည်ဘဲရှိပါ





မလားလေ…

ဒေါက်တာ သဘောပေါက်နေမှာပေါ့…

ဒါကြောင့်သာ ဒေါက်တာ့ရဲ့တစ်သက်တာပတ်လုံး ထည်ဝါတဲ့ကြွေနုံနဲ့တည်ငြိမ်းလွန်းတဲ့ မျက်နှာလှလှက ထူးခြားတဲ့အပြုံးတွေ ဖူးပွင့်ခဲ့တာပါ…

အဲဒီအပြုံးတွေကို ကျွန်တော်လည်း နားလည်သဘောပေါက်နေပါတယ် ဒေါက်တာ စောသက်ထား…

ကျွန်တော်သည် ကားပေါ်တက်ကာ မောင်းထွက်ခဲ့သည်အထိ ခေါင်းထဲအတွေးများ ဖြစ်ထွန်းခဲ့ပါ၏။

လှတယ်၊ ဒေါက်တာ့အပြုံးဟာ သိပ်လှပါတယ်၊ သိပ်စွဲမက်ဖို့ကောင်းပါတယ်၊ သိပ်မြတ်နိုးဖို့ကောင်းပါတယ်…

ဒါပေမဲ့…

ဟင်း…

ကျွန်တော်သည် သက်မမောကြီးတစ်ချက်သာ ချလိုက်နိုင်လေတော့သတည်း…။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်လေး -

ကျွန်တော်သည် ညစာကိုစောစောစားထားပြီး အချိန်ကို စောင့်နေပါသည်။

သည်နေ့ ညခုနစ်နာရီတွင် စောခန့်စံအိမ်ကြီးမှ ဖိတ်ထားသော စောသက်ထွေး၏ ညည့်ခံပွဲသို့ သွားရမည်မဟုတ်ပါလား...။

အချိန်ကိုစောင့်နေရသော်လည်း...

ကျွန်တော့်စိတ်သည် တင်းကြပ်၍ဖြင့်မနေပါ...။





အင်္ကျီအဝတ်အစားမှ လဲမထားသေးဘဲ ညည့်ခန်းထဲ၌ပင် သက်တောင့်သက်သာထိုင်ကာ စီးကရက်သောက်နေပါ၏။

ကျွန်တော်သည် တစ်ဦးတည်းသာနေသောအိမ်မို့ ကျွန်တော့်အိမ်သည် အပ်ကျသံမျှ မကြားရလေအောင် တိတ်ဆိတ်နေသည်။

တစ်ချက်တစ်ချက် အိမ်မြှောင်စုတ်ထိုးသံကို ကျွန်တော် ကြားရသည်။ ကျွန်တော်သည် အိမ်မြှောင်စုတ်ထိုးသံအား လာဘ်တစ်ပါးအဖြစ် ယူဆပါသည်။

ခုတလောလေးအတွင်း အိမ်မြှောင်စုတ်ထိုးသံသည် ကျွန်တော့်နားထဲ သာသာယာယာလျှံနေ၏။

ဘာထူးခြားသည်ကိုသာ ကျွန်တော် မသိ၊ ထူးတော့ထူးခြားမှုတစ်ရပ် ကျွန်တော့်အတွက် ရှိလာလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေမိပါ၏။

ကျွန်တော်သည် ကိုယ့်အတွေး၊ ကိုယ့်အယူအဆနှင့်ကိုယ် တွေးရင်း တစ်ကိုယ်တည်းအပြုံးဖြင့် မျက်နှာကျက်ပေါ်မှပြေးလွှားနေသည့် အိမ်မြှောင်သုံးလေးကောင်ဆီ လိုက်၍ကြည့်မိသည်။

ကျွန်တော် ကြည့်နေဆဲ အိမ်မြှောင်လေးတွေက တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်နှင့်တစ်ကောင်ဆက်၍ တကျွတ်ကျွတ်နှင့်စုတ်ထိုးသံများ ထွက်ပေါ်လာပြန်ပါ၏။

အဟွန်း…

ကျွန်တော့်အယူအဆနှင့်မို့ ကျေနပ်စွာပြုံးဖြစ်လိုက်၏။

တိုဝင်သွားသည့် စီးကရက်တိုကို ပြာခွက်ထဲထိုးခြေပြီး နောက်တစ်လိပ်မီးထပ်ညှိသည်။

နှစ်ခြိုက်စွာ တစ်ချက်ရှိုက်အဖွာတွင် ကျွန်တော့်စိတ်အစဉ်သည် ညနေကတွေ့ခဲ့ရသော ဒေါက်တာ စောသက်ထားဆီ ရောက်ရ၏။ ကျွန်တော်သည် ရုံးဆင်းခါနီးလောက်က ဒေါက်တာ စောသက်ထားဆီ ရောက်သွားသည်။

တကယ်တော့ ကျွန်တော် တစ်နေ့လုံး ခေါင်းကိုက်နေသောကြောင့် ဆေးရုံသွားပြီး ဆေးတောင်းသောက်မည် ရည်ရွယ်ချက်ဖြင့် ဒေါက်တာ စောသက်ထားဆီ ရောက်ရခြင်းပါ…။

ကျွန်တော့်ကိုတွေ့တော့ လှသောအပြုံးနုနုလေးဖြင့် ဒေါက်တာ စောသက်ထား ဆီးကြိုသည်။

ကျွန်တော်က တစ်နေ့လုံးခေါင်းကိုက်နေကြောင်းနှင့် နေမကောင်းချင်ဖြစ်ချင်နေကြောင်း ပြောသည်တွင်…





ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား နွေးထွေးသော ကြင်နာရိပ်သွင်တို့ဖြင့် ဆေးတွေတိုက်ပါ၏။

ဆေးထိုးချင်လည်း ဆေးထိုးပေးမည်ဟု ဆိုသေးသည်။

ကျွန်တော် ဆေးမထိုးပါ…။

အမှန်အကန်ဆိုရသော် ဒေါက်တာ စောသက်ထား၏ အလွန်တရာလှလွန်းသော မျက်နှာလေးကို မြင်ရထဲကပင် ဆေးသောက်ရန်ပင် မလိုတော့၊ ဝေဒနာသည် ပျောက်နေပါပြီ…။

ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား စွဲလန်းမြတ်နိုးမိသည်ကအမှန်…။

သို့သော် ကျွန်တော်သည် မာနရှိသောယောကျ်ားတစ်ယောက်ပေမို့ ကျွန်တော့်အချစ်ကို တန်ဖိုးကြီးစွာသိမ်းဆည်းထားလိုက်ပါ၏။

ဆေးရုံတွင် မိနစ်အနည်းငယ်ကြာသည်အထိ ကျွန်တော်နှင့်ဒေါက်တာ စောသက်ထားသည် ရည်ရွယ်ချက်မရှိသော စကားတွေ ပြောဖြစ်ကြပါသည်။ ထို့နောက် ရုံးဆင်းချိန် အိမ်ပြန်လမ်းတွင် ဒေါက်တာ စောသက်ထားနှင့်ထပ်ဆုံသည်။

ဒေါက်တာ စောသက်ထားသည် တန်ဖိုးကြီးမားသော



www.burmeseclassic.com

www.burmeseclassic.com



အပြုံးဖြင့် ကျွန်တော့်ကို နှုတ်ဆက်သွား၏။

ဟူး...

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ ထူးခြားဆန်းပြားသော ဆက်ဆံရေးအသွင်လေးများအား မြင်ယောင်ကာ တွေးတောရင်း စီးကရက်မီးခိုးတို့ကို မှုတ်ထုတ်ပစ်လိုက်သည်။

နာရီဆီတစ်ချက်ကြည့်မိသည်တွင် ညခုနစ်နာရီထိုးပေတော့မည်မို့၊ ကျွန်တော်သည် သောက်လက်စစီးကရက်တိုကို ထိုးခြေပြီး ထိုင်ရာမှထကာ အခန်းထဲဝင်အဝတ်လဲရပါ၏။

သည့်နောက် ကျွန်တော်သည် ဆရာ ဦးမျိုးကျော် ဖုန်းနံပါတ်ကို လှည့်လိုက်သည်။

"ဟဲလို..."

"ပြော ကိုခင်ဇော်ငြိမ်း၊ ကျွန်တော် ဖုန်းအနီးမှာပဲစောင့်နေတာ..."

"ဟုတ်ကဲ့ ဆရာ၊ ဆရာတို့အားလုံး အဆင်သင့်ဖြစ်ပြီမဟုတ်လား..."

"စိတ်ချ ကိုခင်ဇော်ငြိမ်း၊ အားလုံးအသင့်ပါပဲ..."

"ကဲ..ဒါဖြင့် ခုနစ်နာရီထိုးခါနီးပြီ ဆရာ၊ ဆရာတို့လည်း





စောခန့်စံအိမ်ကို ထွက်ကြတော့..."

"ကျွန်တော်လည်း ခုပဲထွက်တော့မယ်၊ ဒါနဲ့ ဆရာကျွန်တော် ပြောထားတာတွေ ကိုကျော်မင်းနိုင် သဘောပေါက်ပါတယ်နော်..."

"စိတ်ချပါ ဆရာ ကိုခင်ဇော်ငြိမ်း၊ ကျွန်တော် အားလုံးသဘောပေါက်ပါတယ်၊ အားလုံးအဆင်ပြေရပါစေမယ် ဆရာ"

ဦးမျိုးကျော် လက်ထဲမှဖုန်းကို ကိုကျော်မင်းနိုင်ထံ ပေးပြောလိုက်ဟန်တူသည်။

ဖုန်းထဲမှရဲဝတ်သားကင်မရာ ကိုကျော်မင်းနိုင်၏ စကားသံကို ကျွန်တော် အားရွှာကြားလိုက်ရပါ၏။

"ကောင်းပြီ ကိုယ့်ညီ၊ ကဲ..ကိုယ် ဖုန်းချလိုက်တော့မယ်..."

ကျွန်တော်သည် စကားအဆုံး ဖုန်းကိုချခဲ့ပြီးနောက်၊ အခန်းတံခါးများနှင့် အိမ်တံခါးကိုပိတ်ကာ စောခန့်စံအိမ် ညှို့ခံပွဲသို့ ထွက်ခဲ့ပါတော့၏။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်ငါး -

စောခန့်စံအိမ်၏ ညှော်ခံပွဲကဖြင့် ထုံးစံအတိုင်းပါပေ…။

ကျွန်တော်သည် ညှော်ခံပွဲအတွင်း ဝင်ရောက်လာကတည်းကပင် ညှော်ခံပွဲလာပရိသတ်များအား မသိမသာကြည့်ရှု အကဲခတ်နေမိပါသည်။

တကယ်တော့ စောခန့်စံအိမ်၏ ညှော်ခံပွဲဆိုသည်ကား…

အများအမြင် လူဘုံအလယ်ညှော်ခံပွဲကို စည်ကားသိုက်





မြိုက်စွာ ဆင်ယင်ကျင်းပပြီး…

စားပွဲဝိုင်းတစ်နေရာ၊ နှစ်နေရာတွင် မူးယစ်ဆေးဝါးတို့ကို အလဲအလှယ်လုပ်ဖြန့်ဖြူးနေခြင်းပင် မဟုတ်ပါတကား…။

ထိုလုပ်ငန်းတွင် အကြောင်းအမျိုးမျိုးကြောင့် အခြေအနေ မဲ့သည့် အမျိုးသမီးများအား…

ကိုစောသက်ထွေးသည် မသမာသောလုပ်ငန်းကြီးရှင်ပီပီ ငွေနှင့်ပေါက်၍ အပိုင်ချည်နှောင်ထားပြီး အသုံးချထားသည်။

မူးယစ်ဆေးဝါးပါ စွဲနေကြပြီဖြစ်သည့် သေမထူးနေမထူး သော အမျိုးသမီးလေးများ၏ဘဝသည် ကိုစောသက်ထွေး၏ ထားရာနေ၊ စေရာသွား…။

ကိုစောသက်ထွေးသည် ရုပ်ရည်နှင့်အသက်အရွယ်နှင့်မျှ မလိုက်သော ဝိသမလောဘသားတစ်ယောက်…။

လုပ်ငန်းတွင် သစ္စာဖောက်သူရှိလျှင် သေရွာသို့လက်ဖျစ် တစ်ချက်တီး၍သာ ပို့လိုက်တတ်သူ…။

ထိုကိစ္စတွေအားလုံးကို ဒေါက်တာ စောသက်ထား သိ သည်။

အသိပညာရှင်၊ အတတ်ပညာရှင်တစ်ယောက်ဖြစ်ပါ၏ငြား



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါက်တာ စောသက်ထားသည် ရင်ခွင်သားကဲ့သို့ ပိုက်ထွေးပြုစု ကျွေးမွေးစောင့်ရှောက်လာခဲ့ရသည့် မောင်ငယ်လေးအား…

အစ်မမေတ္တာထက်၊ အမိမေတ္တာမိုးက မောင်ငယ်အပေါ်ကြီးမားစွာ လွှမ်းမိုးနေလေသူမို့…

အသိခေါက်ခက် အဝင်နက်ကာ ရာဇဝတ်မှုများအား ပံ့ပိုးအားပေးနေသူတစ်ယောက်နှယ် ရှိနေတော့သည်မဟုတ်ပါလား၊

ကျွန်တော်သည် အရက်တစ်ခွက်နှစ်ခွက်ကို အေးအေးဆေးဆေးသောက်ရင်း စောခန့်စံအိမ်၏ ညည့်ခံပွဲအကြောင်းရင်းများအား ဆက်စပ်တွေးတောနေဖြစ်ပါ၏။

စားပွဲတွင် ထိုင်သူထိုင်၊ ထသူထနှင့် စောခန့်စံအိမ်၏ ညည့်ခံပွဲကား စည်ကားရှုပ်ထွေးနေသည်။

ထိုသို့စည်ကားရှုပ်ထွေးသော ညည့်ခံပွဲမျိုးကိုပင် ကိုစောသက်ထွေးသည် တမင်ဖန်တီးဖိတ်ခေါ်ထားသည်ပဲလေ…။

ညည့်ခံပွဲတွင် ကိုစောသက်ထွေးသည် ဟိုစားပွဲ၊ ဒီစားပွဲ ကူးလူးရင်း ညည့်ခံစကားများ လိုက်၍ဆိုနေပုံရသည်။

တကယ်တော့ ကိုစောသက်ထွေးသည် ညည့်ခံပွဲတွင်





အမြင်အလှဆုံး ညည့်ခံနေခြင်းပါ…။ က

အခိုင်အမာ ချုပ်ကိုင်မှုတွေနှင့် ကိုစောသက်ထွေး လက်သပ်မွေးထားသည့် အခြေအနေမဲ့ အမျိုးသမီးချောချောလေးတွေက တစ်ချက်ခုတ်နှစ်ချက်ပြတ် အလုပ်တွေလုပ်သွားကြပြီဖြစ်သည်ကို ကျွန်တော် သဘောပေါက်ထားပြီးဖြစ်ပါသည်။

ကိုစောသက်ထွေးသည် ညည့်ခံပွဲကိုဗန်းပြရင်း အမျိုးသမီးလှလှလေးများကို ခိုင်းစေကာ မူးယစ်ဆေးဝါးဖြန့်ဖြူးနေသူတစ်ယောက်…။

အကြောင်းဇစ်မြစ်တို့ကို အတွင်းကျကျ သိနေပြီဖြစ်သည့် ကျွန်တော့်အဖို့ စောခန့်စံအိမ်၏ ကျဆုံးခန်းအား မြင်နေပါပြီ…။

သက်သေအထောက်အထား ခိုင်လုံစွာရှိဖို့ အချက်သာ ကျွန်တော့်အတွက် ကျန်ပြီ…။

ဒါသည်လည်း ကျွန်တော့်အတွက် မခက်တော့…။

မှန်သည်။

ခုချိန်ဆို လက်တစ်ဆုပ်စာ အော်တိုမစ်တစ် ကင်မရာ သေးသေးလေးတစ်လုံးနှင့် ကိုကျော်မင်းနိုင်သည် နေရာအနှံ့တွင် အလုပ်ဖြစ်နေလေပြီ မဟုတ်ပါလား…။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အရက်နှစ်ခွက်သုံးခွက်လောက် သောက်ပြီးမှ စားပွဲဝိုင်းတွေဆီ တစ်ချက်လှမ်းကြည့်သည်။

ရီရီမိုး...

စားပွဲနှစ်နေရာကျော်တွင် ရီရီမိုးကို ကျွန်တော် တွေ့လိုက်ရသည်။

ရီရီမိုးလည်း ကျွန်တော့်ကို တွေ့သည်။ ခပ်ဝေဝေအကြည့်နှင့် ကျွန်တော့်ထံ ရီရီမိုး လှမ်းကြည့်သည်။

ရီရီမိုးမှ အကြည့်ကိုလွှဲကာ ကျွန်တော် ထိုင်ရာမှထသည်။

ထိုင်ရာမှအထ ကျွန်တော့်မျက်ဝန်းသည် အတန်ကြီး အလုပ်လုပ်သွား၏။

မှန်သည်။

တကယ်တော့ ကျွန်တော်သည် စောခန့်စံအိမ် ဧည့်ခံပွဲသို့ စ,ရောက်ကတည်းက သီတာဆိုသော အမျိုးသမီးလေးအား အဓိက ရှာဖွေနေခြင်းပါ...။

သို့သော်လည်း သီတာ့ အရိပ်အယောင်ကိုမျှ ကျွန်တော် မတွေ့...။





သီတာ့ကိုမတွေ့သော်လည်း ပထမဦးဆုံး တစ်ခေါက် စောခန့်ဧည့်ခံပွဲသို့ ကျွန်တော် ရောက်စဉ်က အမည်မသိသော်လည်း တွေ့ဖူးမြင်ဖူးထားသည့် အမျိုးသမီးလေး သုံးလေးယောက်ကို ကျွန်တော် ပြန်တွေ့နေရပါ၏။

ကျွန်တော်သည် ဒေါက်တာ စောသက်ထားဆီ အတွေးတစ်ချက်ရောက်ကာ သဘောတော့ပေါက်လိုက်သလို ရှိပါသည်။

"ကိုခင်ဇော်ငြိမ်း ဘယ်လဲ၊ ထိုင်လေ..သောက်ပါဦးဗျာ၊ အေးအေးဆေးဆေးပေါ့..."

ကိုစောသက်ထွေးသည် ကျွန်တော့်အနား ရောက်လာသည်။ ကျွန်တော်သည် ကိုစောသက်ထွေးကို စိုက်ကြည့်မိသည်။

"ကိုခင်ဇော်ငြိမ်း၊ ဆရာ ဦးမျိုးကျော်တို့အဖွဲ့ကော၊ ကိုခင်ဇော်ငြိမ်းက ဒီမှာတစ်ယောက်တည်း လာထိုင်နေတာကိုး..."

ကိုစောသက်ထွေးကို ကျွန်တော် ချီးကျူးမိသည်။

ဝါရင့်ရဲအရာရှိတစ်ယောက်ဖြစ်သည့် ကျွန်တော်ပင်လျှင် ကိုစောသက်ထွေးလောက် မှင်ကောင်းမည်မထင်...။

ကိုစောသက်ထွေးသည် ကျွန်တော့်ပခုံးတစ်ဖက်ကို တရင်းတနှီးဆုပ်ကိုင်ကာ အသွင်ချောချောနှင့်နွေးနွေးထွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



စကားတို့ကို ဆိုနေသည်မဟုတ်ပါလား…။

"ကျွန်တော် ဆရာ ဦးမျိုးကျော်တို့ရှိတဲ့စားပွဲကို သွားမလို့ပါ ကိုစောသက်ထွေး…"

"ဩော်..ဟုတ်လား၊ ဆရာ ဦးမျိုးကျော်တို့က ဘယ်စားပွဲမှာပါလိမ့်၊ ကျွန်တော်တောင် သွားမနှုတ်ဆက်ရသေးဘူး…

လာလေ ကိုခင်မော်ငြိမ်း၊ ကျွန်တော်လည်း ဆရာတို့ကို သွားနှုတ်ဆက်ဦးမယ်…"

ကျွန်တော် ခေါင်းဆတ်ပြပြီး ကိုစောသက်ထွေးနှင့်အတူ ဆရာ ဦးမျိုးကျော်တို့ စားပွဲဆီသို့ ထွက်ခဲ့ကြသည်။

တကယ်တော့ ကျွန်တော်တို့အဖွဲ့သည် တမင်ပင် နေရာချင်းခွဲ၍ထိုင်ခြင်းပါ…။

ကျွန်တော်သည် စားပွဲဝိုင်းများနှင့်လူများကြား လျှောက်လာရင်းမှ ကိုကျော်မင်းနိုင်ကို ရှာကြည့်မိသည်။

ကျွန်တော်တို့ ကားနောက်ဖုံးထဲ တိတ်တိတ်လေး ဝက်ခေါ်လာသည့် ကိုကျော်မင်းနိုင်သည် သားနားသောဝတ်စုံဖြင့် ပရိသတ်များနှင့်ရောကာ အလုပ်ဖြစ်နေသည်ကို ကျွန်တော် တွေ့လိုက်ပါ၏။

"ဩော်..ဆရာ ကိုခင်မော်ငြိမ်းက ကျွန်တော်တို့ထက်





အရင်ရောက်နေတယ်ထင်တယ်…"

ဆရာ ဦးမျိုးကျော်တို့ စားပွဲရောက်ခိုက် ဆရာ ဦးမျိုးကျော်က ဆိုလာ၏…

"ဟုတ်မယ် ထင်တယ် ဆရာ၊ ကျွန်တော် ရောက်တော့ ဧည့်သည်တွေတောင် အတော်ရောက်နေကြပြီ…

ကျွန်တော်ထိုင်တာ ဟိုဘက်ထောင့်နားမှာ၊ ဆရာတို့ကို လှမ်းမြင်လိုက်လို့ လာမယ်အလုပ်မှာ ကိုစောသက်ထွေးလည်း ရောက်လာတာနဲ့ ပါလာတာပဲ…"

ဆရာ ဦးမျိုးကျော်တို့ စားပွဲဆီရောက်တော့ ကျွန်တော်တို့အတွက် ထိုင်စရာနေရာမရှိပါ…။

ကျွန်တော်သည် ကိုစောသက်ထွေးနှင့်ဆရာ ဦးမျိုးကျော်တို့ စကားပြောကြသည်ကို အမှတ်တမဲ့ပင်ထားကာ စီးကရက်တစ်လိပ်ကို မီးညှိဖွာနေလိုက်ပါသည်။

ကျွန်တော်သည် စီးကရက်ကို တစ်ဖွာချင်းဖွာနေဆဲမှာပင် ကျွန်တော့်အကြည့်တစ်ချက်သည် အမှတ်မထင် တစ်နေရာသို့ ရောက်သွားရလေ၏။ မှန်သည်။

ဒေါက်တာ စောသက်ထား…



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စောသက်ထားသည် အပေါ်ထပ်အခန်းတစ်ခု အကွယ်မှ ကျွန်တော့်ထံ တည်ငြိမ်လှပသောမျက်ဝန်းတို့ဖြင့် စူးစိုက်ကြည့်နေသည်မဟုတ်ပါတကား…။

အမှတ်မထင် ကျွန်တော့်မျက်နှာအမော့်နှင့် ဆုံသွားရသည်တွင် ဒေါက်တာ စောသက်ထွေးသည် လှစ်ခနဲပျောက်ကွယ်သွား၏။ ကျွန်တော်သည် မည်သို့ဖြစ်သွားသည်မသိ၊ နှုတ်ခမ်းတွင် ဖွဖွခဲထားသည့် စီးကရက်သည် ကျွန်တော် သတိထားမိချိန်တွင် ကျွန်တော့်ပါးစပ်ထဲ စီးကရက်အစီခံသည် ပြုတ်၍နေပြီဖြစ်၏။

ဟင်း…

လူတောသူတောထဲ ကျွန်တော်သည် တစ်ကိုယ်တည်း ကျိတ်ကာ သက်မချဖြစ်ရလေသည်။

ဘယ်သူမှမသိလိုက်အောင် ကျွန်တော်သည် စီးကရက်ကို ပြာခွက်ထဲထိုးချေလိုက်ပြီး ပါးစပ်ထဲမှအစီခံအား တိတ်တိတ်ထုတ်လိုက်ရပါ၏။

ဩော်…ကျွန်တော်သည် ဒေါက်တာ စောသက်ထွေးနှင့် ပတ်သက်လျှင် သတိလက်လွတ်ကာ လှုပ်ရှားတတ်နေပါပကောလား…။





ကျွန်တော်သည် လှုပ်ရှားသွားသောစိတ်ကို အသာထိန်းကာ လက်မှနာရီကိုကြည့်မိသည်။ ဆယ်နာရီခွဲပြီ…။

စောခန့်စံအိမ် ညည့်ခံပွဲကား စည်ကားနေတုန်းပင်…။

"ဩော်…ကိုခင်မော်ငြိမ်းတော့ နာရီကြည့်နေပြီ၊ ပြန်တော့မယ်ထင်တယ်…"

"ဟင်…ကိုခင်မော်ငြိမ်း ပြန်တော့မှာလား…"

ဆရာ ဦးမျိုးကျော် လှမ်းမေးလိုက်သောကြောင့် ကိုစောသက်ထွေးကပါ ကျွန်တော့်ဘက်လှည့်ပြီး မေးသည်။

ကျွန်တော်သည် အဆင်ပြေစွာပင်…

"ကျွန်တော်လာတာ ကြာသွားပါပြီ ကိုစောသက်ထွေး၊ ပြီးတော့ ကျွန်တော် မနက်ကတစ်နေ့လုံး ခေါင်းလည်းကိုက်နေလို့ပါ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး…"

"ကောင်းပါပြီ ကိုခင်မော်ငြိမ်း၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ…"

"ကဲ…ဆရာတို့လည်း ကျွန်တော် နှုတ်ဆက်ပါတယ်၊ ကျွန်တော် ပြန်ပါဦးမယ်…"

"ကောင်းပြီ ကိုခင်မော်ငြိမ်း…"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အဓိပ္ပာယ်ပါသော မျက်ဝန်းတို့ဖြင့် ဆရာဦးမျိုးကျော်တို့အဖွဲ့ကိုကြည့်ကာ လူများကြားမှ ထွက်ခဲ့သည်။

ဧည့်ခံပွဲအတွင်းမှ ကျွန်တော် ထွက်ခဲ့သည်တွင် စားပွဲများမှထိုင်နေကြသည့် အမျိုးသမီးအတော်များများ၏ အကြည့်များသည် ကျွန်တော့်ထံ ရောက်နေကြ၏။

မို့မို့မှလွဲလျှင် ရီရီမိုးနှင့်တခြားတွေ့ဖူးထားသည့် အမျိုးသမီး အတော်များများကို ကျွန်တော်လည်း အသေအချာသုံးသပ်လိုက်ကြည့်၍ တွေ့မြင်ရပါသည်။

သည့်နောက် ကျွန်တော်သည် စောခန့်စံအိမ် အပြင်ဘက်သို့ ရောက်သည့်တွင်...

ဒေါက်တာ စောသက်ထား၏ အိပ်ခန်းဆောင်ကြီးဆီ တစ်ချက်မျှ လှမ်းမျှော်ကြည့်ကာ...

စောခန့်စံအိမ်ကြီးထဲမှ ကားမောင်းရင်း ထွက်ခဲ့ပါတော့သည်။ ။

ØØ ØØ ØØ





## - တစ်ဆယ့်ခြောက် -

ကျွန်တော်သည် နံနက်ကတည်းက အပြင်လုံးဝမထွက်ဖြစ်ဘဲ အိမ်မှာပင်ရှိနေပါသည်။

နေကလည်းပူ၊ အလုပ်အားရက်လည်းဖြစ်မို့ အေးအေးဆေးဆေးပင် ကျွန်တော် အိမ်တွင်အနားယူနေဖြစ်သည်။

အလုပ်အားရက်ဖြစ်သောကြောင့် ကျွန်တော် အိမ်မှာပင် ထမင်းဟင်းချက်စားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းဟင်းချက်ပြီး ပူပြင်းလွန်း၍ ချွေးတိတ်စေရန် တစ်အောင့်နားပြီး ကျွန်တော် ရေချိုးသည်။

ရေချိုးသည့်အခါတိုင်းလည်း ကျွန်တော်သည် တစ်နေ့ဝတ်သည့်အဝတ်ကို တစ်နေ့လျှော်ဖွပ်သည်။

အဝတ်လျှော်ရေချိုးပြီးနောက် တစ်ပတ်စာမီးပူတိုက်ရသေးသည်။ အဝတ်လေးငါးစုံကို ကျွန်တော် မီးပူတိုက်သည်။

မီးပူတိုက်ပြီးတော့ ချွေးကပြန်လာပြန်သည်။

အိမ်ရှေ့တွင်ထိုင် ဆေးလိပ်သောက်ရင်း ကျွန်တော် အနားယူသည်။

နေ့လယ် ဆယ့်တစ်နာရီထိုးသည်တွင် ကျွန်တော်သည် ထမင်းစားပြီး နေ့လယ်တစ်ရေးတစ်မော အိပ်ပစ်လိုက်၏။

ထမင်းဆိပ်တက်ပြီး အိပ်ကောင်းကောင်းနှင့်အိပ်ပစ်လိုက်သည်မှာ အချိန်တွေမည်မျှကြာသွားသည်မသိ...။

ယခုမှပင် ကျွန်တော်သည် အိပ်ရာမှနိုးလာပါတော့၏။

လုပ်ရင်းကိုင်ရင်း ကုန်မှန်းမသိကုန်သွားသည့် တစ်နေ့တစ်နေ့အချိန်တွေက ကျွန်တော့်အတွက် မသိလိုက်ဘာသာလိုဖြစ်နေ၏။





ကျွန်တော်သည် အိပ်ရာမှထခဲ့ပြီး မျက်နှာကိုရေဆွတ်၍ လက်ဖက်ရည်တစ်ခွက်ကို ဖျော်သည်။

အိမ်ရှေ့ဝရန်တာထွက်ပြီး လက်ဖက်ရည်တစ်ခွက်ကို စိမ်ပြေနပြေသောက်နေရင်းမှ ဝရန်တာထက်မှ မြင်နေသည့် ကနက်သီရိမြို့အလှကို ကျွန်တော် ငေးနေမိ၏။

ကျွန်တော့်အိမ်သည် အမှတ်(၄)ရပ်ကွက် တောင်ကုန်းမို့မို့လေးထက်တွင် ရှိနေသောကြောင့် ဝန်းကျင်တစ်ဝိုက်ကို အထက်စီးမှ ကျွန်တော် မြင်နေရခြင်းပါ...။

ဆည်းဆာချိန် မရောက်တတ်သေးသည့် ညနေစောင်းနေရောင်အောက်၌ ကနက်သီရိမြို့၏ စိမ်းအုံ့အုံ့သစ်ပင်များနှင့် သွပ်ခေါင်မိုးဖြူဖြူက နေရောင်နှင့်ပြိုးပြိုးပြက်ပြက် မြင်ကွင်းတို့ကို ကျွန်တော် မြင်နေရသည်။

ဆည်းဆာကြိုညနေခင်း လေပြည်ညှင်းလေးတစ်သုတ်က ဘယ်အရပ်ဆီမှ လမ်းမှားလာသည်မသိ...။

အရသာရှိစွာ ကျွန်တော့်ကို ပွေ့ပိုက်နမ်းရှိုက်သွားလိုက်ကြ၍ ကျွန်တော်သည် တက်ကြွလန်းဆန်းသွားရပါ၏။

ကျွန်တော်သည် လက်ကျန်လက်ဖက်ရည်ကို အပြီးသတ်



www.burmeseclassic.com

www.burmeseclassic.com



မော့သောက်လိုက်ပြီး ဆည်းဆာကြိုညနေခင်း၏ ကနက်သီရိမြို့ အလှအား ငေးမောနေဆဲ…

ကရင်…ရင်…ရင်…

ကရင်…ရင်…ရင်…

ကျွန်တော့်အိပ်ခန်းထဲမှ ပေါ်ထွက်လာသည့်ဖုန်းမြည်သံ စူးစူးကို ကျွန်တော် ကြားလိုက်ရပါလေ၏။

ကျွန်တော်သည် ရုတ်တရက် ဖုန်းကို သွားရောက်မကိုင် သေးဘဲ ရပ်နေသည်။

ကရင်…ကရင်…ရင်…

ဖုန်းလေးက အဆက်မပြတ် မြည်နေ၏။

ဝရန်တာမှအိပ်ခန်းထဲသို့ ကျွန်တော် ပြန်ဝင်လာပြီး ဖုန်းကိုကောက်ကိုင် နားထောင်လိုက်ရင်းက…

"ဟဲလို…ကျွန်တော် ခင်ဇော်ငြိမ်းပါ…"

"……."

"ဟင်…ဒေါက်တာ စောသက်ထား…"

"……."

"ဗျာ…ကျွန်တော် ခြောက်နာရီလောက် စောခန့်စံအိမ်ကို





လာခဲ့ရမယ်၊ ဟုတ်လား…"

"………"

"သြော်…လာချင်ပါတယ်ဗျာ၊ ဒါနဲ့ကိစ္စ…"

"………"

"အဟော်…ကောင်းပါပြီဗျာ၊ လာမှပြောမယ်ဆိုရင်လည်း ရပါတယ်…"

"……."

"လာမှာပေါ့…လာမှာပေါ့၊ ဒေါက်တာ စောသက်ထား ကိုယ်တိုင်က ဖိတ်ခေါ်နေတာဆိုတော့ ကျွန်တော့်ဘက်က အချိန် အတိအကျ ရောက်လာရမှာပါ၊ စိတ်ချ…"

"……."

"ကောင်းပါပြီခင်ဗျာ…"

တစ်ဖက်မှ ဒေါက်တာ စောသက်ထား ဖုန်းချသွားသည် တွင် ကျွန်တော်သည် ဖုန်းကိုင်ဆဲတန်းလန်း ငိုင်လျက်ရှိနေပါသည်။

ကျွန်တော် အံ့သြ၍မဆုံး ရှိနေရသောကြောင့်ပါ…။

အေးဆေးတည်ငြိမ်ခြင်းနှင့် ဂုဏ်ရှိန်ကြီးမားလွန်းသော မိန်းမတစ်ယောက်၏ကိုယ်တိုင် ဖိတ်ခေါ်ချက်ကို ကျွန်တော့်နားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ကြားလိုက်ရသောကြောင့်ပါတည်း…။

ကျွန်တော် နားကြားများလွဲလေရော့သလား၊ နားကြားဖြင့်တော့လည်း ကျွန်တော် မလွဲပါ…။

"ဟင်း…"

သက်မတစ်ချက်ချကာ ကျွန်တော်သည် ဖုန်းကိုပြန်ချထားလိုက်၏။

ကျွန်တော်သည် အိပ်ရာထက်လှဲအိပ်ကာ အတွေးများနှင့် ချာလပတ်လည်ရပါတော့သည်။

ဒေါက်တာ စောသက်ထားသည် မည်သို့သောရည်ရွယ်ချက်ဖြင့် ကျွန်တော့်အား ခေါ်ပါသနည်း…။

ကျွန်တော် စဉ်းစား၍မရ…။

ဒေါက်တာ စောသက်ထားအတွက် ကျွန်တော် စဉ်းစားမရပါ…။

ကျွန်တော့်ရဲ့ ဝန်ထမ်းတွေအနေနှင့်တော့ ယခင်ကထက် စောခန့်စံအိမ်ကို ပို၍ကျစ်လျစ်စွာ စောင့်ကြပ်ကြည့်ရှုနေကြသည်။

ကျွန်တော် အမိန့်ပေးထားသောကြောင့် ကျွန်တော့်နိုင်းစေချက်ဖြင့် ကိုစောသက်ထွေးကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြ





ပါ၏။

ကိုစောသက်ထွေး ဘယ်သွားမည်။ ဘယ်လာမည်။ ဘာလုပ်မည်။ ဘယ်သူဘယ်ဝါနှင့်ပြောဆိုသည်ကအစ ကျွန်တော့်လူတွေကို အရပ်ဝတ်အရပ်စားနှင့် ကျစ်လျစ်စွာ စောင့်ကြည့်နေစေပါ၏။

အနေအထားအရ ကျွန်တော်တို့ဘက်မှ ပေါ်၍မဖြစ်၊ တိကျခိုင်လုံသော အထောက်အထားသက်သေတို့နှင့် အထက်ကို တင်ပြနိုင်ဖို့က ကျွန်တော့် တာဝန်ကြီးတစ်ရပ်ဖြစ်နေသည်မို့လား။

စောခန့်စံအိမ် အရှင်သခင် ကိုစောသက်ထွေးအကြောင်းအား သိနေပြီဖြစ်သည့် ကျွန်တော်သည် ခိုင်လုံသောသက်သေအထောက်အထားများကိုသာ ရရှိဖို့နီးစပ်လာသော အခြေအနေနှင့် အချိန်အခါပင်မဟုတ်ပါလား…။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ ဖိတ်ခေါ်ချက်ကြောင့် ထူးခြားခံ့ညားအံ့သြစွာ စဉ်းစားနေရာမှ…

ကိုစောသက်ထွေးအကြောင်းဆီသို့ အတွေးများရောက်သွားရခြင်းပါ…။

ထို့နောက် ကျွန်တော်သည် အတွေးများဖြန့်ကြက်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကိုသတိထားလိုက်မိသဖြင့်…

အိပ်ရာထက်မှ ဝုန်းခနဲထကာ ရေချိုးခန်းထဲသို့ ဝင်ခဲ့ပါတော့၏။

ကျွန်တော်သည် ချိန်းထားသည့်ညခြောက်နာရီ အတိအကျ…

ဒေါက်တာ စောသက်ထားဆီသို့ သွားရောက်ရန်ကိုပါ…။

ØØ ØØ ØØ





- တစ်ဆယ့်ခုနစ် -

"ဪ…ဆရာ ကိုခင်ဇော်ငြိမ်း ရောက်လာပြီ၊ လာပါ လာပါ ဆရာ…"

စောခန့်စံအိမ်ကြီးရှေ့ ကားရပ်လိုက်သည်နှင့်ပင် အမျိုးသမီးတစ်ယောက်က ကျွန်တော့်ကို အသင့်ထွက်၍ကြိုနေပါသည်။

အသင့်စောင့်ကြိုရန် ဒေါက်တာ စောသက်ထား၏ အစီအစဉ်ဖြစ်မည်ကိုတော့ ကျွန်တော် နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စောခန့်စံအိမ်တိုက်ကြီးထဲသို့ ဝင်ခဲ့ရင်း ရဲတစ်ယောက်၏ လင်းယုန်မျက်လုံးတို့ဖြင့် စောခန့်စံအိမ်အား ကြည့် ပစ်လိုက်ပြီဖြစ်၏။

"လာပါ ဆရာ…"

"ဒေါက်တာ စောသက်ထားကော…"

"ဒေါက်တာ ရှိတယ်၊ ဆရာ အပေါ်ထပ်တက်သွားပါ"

ဟင်…

ကျွန်တော့်ဟင်သည် ရင်ထဲမှသာဖြစ်၏။

ကျွန်တော်သည် အပေါ်ထပ်မတက်ဖြစ်သေးဘဲ အမျိုး… ကိုသာ ကြည့်နေလေ၍…

"တက်သွားပါ ဆရာ၊ ဒေါက်တာက မှာထားလို့ပါ။ အပေါ်ထပ်မှာ ဒေါက်တာ စောင့်နေပါတယ်…"

"ဘယ်အခန်းမှာ စောင့်နေတာလဲ…"

"ဒေါက်တာ့အခန်းထဲမှာပါပဲ ဆရာ…"

စိတ်ထဲကတော့ အံ့ဩမှုသည်အသချေ…။

အမျိုးသမီးကြီးစကားကြောင့် ကျွန်တော် အံ့ဩဟန်… တော့ပါ၊ စိတ်ထဲကတော့ အံ့ဩမှုသည် အသချေ…။





ကျွန်တော်သည် အမျိုးသမီးကို ခေါင်းဆတ်ပြခဲ့ပြီး …မ်းနားလွှန်းသော ကျွန်းလှေကားကြီးမှ အပေါ်ထပ်သို့ တက်ခဲ့ပါ တော့၏။

အပေါ်ထပ်သို့ရောက်သည်တွင် အခန်းတွေကများ၍ …ဘယ်အခန်းသို့ ကျွန်တော် သွားရမည်မှန်းမသိ ဖြစ်နေရသည်။

ကျွန်တော်သည် စူးစမ်းစိတ်ဖြင့် နီးရာအခန်းတစ်ခုကို …ငုံ့ကြည့်လိုက်သည်တွင် ကျွန်တော့်မျက်လုံးအစုံသည် စူးနက်သွား …၏။

ကြီးမားသော ခုတင်ကြီးထက်တွင် အမျိုးသမီးလေး …သုံးယောက်…။

တစ်ယောက်ကို ကျွန်တော် မသိ၊ နှစ်ယောက်ကို ညှို့ခံ …ရသည့်ညတုန်းက ကျွန်တော် မြင်ဖူးထားသည်။

အမျိုးသမီးလေး သုံးယောက်စလုံးမှာ ခုတင်ကြီးထက် …န်းမောနေကြ၏။

ကျွန်တော့်ကို သူတို့မမြင်…။

ကျွန်တော်သည် အခန်းတစ်ခုလုံးနှင့် အမျိုးသမီးလေးတွေ… …ဒါ အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ အခန်းတံခါးကို ပြန်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

ကျွန်တော် ဆက်လျှောက်ခဲ့သည်။

နောက်အခန်းတစ်ခုကို ဖွင့်မည်ပြုပြီးမှ အထဲမှအသံသဲ့သဲ့လေးကြားသည်နှင့် ကျွန်တော် သဘောပေါက်ရပြီမို့ ဖွင့်မကြည့်တော့ပါ...။

ကျွန်တော်သည် ဘယ်ဆက်သွားရမည်မသိရှိဆဲ ခေါင်းထဲအသိတစ်ခု ဝင်လာသည်။

ဒေါက်တာ စောသက်ထား အခန်းသည် သည်ဘက်တွင် ဘယ်နည်းနှင့်မျှ ရှိမည်မဟုတ်ဟု...။

ကျွန်တော်သည် ဝဲဘက်အခြမ်းမှ ယာဘက်အခြမ်းဆီသို့ ပြန်လှည့်လျှောက်ခဲ့သည်။

တွေ့သည့်အခန်းတံခါးတွေကို ကျွန်တော် ဖွင့်ကြည့်မိသည်တွင် တံခါးတွေကမပွင့်...။

တွေ့သည့်လမ်းအတိုင်း တောက်လျှောက် ကျွန်တော် လျှောက်ခဲ့ပြီးမှ ခန်းချီးကွေ့တစ်ခုအရောက် ဝဲယာဆီသို့ ကျွန်တော် ကြည့်လိုက်သည်တွင်...

ပွင့်လျက်ရှိသော အခန်းတံခါးတစ်ခုဆီမှ ဖြူလွလွ ခန်းဆီးစလေးလွင့်နေသည်ကို ကျွန်တော် လှမ်းတွေ့လိုက်ရလေသော်...





ကျွန်တော့်ခြေလှမ်းတို့သည် အဖြူရောင်လွလွ ပိုးခန်းဆီးလေးလွင့်ရာ အခန်းဆီသို့ တစ်လှမ်းချင်း လှမ်းဖြစ်နေပါတော့၏။

ကျွန်တော်သည် အခန်းဝအရောက် အလယ်၌အခွဲလေးနှင့်ရှိသော ပိုးခန်းဆီးစလေးနှစ်ဖက်အား လက်နှစ်ဖက်နှင့်ခွဲကာ ပင့်မလျက် အခန်းထဲသို့ ကြည့်လိုက်သည်တွင်...

"သြော်..."

အလျှံပယ် စားသောက်ဖွယ်များနှင့် ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ထားသော ထမင်းစားပွဲကြီးထက် မေးလေးထောက်ကာ ငေးငေးလေးရှိနေသည့် ဒေါက်တာ စောသက်ထားသည်...

အခန်းဝ၌ ရပ်လာသည့် ကျွန်တော့်ခြေသံကြောင့် ဖြစ်မည်။

ဆတ်ခနဲမော့ကြည့်လာရင်း...

မှုန်စက်သော မျက်နှာအလှလေးဖြင့် သြော်ဟုဆိုကာ တည်ငြိမ်စွာ ထိုင်ရာမှထလာပါ၏။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ရှေ့ ခပ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းရောက်သည်တွင် ခြေစုံမတ်မတ်ကလေးရပ်ကာ ကျွန်တော့်ဆီ လှပတိုင်းစက်သော မျက်ဝန်းရွှဲကြီးတွေနှင့် အေးစက်စက်ကြည့်လာရင်းက...

"ရောက်လာပြီကိုး..."

"အခန်းတွေမှားနေလို့..."

"အဟင်း..."

ကျွန်တော့်စကားအဆုံးတွင် ဒေါက်တာ စောသက်ထား သဲ့သဲ့လေး ရယ်သည်။

"လာလေ..."

အခန်းထဲ ကျွန်တော် လှမ်းဝင်ခဲ့သည်။

ဒေါက်တာ စောသက်ထားသည် မြန်မာဆန်သော ပိုးသားပျော့ပျော့အင်္ကျီ၊ ထဘီဝတ်စုံလေးနှင့် အလွန်တရာမှ ဣန္ဒြေကြီး သိက္ခာရှိစွာဖြင့် လှနေ၏။

အဖြူပေါ်တွင် အမည်းနှင့်အနီအပွင့် ပြောက်ကလေးများပါသည့် ပိုးသားဝတ်စုံလေးဖြင့် လှချင်တိုင်းလှနေသည့် ဒေါက်တာ စောသက်ထား၏ ထူးကဲသောစက်စက်ယိုအလှ...

ကိုယ်လုံး ပြည့်ပြည့်တင်းတင်းလေးအား ကျွန်တော်သည်





ရင်ခုန်စွာ ကြည့်မိ၏။

ဒေါက်တာ စောသက်ထားသည် ထမင်းစားပွဲကြီးပေါ်မှ အသင့်တင်ထားသည့် ဖယောင်းတိုင်ကြီး ခြောက်တိုင်စလုံးကို တစ်တိုင်စီ မီးထွန်းနေဆဲမှ...

"ထိုင်ပါ ကိုခင်ဇော်ငြိမ်း..."

ထမင်းပွဲအသင့်ရှိနေသည့် ထိုင်ခုံဆီညွှန်ပြကာ ဒေါက်တာ စောသက်ထားဆိုလေ၍ ကျွန်တော် ဝင်ထိုင်သည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ အလှနှင့် လှုပ်ရှားမှုကလေးများတွင် ယစ်မူးဝေဝေရှိနေမိပါသည်။

ဖယောင်းတိုင် ခြောက်တိုင်စလုံး မီးညှိပြီးနောက် ဒေါက်တာ စောသက်ထားသည် အခန်းတံခါးဆီ လျှောက်သွားပြီး အခန်းတံခါးကို ပိတ်သည်။

ပြီးတော့ အခန်းမီးတွေကို ပိတ်လိုက်သည်။

ကျွန်တော်သည် ဖယောင်းမီးအလင်းရောင်နှင့် ဒေါက်တာ စောသက်ထား၏ ဝင်းဝင်းစက်သောအလှတွေကို ကြည့်နေမိ၏။

ဒေါက်တာ စောသက်ထားသည် ကျွန်တော်နှင့်အနီးဆုံး နေရာတွင် ထိုင်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ထွက်ပြီး မကြိုမိတာ ခွင့်လွှတ်ပါ…"

"ကိစ္စမရှိပါဘူး၊ စောင့်နေတာကြာပြီလား…"

ကျွန်တော့်စကားကို ဒေါက်တာ စောသက်ထား ခေါင်းညိတ်ပြသည်။

ပြီးတော့ ကျွန်တော့်ကို လှသောမျက်ဝန်းလေးနှင့် ကြည့်လာပြီး…

"ညစာ စားကြရအောင်…"

ကျွန်တော် ခေါင်းညိတ်ပြသည်။

ကျွန်တော့်ရှေ့မှ ပန်းကန်ထဲ ဒေါက်တာ စောသက်ထားသည် ထမင်းထည့်ပေးနေသည်တွင်…

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ ပခုံးအိအိလေးထက် လက်တစ်ဖက်ဖွဖွတင်ကာ ဆံစနုနုလေးများဆီ နမ်းရှိုက်မွှေးကြူရန်အပြု…

ဒေါက်တာ စောသက်ထားသည် လှပတည်ငြိမ်သော မျက်ဝန်းတွေနှင့် ကျွန်တော့်ကို ငဲ့ကြည့်လာ၍ ကျွန်တော်သည် ကိုယ်ရှိန်တန့်သွားရပါ၏။

"ဆာနေရောပေါ့၊ ညစာ စားလိုက်ပါဦး ကိုခင်ဇော်





ငြိမ်း…"

ကျွန်တော် ထမင်းမဆာပါ၊ အချစ်ဆာနေပါသည်။

ကျွန်တော်သည် ထမင်းကို စိတ်မပါလှစွာစားရင်း ကျွန်တော့်လက်တစ်ဖက်က ဒေါက်တာ စောသက်ထား၏ ခါးကျင်ကျင်အိအိလေးကို မပြောမဆို ဖက်ထားမိပါတော့၏။

ကျွန်တော်သည် မီးနှင့်တွေ့နေသည့် ချိပ်ပမာရှိပါတော့သည်။

ဒေါက်တာ စောသက်ထားကမူ ကျွန်တော့်လောက် မဖြစ်သည်ကို ခိုးလိုးခုလုရင်ဖြင့် ကျွန်တော် သိနေပါ၏။

ကျွန်တော်တို့ ထမင်းစားပြီးကြသည်တွင် ဒေါက်တာ စောသက်ထားက…

"ထမင်းစားကောင်းရဲ့လား ကိုခင်ဇော်ငြိမ်း…"

"ဗိုက်တော့ပြည့်သလိုရှိတယ်၊ အရသာတော့ ကျွန်တော် မသိလိုက်ပါဘူး…"

အဟင်း…ဟင်း…ဟင်း…

ကျွန်တော်သည် နှုတ်ခမ်းလေးစေ့ကာ ပြုံးနေသည့် ဒေါက်တာ စောသက်ထား ကိုယ်လုံးလေးအား ရင်ခွင်ထဲလုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



လျှားလျှား ဖက်ထားမိတော့သည်။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ကို မျက်လွှာလေးပင့်ကာ ကြည့်လာရင်းက…

"ကိုခင်ဇော်ငြိမ်း…"

"ဗျာ…"

"ကိုခင်ဇော်ငြိမ်းဟာ လူလွတ်တစ်ယောက်ဆိုတာ မှန်ရဲ့လားဟင်…"

"ကျွန်တော် လူပျိုစစ်စစ်ဆိုတာ ဘယ်လိုအထောက်အထားနဲ့ပြရမလဲ…

ကျွန်တော့်ဘဝမှာ ကျွန်တော့်ရင်ခွင်ထဲ ရောက်ဖူးတဲ့ မိန်းမဟာ ဒေါက်တာ စောသက်ထားတစ်ယောက်ပဲရှိတယ်…"

ကျွန်တော့်ရင်ခွင်ထဲတွင် ဒေါက်တာ စောသက်ထား မြုံးနေသည်။

ပြီးတော့ ကျွန်တော့်ရင်ခွင်ကို သာသာဖယ်ခွာကာ ကျွန်တော့်ရင်ခွင်ထဲမှ ဒေါက်တာ စောသက်ထား ထွက်သွားပါတော့သည်။

ကျွန်တော် လှမ်းကြည့်လိုက်သည်တွင် ဒေါက်တာ စော





သက်ထားသည် အဖြူရောင်ညဝတ်အင်္ကျီကို လဲဝတ်နေပါ၏။

ကျွန်တော်သည် တစ်ကိုယ်လုံးရှိ သွေးကြောလေးများ ပြင်းထန်စွာ ပူးပြင်းလှုပ်ရှားသွားရရင်းမှ…

ဒေါက်တာ စောသက်ထားအနီးသို့ မည်သို့မည်ပုံ ရောက်သွားမှန်းပင် ကျွန်တော့်ကိုယ်ကျွန်တော် မသိလိုက်တော့ပါ…။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ့်ရှစ် -

တီ..တီ...

ကျွန်တော်သည် နံနက်ခင်းစာ လက်ဖက်ရည်သောက်ရန်အတွက် ပြင်ဆင်နေဆဲ...

အိမ်ရှေ့မှကားဟွန်းသံကြောင့် ထမင်းစား ခန်းထဲမှ ထွက်ခဲ့ပါသည်။

"ဟာ..ဆရာ..ဆရာ ညကဘယ်သွားနေလဲ၊ ကျွန်တော်တို့ဖုန်းဆက်တာမရဘူး...





ဖုန်းကိုမှ ခဏခဏကိုဆက်တာ မရဘူး၊ နောက်ဆုံး ဆရာ့ဆီ ဆရာ ဦးမျိုးကျော်က ကျွန်တော့်ကိုလွှတ်လိုက်တော့လည်း ဆရာ အိမ်မှာမရှိဘူး...

ဆရာ့အိမ်သော့ခတ်ထားလို့ ကျွန်တော် ပြန်သွားရတယ်၊ ခုမနက် ဆရာ မျိုးကျော်က ဆရာ့ဆီ သွားကြည့်ပါဦးဆိုလို့ ကျွန်တော် လာခဲ့ရတာ..."

ကျွန်တော်သည် ရဲတပ်သားလေး ကျော်မင်းနိုင်၏စကားတို့ကို နားထောင်ရင်းက အံ့သြနေရပါသည်။

"ဆရာ ညကအိမ်မှာ မအိပ်ဘူးထင်တယ်..."

ကျွန်တော် အဖြေရခက်နေပါတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် ဘက်ထရီ ... ဘာကိစ္စကြောင့်များ ငါ့ဆီဖုန်းဆက်ရတာပါလိမ့်ဟု ကျွန်တော် တွေးဖြစ်ရင်း...

"ဘာကိစ္စအရေးတကြီး ရှိနေလို့လဲ ကျော်မင်းနိုင်..."

"သိပ်ကြီးတာပေါ့ ဆရာ၊ အခု ဆရာ မျိုးကျော်က ဆရာ့ကို လာခေါ်ခိုင်းတာ...

ကျွန်တော်တို့ ညကတစ်ညလုံး အပင်ပန်းခံရတဲ့အမှုနဲ့ သွားတယ် ဆရာ..."



www.burmeseclassic.com

www.burmeseclassic.com



ဟင်…

ကျော်မင်းနိုင် စကားကို ကျွန်တော် ဘာမှန်းမသိပါ။ အံ့ဩမှုနှင့်တော့ စိတ်ဝင်စားနေမိ၏။

"နေပါဦး၊ ရှင်းအောင် ပြောစမ်းပါဦးကွာ…"

"ဒီလိုပါ ဆရာ၊ ကျွန်တော်တို့ ညက ကိုစောသက်ထွေး ရယ်၊ ကျားကြီးရယ်၊ အမျိုးသမီးသုံးယောက်ရယ်ကို ညကပဲဖမ်း ဆီးလိုက်နိုင်တယ် ဆရာ…

ဒါပေမဲ့ ကိုစောသက်ထွေးအတွက်တော့ စိတ်မကောင်း ပါဘူး…"

"ဟင်..ဘယ်လို…"

"ကိုစောသက်ထွေးကို ကျွန်တော်တို့ အသေပဲဖမ်းမိ တယ် ဆရာ…"

"ဟင်…"

ကျွန်တော် မယုံနိုင်လောက်အောင် အံ့ဩသွားရသည်။

တစ်ဆက်တည်းလည်း ဒေါက်တာ စောသက်ထား၏ မျက်နှာလှလှကို မြင်ယောင်မိ၏။

"ဟုတ်တယ် ဆရာ၊ ညက ကိုစောသက်ထွေး ကျွန်





တော်တို့ကို ခုခံပြီးထွက်ပြေးတယ်…

ကျွန်တော်တို့ပစ်မဖမ်းပါဘူး ဆရာ၊ သူ့ဟာသူခြေချော် း ရေတွင်းပျက်ထဲကျသွားတယ်…

ရေတွင်းပျက်ထဲက မြွေဟောက်ကိုက်လို့ပဲ ကိုစောသက် ထွေး ဆုံးသွားတာပါ ဆရာ…"

ကျွန်တော်သည် မှင်တက်မိသူလိုပင် ကျော်မင်းနိုင်ကို ကြည့်နေမိသည်။

မူးယစ်ဆေးဝါးအဆိပ်တို့ ဖြန့်ဖြူးနေသော ကိုစောသက် ထွေးတစ်ယောက်…

ခုတော့ သူကိုယ်တိုင်လည်း အဆိပ်နှင့်ပင်သေဆုံး ခတ် း‌သွားရပါပကောဟု ကျွန်တော့်စိတ်တွင်မတော့ မှတ်ချက် ပါချေ၏။

"ကဲ..ကဲ သွားကြရအောင်ကွာ၊ ကိုယ် အကျိုးခဏသွား လိုက်မယ်…"

စကားနှင့်အတူ ကျွန်တော် အခန်းထဲဝင်ခဲ့ပြီး အဝတ်လဲ သည်။

အဝတ်လဲပြီး လက်ဖက်ရည်ပင် ကျွန်တော် မသောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့ပါ…။

အိမ်သော့၊ ကားသော့တွေယူပြီး ကျော့်မင်းနိုင် နောက်သို့ လိုက်ခဲ့ပါတော့၏။

လမ်းတစ်လျှောက်၌ ကျွန်တော့်မျက်လုံးထဲ ဒေါက်တာ စောသက်ထားကိုသာ မြင်ယောင်လာမိပါသည်။

ကိုစောသက်ထွေးတစ်ယောက် သေဆုံးပြီဟူသော သတင်းအား…

ဒေါက်တာ စောသက်ထားတစ်ယောက် သိလိုက်သည် လျှင်…

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏မောင်ဖြစ် သူအား အချစ်ကြီးပုံနှင့်…

ကျွန်တော်အား ညကတကူးတကဖိတ်ခေါ်ကာ မောင် ဖြစ်သူအတွက် တရားဥပဒေနှင့်အလဲ အလှယ်လုပ်ရာတွင်—

ကျွန်တော်က လက်မခံသဖြင့် ဒေါသခြောင်းခြောင်း ထွက်သော…

ဒေါက်တာ စောသက်ထား၏ မျက်ဝန်းလှလှနက်နက် ကြီးများအား အမှတ်ရမြင်ယောင်လာရပါ၏။





မောင်ဖြစ်သူ၏ သတင်းဆိုးအား ဒေါက်တာ စောသက် ထားတစ်ယောက်သိလျှင်…

ကျွန်တော့်ခေါင်းထဲ ထိုအတွေးသည်လည်း အစဉ် တစိုက်ရှိနေရပါ၏။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ့်ကိုး -

ယခင်က ချောမောဖြူစင်သော ကိုစောသက်ထွေး… ခုတော့…

ပြင်းထန်သောမြွေဆိပ်တို့ကြောင့် တစ်ကိုယ်လုံးပြာနှမ်း မည်းညစ်ကာ ဘဝဇာတ်သိမ်းမလှ ဖြစ်ရလေပြီ…။

မကောင်းမှုပြုသော ဒုစရိုက်သမားတို့၏ သွားရာလမ်းကား အဘယ်မှာလျှင်ဖြောင့်ဖြူးချောမွေ့ပါမည်လဲလေ…။





ကြီးမားသော ဘဝသင်ခန်းစာတစ်ရပ်ပါပေ…။

ကျွန်တော်သည် ကိုစောသက်ထွေး၏ အလောင်းကို ဆင်ခြင်တွေးတောကာ ကြည့်နေဆဲ…

"ကိုခင်ဇော်ငြိမ်း ပြောထားတဲ့အတိုင်း ကျွန်တော်တို့ မျက်ခြည်မပြတ် စောင့်ကြည့်နေတုန်းမှာပဲ…

စောခန့်စံအိမ်က ကားတစ်စီးထွက်လာတာကို ဆရာ မျိုးကျော်က ကျွန်တော့်ဆီသတင်းပေးလို့ ကျွန်တော်တို့ အထွက်ဂိတ်မှာ သွားစောင့်ဖမ်းကြတယ်…

ကားကို ကိုစောသက်ထွေးကိုယ်တိုင် မောင်းတယ်၊ ကားကိုရပ်ပေးမလိုနဲ့ ကိုစောသက်ထွေးက မောင်းပြေးလို့ ကားနောက်ဘီးကို ပစ်လိုက်ရတယ် ကိုခင်ဇော်ငြိမ်း…

အဲဒီနောက် သူတို့တွေ ထွက်ပြေးကြတယ်၊ အမျိုးသမီးသုံးယောက်ကတော့ သိပ်ကြာကြာမပြေးနိုင်လို့ အမြန်ဆုံးဖမ်းမိပါတယ်…

ကျားကြီးဆိုတဲ့ကောင်ကိုတော့ အတော်ကြီး ကြိုးစားဖမ်းရတယ်၊ ညကလည်း အတော်ကြီးမှောင်နေတယ်မဟုတ်လား…



www.burmeseclassic.com

www.burmeseclassic.com



ကိုစောသက်ထွေးကတော့ ခုမြင်တဲ့အတိုင်းပါပဲ ကိုခင်မောင်ငြိမ်း၊ ကျွန်တော်တို့ အသာတကြည်အဖမ်းခံဖို့ အကြိမ်ကြိမ်ပြောပါတယ်...

ကျွန်တော်တို့ပြောနေရင်းနဲ့ပဲ သူဟာသူပဲ ခုလို...”

ဆရာ ဦးမျိုးကျော်၏ စကားများအတွက် သဘောပေါက်မှာ ကျွန်တော် နားထောင်ရင်း ခေါင်းညိတ်လိုက်ရပါသည်။

ကျွန်တော်သည် ကိုစောသက်ထွေးလက်မှ လက်သူကြွယ်တွင် ဝတ်ထားသည့် ပတ္တမြားလက်စွပ်ကြီးဆီ သတိထားကြည့်လိုက်သည်။

ကိုစောသက်ထွေး ဆုံးပြီဟူသောသတင်းကို ပါးစပ်နှင့်တိုက်ရိုက် သွားပြောပြခြင်းထက်...

ကိုစောသက်ထွေး အမြဲဝတ်ဆင်နေကျ ပတ္တမြားလက်စွပ်ကြီးကို ချွတ်ယူပြီး ဒေါက်တာ စောသက်ထားကို သွားပေးလိုက်လျှင်...

ဒေါက်တာ စောသက်ထားတစ်ယောက် သဘောပေါက်သိရှိသွားမည်မှာ သေချာပါမည်ဟု ကျွန်တော် တွေးဖြစ်နေမိသည်။





“ကျွန်တော်တို့ ကိုစောသက်ထွေးကို ဆေးရုံပို့ဖို့ လုပ်ပါသေးတယ် ကိုခင်မောင်ငြိမ်း...

ဒါပေမဲ့ မြွေဆိပ်ကပြင်းတော့ မမီတော့ဘူးဖြစ်သွားတယ်...

အမျိုးသမီးသုံးယောက်နဲ့ ကျားကြီးကိုတော့ ကျွန်တော်တို့ ဦးကတည်းကပဲ စစ်ထားပါတယ်...

သူတို့တွေလည်း အားလုံးပဲ ဖော်ထုတ်အစစ်ခံသွားပါတယ်...

ကျားကြီးကတော့ ကိုစောသက်ထွေးက ငွေပေးရင် လူတစ်ယောက်ရဲ့အသက်ကို ကြက်ကလေး...

ငှက်ကလေးတစ်ကောင်လောက်မှ တန်ဖိုးထားရမှန်းမသိတဲ့လူပဲ...

ကေသွယ်နဲ့သင်းသင်းယုဆိုတဲ့ အမျိုးသမီးတွေကို ကျားကြီးပဲ သတ်တာ...

ရာဘာစွပ်ထားတဲ့သံတုတ်နဲ့ ရိုက်သတ်တော့ အတွင်းကြေး ဒဏ်ရာမပေါ်ဘူးပေါ့...”

ကျွန်တော်သည် ဆရာ ဦးမျိုးကျော်၏ စကားတို့ကိုနား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရင်း ကျားကြီး၏သတ်ပုံသတ်နည်းတွေကို နဂိုကတည်းက သဘောပေါက်ထားပြီးသား ဖြစ်သည်။

ကျွန်တော်သည် ကိုစောသက်ထွေးမှ လက်စွပ်ကိုချွတ်ယူလိုက်ပြီး…

“ဒီလက်စွပ်ကို ဒေါက်တာ စောသက်ထားဆီ သွားပို့ရမယ်၊ သူမောင်လက်စွပ်ကိုတွေ့ရင် သူ သဘောပေါက်မှာပါ”

“အင်း…မပေါက်လည်း ကိုခင်ဇော်ငြိမ်းက ထပ်ရှင်းပြလိုက်ပေါ့လေ၊ ဒါနဲ့ ကိုခင်ဇော်ငြိမ်း…”

“ဗျာ…”

“ညက ကိုခင်ဇော်ငြိမ်းကား စောခန့်စံအိမ်ထဲ ဝင်သွားတာ ဆရာ မောင်မောင် တွေ့တယ်လို့ ဒီမနက် ကျွန်တော်တို့ကို ပြောတယ်…”

ကျွန်တော်သည် ရှက်တတ်သူပီပီ မျက်နှာတစ်ခုလုံးနီသွားရပါသည်။

“ပြီးတော့ အဲဒီမှာပဲ တစ်ညလုံး ကိုခင်ဇော်ငြိမ်း ရှိတယ်တဲ့…

မနက်လေးနာရီကျော်ကျော်လောက်မှ စောခန့်စံအိမ်က





ကိုခင်ဇော်ငြိမ်း ပြန်ထွက်သွားတာတွေ့တယ်လို့ ကိုမောင်မောင်က ပြောသေးတယ်…”

“ဟာ…ဒီလူ…”

ကျွန်တော် မျက်နှာမထားတတ်တော့ပါ…။

အရာရှိတစ်ယောက် ခေါင်းဆောင်ပြီး စောခန့်စံအိမ်ကို စောင့်ကြည့်နေဖို့ ကျွန်တော် ခိုင်းထားသည့်တာဝန်အရ…

ခုတော့ ကျွန်တော့်အတွက်နှင့်ကျွန်တော် စူးနေရသလို ရှိနေပါတော့၏။

ကျွန်တော်သည် ဆရာ ဦးမျိုးကျော်အား မျက်နှာထူပူကာ ရဲရဲမျှရင်ဆိုင် မကြည့်ဝံ့တော့ပါ…။

ကိုစောသက်ထွေးလက်စွပ်ကို ချွတ်ယူပြီး ကျွန်တော့်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည်။

ဟဲ…ဟဲ…ဟဲ…

ကျွန်တော့်အား သဘောကျစွာကြည့်ပြီး ရယ်လိုက်သည့် ဆရာ ဦးမျိုးကျော်၏ရယ်သံကို ကျွန်တော် ကြားမိသည်။

ကျွန်တော်သည် ညကကိစ္စအတွက် မည်သို့မျှမနောင်တမိပါ။

ကျွန်တော် ရှက်နေခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိနေကြသည့်အနီးမှ လုပ်ဖော်ကိုင်ဖက်များကိုလည်း ကျွန်တော် မကြည့်မိ…။

"သြော်··ဆရာ၊ အမျိုးသမီး သုံးယောက်ကကော ဘာ စစ်ချက်တွေထွက်သေးလဲ…"

ကျွန်တော်သည် ရှက်မျက်နှာရဲရဲကြီးနှင့်ပင် အမှုနှင့်ပတ်သက်၍၊ ကျွန်တော် သိချင်သည့်အကြောင်းကို စကားလှီးလွှဲဆို ရပါတော့သည်။

"သြော်··ဟုတ်သားပဲ၊ အမျိုးသမီးသုံးယောက်ထဲက ကိုခင်ဇော်ငြိမ်း ပြောထားတဲ့ သီတာဆိုတာ ပါတယ်…"

"သြော်…"

"ကိုခင်ဇော်ငြိမ်း တွက်ထားသလိုပါပဲ၊ သူတို့သုံးယောက် လုံးက အခြေအနေ အတည်တကျမရှိကြပါဘူး…

ကိုစောသက်ထွေးက သူတို့ကို ခိုင်းနေတာပါပဲတဲ့…

နောက်ထပ်လည်း လေးငါးခြောက်ယောက်လောက် စောခန့်စံအိမ်မှာ ရှိနေသေးတယ်လို့ပြောတယ်…

ကျန်တဲ့အလုပ်တွေ ကျွန်တော်တို့ပဲ ဆက်လုပ်လိုက်ပါ့ တော့မယ် ကိုခင်ဇော်ငြိမ်း…





ကိုခင်ဇော်ငြိမ်း လုပ်ရမှာက ဒေါက်တာ စောသက်ထား ဆီသွားပြီး ကိုစောသက်ထွေးရဲ့ လက်စွပ်ကလေး သွားဆက်သပေး ရုံပါပဲ…"

ဟား··ဟား··ဟား…

ဆရာ ဦးမျိုးကျော်စကားကို အားလုံးက ဝိုင်းရယ်ကြ၍ ကျွန်တော်လည်း ရှက်ပြုံးဖြင့်ရှိနေရပါတော့သည်။

"ကျွန်တော် သွားတော့မယ် ဆရာ…"

ကြာကြာနေလို့မဖြစ်တော့၍ ကျွန်တော် နှုတ်ဆက်လိုက် သည်။

"သြော်··ကိုခင်ဇော်ငြိမ်း ခဏလေး…"

ရဲခတိုက်အပြင်ရောက်ခါနီးမှ ဆရာ ဦးမျိုးကျော် ခေါ် သဖြင့် ကျွန်တော် ပြန်လှည့်ကြည့်ရသည်။

ဆရာ မောင်မောင်နှင့်ရဲဘော်တချို့က ကျွန်တော့်ထံ ခင် မင်လေးစားသောအပြုံးတို့ဖြင့် လှမ်းကြည့်နေကြသည်။

ဆရာ ဦးမျိုးကျော်က…

"အထက်ကပေးလိုက်တဲ့ ကိုခင်ဇော်ငြိမ်း တာဝန်ကျေပြီး ဆုံးသွားပြီဆိုတော့ ကိုခင်ဇော်ငြိမ်း ရန်ကုန် ပြန်တွေ့ရမှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ…"

"ဘယ်နေ့လောက်ပြန်မှာလဲ…"

"ဒါကတော့ အခြေအနေအရပဲလေ…"

ထိုစကားကို ပြုံးဟဟမျက်နှာဖြင့်ဆိုပြီး ကျွန်တော် ထွက်ခဲ့ပါတော့သည်။ မှန်သည်။

ကျွန်တော်သည် စောခန့်စံအိမ်အား ဇာတ်သိမ်းပေးဖို့အတွက် အထူးကိစ္စတစ်ရပ်ဖြင့် အထက်မှတာဝန်ပေးအပ်လိုက်၍ ကနက်သီရိမြို့သို့ ရောက်လာရခြင်းပါ….။

ယခု တာဝန်တွေပြီးဆုံးသွားပြီမို့…

ဟင်း…

ကျွန်တော်သည် အင်္ကျီအိတ်ထဲမှ ကိုစောသက်ထွေး၏ လက်စွပ်လေးဆီ စမ်းကိုင်ကြည့်လိုက်ပြီး…

ဘာရယ်မသိသော သက်မတစ်ချက်အား ချလိုက်မိပါသတည်း…။ ။

ØØ ØØ ØØ





- နှစ်ဆယ့်တစ် -

ကျွန်တော်သည် စောခန့်စံအိမ်ကြီးရှေ့ ကားရပ်လိုက်သည်နှင့်…

ကားပေါ်မှ ချက်ချင်းမဆင်းဖြစ်သေးဘဲ စောခန့်စံအိမ်ကြီးအား ကျွန်တော် မော့ကြည့်နေမိသည်။

စောခန့်စံအိမ်ကြီးသည် တိတ်ဆိတ်ခြောက်သွေ့နေ၏။

စောခန့်စံအိမ်ကြီးထဲမှ ဒေါက်တာ စောသက်ထားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကော မည်သို့ရှိပါမည်နည်း…။

ကိုစောသက်ထွေး ဆုံးသည့်သတင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ ရဲဝန်ထမ်းက ချက်ချင်းသတင်းမပေါက်ကြားစေရန် လျှို့ဝှက်ထားသောကြောင့်…

ဒေါက်တာ စောသက်ထားတစ်ယောက် ချစ်လှစွာသော မောင်ဖြစ်သူ၏ သတင်းဆိုးကိုဖြင့် သိရှာသေးဟန်မရှိသည်က အမှန်ပင်…။

စောခန့်စံအိမ်ကြီးရှင် ကိုစောသက်ထွေး၏ သတင်းအား ကနက်သီရိတစ်မြို့လုံးက သိသွားကြလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသူလည်းရှိမည်…။

ဖက်စပ်လုပ်ကိုင်နေသူများအဖို့ အကျိုးပျက်၍ ထိခိုက်နေသူများလည်း ရှိကြမည်ပါ…။

မှန်သည်။

အဘယ်ကြောင့်ဆိုသော်…

ဆရာ ဦးမျိုးကျော်တို့အဖွဲ့သည် ကိုစောသက်ထားနှင့်ပတ်သက်ဆက်နွှယ်နေသည့် လုပ်ငန်းရှင်များ အားလုံးအား သတင်းရသမျှ ထိရောက်စွာ အရေးယူဖမ်းဆီးပြီးနောက်…





သည်နေ့နောက်ဆုံးအဖြစ် စောခန့်စံအိမ်ရှိနေသည့် ကိုစောသက်ထွေး၏ အစေအပါးမိန်းကလေးများအား တရားဥပဒေအရ ဆောင်ရွက်ရန်သာ ရှိပြီမဟုတ်ပါတကား…။

ကျွန်တော်သည် ဘောင်းဘီအိတ်ထဲမှ ပါကင်လုလုလေး ထုပ်ထားသည့် ကိုစောသက်ထွေး၏ လက်စွပ်ထည့်ထားသော ဘူးကလေးအား ထုတ်ယူလိုက်ပြီး ကားပေါ်မှဆင်းလိုက်ပါ၏။

သည့်နောက် စောခန့်စံအိမ်အပြင်ဘက်မှ ဖုန်းလေးကို ကောက်လှည့်လိုက်သည်။

အထဲမှချက်ချင်း ဖုန်းကိုင်သံကို ကျွန်တော် ကြားလိုက်ရသည်နှင့်…

"ဟဲလို…ကျွန်တော် ခင်ဇော်ငြိမ်းပါ၊ ဒေါက်တာ စောသက်ထားနဲ့ အရေးတကြီးကိစ္စရှိလို့ တွေ့ချင်ပါတယ်…"

"ဩော်…ကိုခင်ဇော်ငြိမ်းလား…"

"ဩော်…ဒေါက်တာလားခင်ဗျာ…"

"ဟုတ်ကဲ့…ကျွန်မပါပဲ…"

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါဦး…"

"ဟုတ်ကဲ့…"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စောသက်ထား ဖုန်းချလိုက်သဖြင့် ကျွန်တော်လည်း ဖုန်းချလိုက်သည်။

ဖုန်းချပြီးသည်နှင့်ပင် စောခန့်စံအိမ်တံခါးပေါက်ကြီးမှာ ချက်ချင်းပွင့်လာလေ၍ တိုက်ကြီးထဲသို့ ကျွန်တော် ဝင်ခဲ့လိုက်လေ၏။

ဧည့်ခန်းထဲရောက်သော် ဒေါက်တာ စောသက်ထားအား ကျွန်တော် အသင့်တွေ့ရပါသည်။

ဒေါက်တာ စောသက်ထားသည် အစဉ်ဝင်းနုစိုပြည်ကာ ဖူးဖူးထလှပနေသလောက်···

အစဉ်တည်ငြိမ်အေးစက်သော မျက်ဝန်းတွေနှင့်ကျွန်တော့်အား ကြည့်နေလေ၍···

"ဆေးရုံသွားမလို့လား ဒေါက်တာ···"

"ဟုတ်ကဲ့···"

လိုအပ်သည်ထက် စကားကိုပိုမပြောသော ဒေါက်တာ စောသက်ထားကို ကျွန်တော်သည် စက္ကန့်လေးများကြာကြာ စိုက်ကြည့်နေမိသည်။

ဒေါက်တာ စောသက်ထား၏ အကြည့်နှင့်အသွင်သည်





ကျွန်တော့်အား စိမ်းကားလွန်း၏။

ကျွန်တော်နှင့်ပတ်သက်ဆက်နွယ် ရင်းနှီးခဲ့ဖူးခြင်းမရှိသလို အသွင်သည် ပြတ်သားနေရပေ၏။

အဟွန်း···

ကျွန်တော်သည်လည်း ရင်ထဲမှပင် ဆတ်ဆတ်ခါသော အပြုံးတစ်ချက်ကို ပြုံးဖြစ်လိုက်ပါသည်။

"ဘာကိစ္စရှိလဲ ကိုခင်ဇော်ငြိမ်း···"

ကျွန်တော် စကားမဆိုမိ···။

ဒေါက်တာ စောသက်ထားထံ ဘူးလေးကိုသာ လှမ်းပေးလိုက်သည်။

ဒေါက်တာ စောသက်ထားသည် ပါကင်လှလှလေးထုပ်ထားသည့် ဘူးလေးကို မျက်မှောင်လှလှလေးတွန့်ကာ လှမ်းယူပြီး ကျွန်တော့်ကို နားမလည်သလို ကြည့်သည်။

"ကိုစောသက်ထွေးဆီ ဒေါက်တာ ဖုန်းဆက်ပြီးပြီလား"

"မောင်လေး ဟိုကိုမရောက်သေးဘူးထင်တယ်၊ ဖုန်းဆက်လို့မရသေးဘူး···"

ဒေါက်တာ စောသက်ထား စကားကိုနားထောင်ပြီး ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်သည် ခေါင်းကို တစ်ချက်ဆတ်လိုက်ရင်းက…

"ကဲ…ဒေါက်တာ့လက်ထဲက ဘူးကလေးကို ဖွင့်ကြည့်လိုက်ပါဦး…"

"ဒါဘာလဲ…"

"ဖွင့်ကြည့်လိုက်ပါ၊ သိမှာပေါ့…"

ဘူးလေးကိုပါကင်ဖျက်ပြီး ဒေါက်တာ စောသက်ထား ဖွင့်နေသည်ကို…

ကျွန်တော်သည် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် ထိုးထည့်ကာ ရပ်ကြည့်နေမိသည်။

ဟင်…

လက်စွပ်ကိုမြင်တော့ ဒေါက်တာ စောသက်ထားသည် အံ့သြမှင်တက်သွား၏။

ကျွန်တော်သည် ကိုစောသက်ထွေး၏ လက်စွပ်ကိုသာ ငေးကြည့်နေသည့် ဒေါက်တာ စောသက်ထားအနီး တိုးလျှောက်သွားလိုက်ပြီး…

"ကိုစောသက်ထွေးဆီကို ဒေါက်တာ ဖုန်းဆက်စရာ မလိုတော့ပါဘူး…"





"ရှင်…"

တုန်လှုပ်သွားသော မျက်ဝန်းရွှဲရွှဲလှလှကြီးတွေနှင့် ဒေါက်တာ စောသက်ထား ကျွန်တော့်ကို မော့ကြည့်လာသည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထားအနီးမှခွာကာ ရှိုးကေ့စ်အနီးတွင် သွားရောက်ကာ ကျောမှီရပ်လိုက်ပြီး…

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါက်တာ့မောင် ကိုစောသက်ထွေး ဆုံးပြီ…"

"ဟင်…"

"ကိုစောသက်ထွေး ခရီးထွက်တဲ့ညကပဲ ဆုံးသွားတာ…

ကျွန်တော်တို့ရဲတွေက စောခန့်စံအိမ်ကို စက္ကန့်မလပ် အောင် စောင့်ကြည့်နေကြတာ ဒေါက်တာမှ မသိလိုက်ဘဲကိုး…

အဲဒီညက စောခန့်စံအိမ်က ကိုစောသက်ထွေး ထွက်သွားတာနဲ့ ကျွန်တော်တို့ရဲတွေ အနောက်ကလိုက်ဖမ်းတယ်…

ကိုစောသက်ထွေးက အဖမ်းမခံဘဲ ထွက်ပြေးတယ်၊ ခုခံတယ်…

ဒါပေမဲ့ ကျွန်တော်တို့ရဲတွေက ကျည်တစ်တောင့်မှ မဖြုန်းလိုက်ပါဘူး…



www.burmeseclassic.com

www.burmeseclassic.com



ကိုစောသက်ထွေးနဲ့ အတူပါသွားတဲ့လူတွေအားလုံးကိုတော့ အရှင်ဖမ်းမိထားတယ်...

ကိုစောသက်ထွေးက ဘာနဲ့ဆုံးသွားတယ်ဆိုတာကိုတော့ ဆေးရုံရောက်တဲ့အခါ မော်ကျူရီထဲမှာ ဒေါက်တာ သွားကြည့်လိုက်ပေါ့..."

"အို..မောင်လေးဆုံးပြီ..."

ဒေါက်တာ စောသက်ထား၏ အသံသည် ဆို့နင့်တုန်ယင်စွာ ထွက်ပေါ်လာ၏။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ထံ လှမ်းကြည့်လာသည်။

ဒေါက်တာ စောသက်ထား၏ အကြည့်တို့ကို ကျွန်တော် မဝေခွဲတတ်...။

ကျွန်တော့်ကို စေ့စေ့စူးစူးကြည့်သည်။

ထိခိုက်လွန်းဟန်လည်း ပေါ်သည်။ ခံပြင်းလွန်းဟန်လည်း ပေါ်သည်။

သို့သော်...

ဘာရယ်ကိုတိကျစွာ ကျွန်တော် ခွဲခြား၍မသိပါလေ...။





ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ထံ လျှောက်လှမ်းလာ၏။

လှသော ဒေါက်တာ စောသက်ထားကို ကျွန်တော်က သည်အတိုင်းပင် ကြည့်နေမိပါသည်။

ရှိုးကေ့စ်ဗီရိုပေါ် လက်စွပ်ဘူးကလေးကိုတင်ပြီး ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ကို မော့ကြည့်ကာ ကျွန်တော့် ရင်ခွင်ထဲ ညင်သာစွာ တိုးဝင်လာသည်။

ထိုအတွေ့ကိုဖြင့် ကျွန်တော်သည် မြတ်နိုးတွယ်တာ အခုံအမင်ဆုံးပါပင်...။

ကျွန်တော့်လက်အစုံသည် ဘောင်းဘီအိတ်ထဲ ထိုးထည့်ထားရာမှ ဒေါက်တာ စောသက်ထား၏ ကိုယ်လုံးလေးအား တင်းကျပ်စွာ ရစ်သိုင်းထွေးပွေ့လိုက်မိပါတော့၏။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ပါးပြင်ထက် အနမ်းပွင့်လေးများ ညင်သာမိန်းမူးစွာ ခြွေလာသည်။

ဒေါက်တာ စောသက်ထား၏ သွယ်ပျောင်းသောလက်ကလေးနှစ်ဖက်သည်လည်း ကျွန်တော့် နောက်ကျောကြီးအား တင်းကျပ်စွာ သိုင်းဖက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ပါးပြင်နှင့်ပါး ချင်းကပ်သည်။

ကျွန်တော် လိုလားခဲ့မင်သော အနမ်းပွင့်ကို ညင်းပျောင်း သာယာစွာ ခြွေသည်။

ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ စွဲမက် တမ်းတဖွယ်ကောင်းသော အတွေ့တွင် ခံမင်လွန်းအားကြီးစွာ မိန်းမူးနေရာမှ...

ကျွန်တော့်အကြည့်တစ်ချက်သည် ဘေးသို့ရော်ထွက် သွားခိုက်....

ဟင်...

ကျွန်တော်သည် မျက်လုံးထဲ၌ပင် ပြာခနဲဖြစ်ကာ လွန်စွာ တုန်လှုပ်သွားရပါတော့သတည်း...။

အဘယ်ကြောင့်ဆိုသော် ဒေါက်တာ စောသက်ထား၏ လက်ကလေးတစ်ဖက်ကား...

ကျွန်တော့် နောက်တွင်ရှိသည့် ယွန်းသေတ္တာလေးထဲမှ ပစ္စတိုကလေးတစ်လက်အား လှမ်းယူနေလေသည့်မြင် ကွင်း အား...





ကျွန်တော်သည် စောခန့်စံအိမ်၏ မှန်သားပြင်များနှင့်သာ အဝိုင်းပြီးနေသည့် မှန်ရိပ်ထဲမှလှမ်းမြင်တွေ့လိုက်ရသောကြောင့်ပါ တည်း...။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား တိုး၍ ဖက်ထားသည်။

ကျွန်တော်သည် စိတ်ထဲမှ ပြုံးဖြစ်လိုက်၏။

ဒေါက်တာ စောသက်ထားသည် သူမ၏ချစ်လှစွာသော မောင်အတွက် ဘယ်လိုမှခံစားနိုင်မည်မဟုတ်ကြောင်းလည်း သိ၏။

ထိုအချက်အား ကျွန်တော်သည် ကြိုတင်တွက်ဆပြီးသား ပေမို့...

ဂျောက်...

ဂျောက်ခနဲမြည်သံနှင့်အတူ ကျွန်တော်သည် ဒေါက်တာ စောသက်ထားအား လက်ထိပ်ခတ်လိုက်ပါပြီ...။

အိုး...

"စိတ်မကောင်းပါဘူး သက်ထား..."

"ရှင့်ကိုမုန်းတယ်၊ ရှင့်ကို သတ်ပစ်လိုက်ချင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်...''

''ကိုယ်အကြောက်ဆုံးက သက်ထားဆီက မုန်းဆယ်ဆိုတဲ့ စကား ကြားရမှာကိုပါပဲ...''

''ရှင့်ကိုမုန်းတယ်၊ မုန်းတယ်..သိပ်မုန်းတယ်...''

''ဥပဒေကို သက်ထား နားလည်မယ်ဆိုရင် ကိုယ့်ကိုလည်း သက်ထား ခွင့်လွှတ်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ် သက်ထားရယ်...''

''ဘယ်တော့မှ ခွင့်မလွှတ်ဘူး...''

''ကိုယ်ကတော့ ခွင့်လွှတ်မယ့်နေ့ကို မျှော်လင့်ဆဲရှိမယ်''

ပူးကပ်ထားသောမျက်နှာနှစ်ခုမှာ အနည်းငယ်ကွာသွားပြီး ဒေါက်တာ စောသက်ထားသည် ကျွန်တော့်ကို ကြည့်နေလေသည်။

ကျွန်တော်သည်လည်း ဒေါက်တာ စောသက်ထား၏ ခါးလေးအား လက်တစ်ဖက်နှင့်သိုင်းဖက်ထားဆဲမှ ကြည့်နေမိပါ၏။

''ရှင် ကျွန်မကို လွှတ်...''

ဒေါက်တာ စောသက်ထား လက်ထဲမှပစ္စတိုသေနတ်





ကလေးသည် ကြမ်းပြင်ပေါ်သို့ကျသွားသည်။

ကျွန်တော်သည် တံတွေးတစ်ချက်ကို နာကျင်စွာမျိုချမိ၏...။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား လှပရွှန်းစက်သော မျက်ဝန်းရှဲကြီးတွေထဲမှ အမုန်းငွေ့တွေတလူလူထွက်ကာ ကြည့်နေ၏။

ဒေါက်တာ စောသက်ထား၏ အမုန်းလွှမ်းသောအကြည့်များသည် ကျွန်တော်ပင် အရည်ပျော်လုနီးရှိ၏။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား စကားလုံးဝမဆိုပါတော့...။

ကျွန်တော်သည်သာ သူမအား တွေးပိုက်ထားဆဲမှ...

''ဒေါက်တာ့ကို ကျွန်တော် ချစ်တယ်...

ယုံပါ၊ ဘဝမှာ စစဦးဦးနဲ့ မြတ်မြတ်နိုးနိုးချစ်ခဲ့ရတာပါ''

ဒေါက်တာ စောသက်ထား၏မျက်ဝန်းမှ အရိပ်တစ်ခုဖြတ်သွားသည်။

သည့်နောက် ပုလဲမျက်ရည်စက်တို့သည် ဒေါက်တာ စောသက်ထား၏ မျက်ဝန်းအစုံမှ လိမ့်ဆင်းလာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ခွင်ထဲမှ ဒေါက်တာ စောသက်ထားကား သက်မဲ့ရုပ်ကလေးတစ်ရုပ်လိုသာ ရှိတော့သည်မို့ပါ…။

သည့်နောက် ကျွန်တော်သည် ဖုန်းဆက်လိုက်ပါသည်။

နောက်ဆုံး ကျွန်တော်သည် စောခန့်စံအိမ်ကြီးထဲမှ အပြီး တိုင် ထွက်ခွာလာခဲ့ပါတော့သတည်း။

မကြာလိုက်ပါ ဉသြဆွဲသံတွေနှင့်အတူ ရဲကားများ ရောက်လာကြပါ၏။

ဟင်း…

ကျွန်တော်သည် တင်းကျပ်သောသက်မမောအား ချဖြစ် ရ၏။

ဒေါက်တာ စောသက်ထားသည် ကျွန်တော့်အား လုံးဝ မကြည့်ပါ။

ရဲအရာရှိများသည် (…)အား ဖမ်းဆီးသွားကြပါပြီ…။

ကျွန်တော်သည် ရဲကားပေါ်သို့ ဒေါက်တာ စောသက်ထား တက်သွားသည်အထိ ဒေါက်တာ စောသက်ထားထံ လှမ်းကြည့် နေဖြစ်သည်။

ဒေါက်တာ စောသက်ထားကား လုံးဝမကြည့်…။





ရဲကားသည် ဒေါက်တာ စောသက်ထားအား တင်ဆောင် ကာ မောင်းထွက်သွားပါလေပြီ…

ဆရာ ဦးမျိုးကျော်သည် ကျွန်တော့်ပခုံးဆီ တစ်ချက်ဆုပ် ကိုင်ပြီး လှမ်းထွက်သွားသည်။ ။

ØØ ØØ ØØ



www.burmeseclassic.com

www.burmeseclassic.com



## - နှစ်ဆယ့်နှစ် -

ကျွန်တော့်အတွက် တာဝန်ကြီးတစ်ရပ် ပြီးဆုံးသွားပါပြီ။

ကျွန်တော့်ကားလေးသည် ကနက်သီရိမြို့မှ ထွက်ခွာလာခဲ့ပြီဖြစ်သည်။

ကျွန်တော့်ခရီးသည် ကနက်သီရိမြို့မှကျောက်မဲ...

ကျောက်မဲမှပြင်ဦးလွင်...

ပြင်ဦးလွင်မှမန္တလေး...

မန္တလေးမှရန်ကုန်...

ရန်ကုန်သည် ကျွန်တော်၏ နောက်ဆုံးခရီး...

ကျွန်တော်၏နေရာ...





ကျွန်တော်သည် ကနက်သီရိ-ကျောက်မဲသွား အဝေးပြေးလမ်းမကြီးတွင် ကားကိုအရှိန်နှုန်းမှန်စွာ မောင်းနှင်နေဆဲမှ...

ဟင်..ဒေါက်တာ စောသက်ထား...

ကျွီး..ကျွီး...

ကျွန်တော်သည် ကားကိုပါ ဘရိတ်နင်း၍ထိုးရပ်ပြီးသားဖြစ်သွားပါပြီ..။

ပဝါနီနီလေး ခေါင်းတွင်စည်းကာ ပိုးသားပျော့ပျော့ ကျောက်စိမ်းရောင်ဝတ်စုံလေးနှင့် ခရီးဆောင်သေတ္တာလေးတစ်လုံး ချကာ လမ်းဘေးတွင်ရပ်နေသော...

ဒေါက်တာ စောသက်ထားသည် ကျွန်တော်၏ သက်ထားပင်မဟုတ်ပါတကား။ ကျွန်တော်သည် ကားရပ်သည်နှင့် ဒေါက်တာ စောသက်ထားအနီးသို့ အပြေးရောက်သွားပါသည်။

"သက်..သက်ထားပါနော်..."

"လူမှားနေတယ်ထင်တယ်..."

ဒေါက်တာ စောသက်ထားသည် အပြုံးလှလှလေးတွေနှင့် ဆိုလာသည်တွင် ကျွန်တော်သည် အသည်းတယားယား ရှိသွားရရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အိုဗျာ..လူမှားလည်းရတယ်၊ လောကမှာ မောင့်သက်ထားဆိုတာ နှစ်ယောက်မရှိနိုင်ဘူး..."

"အို..မောင်..."

ကျွန်တော် ခပ်ကြမ်းကြမ်းလေး ဖက်ပစ်လိုက်ပြီးဆိုတော့ သက်ထားနှုတ်မှ ရုက်လန့်တကြားလေးထွက်ပေါ်သွားလိုက်ရခြင်းပါ...။

"ကဲ..အဲဒါ လူမှားသေးလား ပြော..."

"အဟင်း..ဟင်း..ဟင်း..."

တစ်ခါမှ မမြင်တွေ့ဖူးသော သက်ထားအပြုံးအား ကျွန်တော် မြင်တွေ့ရပါပြီ...။

"သက်ထား မောင့်ကို နားလည်နိုင်ပြီလားဟင်..."

"မောင်ကော သက်ထားကို ခွင့်လွှတ်နိုင်ရဲ့လားဟင်.."

"သက်ထားကို မောင် နားလည်ပြီးသားပါကွယ်၊ မောင် ဆုတောင်းနေတာ...."

"ပြောပါဦး မောင်..."

"သက်ထား မောင့်ကိုနားလည်နိုင်ပါစေလို့..."

"ဟင်း..သက်ထား မောင့်ကိုနားလည်ပါပြီ မောင်ရယ်၊





သက်ထားကိုသာ မောင် ခွင့်လွှတ်ပါနော်..."

"ပြောနေဖို့လိုသေးလား သက်ထားရယ်..."

"ဟိုး..နေပါဦး ဆရာကြီးရဲ့..."

ကျွန်တော်ဆိုရင်း သက်ထားကို [redacted]ပြုတော့ သက်ထားသည် ကျွန်တော့်နဖူးဆီလက်ညှိုးလေးနှင့်တွန်းထားရင်း ဆိုသဖြင့်...

"ဘာဖြစ်လို့လဲ မောင့်သက်လယ်..."

"ကိစ္စတွေက ပြီးသေးတာမဟုတ်ဘူးနော်၊ အာမခံနဲ့ မောင့်ဆရာက သက်ထားကို ဒီနေရာမှာ လာပို့သွားတာ..."

"ဟင်..ဆရာက ဒီမှာလာပို့သွားတာ၊ ဟုတ်လား..."

"ဟုတ်တယ်၊ မောင် မယုံလို့လား..."

"ယုံပါတယ်ဗျာ၊ မောင့်ခံစားချက်တွေကို သူတို့ ရိပ်မိနေကြမှာပေါ့လေ၊ ကဲ..ဒီတော့..."

"ဘာဒီတော့လဲ..."

"သြော်..သွားကြမယ်လို့ပြောမလို့ပါ...."

ဒေါက်တာ ဇောသက်ထားသည် လှပသောအပြုံးငြိမ်သောအပြုံးလေးနှင့်ကျွန်တော့်ကို ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဒေါက်တာ စောသက်ထား၏ လှပသော ချစ်ပြုံးဝေဝေတွင် မိန်းမူးသွားရ၍၊ နောက်ဆုံး ဒေါက်တာ စောသက်ထား၏ ကိုယ်လေးအား ခွေ့ကနဲ ကျွန်တော် ပွေ့ချီလိုက်ပါတော့၏။

"အို..မောင်၊ လမ်းမကြီးပေါ်မှာ ဟိုမှာ ကားတွေက ဥဒဟိုသွားနေကြတာ၊ လူတွေကြည့်ကုန်ပြီ..."

ချစ်သက်ထားက ဘာပြောပြော၊ ကျွန်တော်သည်ကား သူမ မျက်နှာလှလှလေးနှင့် ကျွန်တော့်မျက်နှာအား တသားတည်း ကျမတတ် ပူးကပ်ထားလိုက်ပါတော့၏။

သည့်နောက်မတော့ ကျွန်တော်သည် ကျွန်တော်၏ သက်လျာကြင်ဘက်အား အနားတွင်ထားကာ နေရာမှကားလေးအား မောင်းထွက်ခဲ့လိုက်ပါတော့သတည်း...။ ။

ပြီးပါပြီ...

သိင်္ဂါရ,ရသအပေါင်းနှင့်ပြည့်ဝနိုင်ကြပါစေသတည်း...။

စောပြည့်မာလာ



www.burmeseclassic.com